ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဂျာနယ်

Environmental Conservation and Forestry Journal

Seven Billion Dreams.
One Planet.
Consume with Care.
June 5

၂၀၁၅ ခုနှစ်၊ ဇွန်လ

၂၀၁၅ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

"" လူသားသန်း၇၀၀၀ရဲ့ မျှော်မှန်းချက်တွေ ပြည့်ဝဖို့ တို့ကမ္ဘာကြီးကိုထိန်းသိမ်းစောင့်ရှောက်စို့ "" ဟူသည့် ဆောင်ပုဒ်ဖြင့်ကျင်းပသော ၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနား (World Environment Day, 2015)ကို (၅-၆-၂၀၁၅)ရက် နံနက်(၉)နာရီတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-2)၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန် တက်ရောက် မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ - ၄ သို့

သစ်တောတွေစိမ်း၊ ရေမြေထိန်း၊ ဖွံ့ဖြိုးကမ္ဘာ၊ လွန်ရှည်ကြာ။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့

၂၀၁၅ခုနှစ် ဇွန်လ(၅)ရက်နေ့၌ ကျရောက်သော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ကျင်းပခဲ့ပါသည်။ ၁၉၇၂ခုနှစ်၊ ဇွန်လ(၅)ရက်နေ့၌ ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် ကုလသမဂ္ဂကြီးမှူးပြီး ပထမဆုံးအကြိမ် လူသားပတ်ဝန်းကျင်ညီလာခံကြီးကို ကျင်းပခဲ့ရာ နှစ်စဉ် ဇွန်လ(၅)ရက်နေ့အား ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။ ၎င်းအပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကမ္ဘာ့နိုင်ငံများအဖွဲ့အစည်းများအားလုံးနှင့် ပေါင်းစပ်ညှိနှိုင်းပေးရန် နည်းပညာအကူအညီများ ပေးဖို့ရည်ရွယ်ပြီး ကုလသမဂ္ဂပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ် (United Nations Environment Programme-UNEP)ကိုလည်း ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

ယခုနှစ်တွင် ကမ္ဘာ့အဆင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို အိမ်ရှင်နိုင်ငံအဖြစ် အီတလီနိုင်ငံ မီလန်မြို့တွင် ကျင်းပသွားမည်ဖြစ်ပါသည်။ UNEP မှ ၁၉၇၄ခုနှစ်မှစ၍ နှစ်စဉ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဆောင်ပုဒ်များသတ်မှတ်ပေးပြီး ၁၉၈၇ ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာ အခမ်းအနားများကို ကမ္ဘာ့နိုင်ငံအသီးသီးရှိ မြို့ကြီးများတွင် နှစ်စဉ် ကျင်းပလျက်ရှိပါသည်။ ၂၀၁၅-ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ " Seven Billion Dreams, One Planet, Consume with Care"(လူသားသန်း ၇၀၀၀ရဲ့ မျှော်မှန်းချက်တွေ ပြည့်ဝဖို့ တို့ကမ္ဘာကြီးကို ထိန်းသိမ်းစောင့်ရှောက်စို့)ဖြစ်ပါသည်။

လူဦးရေတိုးပွားလာခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကြောင့် ကမ္ဘာ့မြေဂေဟစနစ်များသည် ပြောင်းလဲ ပျက်စီး ယိုယွင်းလာပြီး သိသာထင်ရှားသော အန္တရာယ်ရှိသောအဆင့်သို့ နီးကပ်လာလျက်ရှိပါသည်။ လက်ရှိကမ္ဘာ့လူဦးရေမှာ သန်း ၇၀၀၀ရှိပြီး ၂၀၅၀ပြည့်နှစ်တွင် သန်းပေါင်း ၉၆၀၀အထိ ရောက်ရှိလာလိမ့်မည်ဟု မျှော်မှန်းထားပါသည်။ ကမ္ဘာပေါ်တွင် လက်ရှိသုံးစွဲမှုနှင့် ထုတ်လုပ်မှုပုံစံအတိုင်းသာ သွားနေလျှင် ၂၀၅၀ပြည့်နှစ်၌ ကမ္ဘာဂြိုဟ်သုံးခုအထိ လိုအပ်လာမည် ဖြစ်သောကြောင့် လက်တွေ့မှာမဖြစ်နိုင်ချေ။ ထို့ကြောင့် လက်ရှိ ကမ္ဘာဂြိုဟ်အတွင်းမှာ လူသားများရှင်သန်နေထိုင်နိုင်ရန်နှင့် လူသားသန်း၇၀၀၀မျှော်မှန်းထားသည့် ကျန်းမာရေးနှင့် ညီညွတ်ပြီး ချမ်းသာသုခပြည့်စုံသည့် လူနေမှုဘဝကို ရရှိခံစားကြစေရန်အတွက် သဘာဝသယံဇာတများကို အပြောက်အများအသုံးပြုလာကြသည်နှင့်အမျှ ပတ်ဝန်းကျင်ထိခိုက်စေမှုများသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ ဘေးထွက်ဆိုးကျိုးများဖြစ်လာပါသည်။ ၎င်းဆိုးကျိုးများကို မဖြစ်မနေကာကွယ် ရမည်ဆိုသည့် အသိစိတ်ဓာတ်များ နိုးကြားလာစေရန် လူသားများအနေဖြင့် မိမိတို့၏ နေထိုင်စားသောက်မှုပုံစံများ၊ အပြုအမူများကို မဖြစ်မနေ ထိန်းသိမ်းသွားကြရမည်ဖြစ်ပါသည်။

ပတ်ဝန်းကျင်ကို မဖြစ်မနေ ထိန်းသိမ်းရမည်ဆိုသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများအား ပြည်သူလူထုများအကြား စိမ့်ဝင်ပျံ့နှံ့လာစေရန်နှင့် အစိမ်းရောင်စီးပွားရေး (Green Economy)ဖြစ်သည့် ပတ်ဝန်းကျင်ထိခိုက်မှုကို ထူးခြားစွာ လျော့နည်းစေပြီး ကာဗွန်ထုတ်လုပ်မှုလျော့၍ သယံဇာတအရင်းအမြစ်များ လေလွင့် ဆုံးရှုံးမှုနည်းပြီး လူမှုရေးအရ ပွင့်လင်းမှုရှိသည့် စီးပွားရေးလုပ်ငန်းကို အားပေးမြှင့်တင်ရန် လိုအပ်မည်ဖြစ်ပါသည်။

ထို့အပြင် ကမ္ဘာကြီးရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးစေရန် ရေနှင့်စွမ်းအင်ကို ဂရုပြု ထိန်းသိမ်းပြီး အစားအစာများကို ချွေတာသုံးစွဲကြရန်၊ ရေအရင်းအမြစ်များ မပျက်စီးစေရေး ထိန်းသိမ်းကြရန်၊ စွမ်းအင်ကဏ္ဍတွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များကို သုံးစွဲကြရန်နှင့် စွမ်းအင်ချွေတာသည့် နည်းလမ်းများကို သုံးစွဲကြရန်၊ အစားအစာများကို အလေအလွင့်မရှိအောင် ချွေတာစားသုံးကြရန်၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်ပါသည်။ စက်ရုံအလုပ်ရုံများ အပါအဝင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် ဘေးထွက်ဆိုးကျိုးများ ဖြစ်သည့် လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ အသံဆူညံမှုစသည်ဖြင့် ညစ်ညမ်းမှုများမှ ကာကွယ်ထိန်းသိမ်းရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ နည်းဥပဒေများ အတိအလင်းပြဋ္ဌာန်း ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လက်ရှိပြည်သူများ၏ လိုအပ်ချက်များနှင့် အနာဂတ်ပြည်သူများ၏ လိုအပ်ချက်များကို ဆက်လက်ဖြည့်စွမ်းပေးနိုင်ရန်အတွက် လူမှုဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုစသည့် မဏ္ဍိုင်(၃)ရပ်ကို အခြေပြုပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် ပတ်ဝန်းကျင်ရရှိစေရန် ပြည်သူလူထုများနှင့်အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

ဒို့တာဝန်အရေး (၃) ပါး

- ☐ ပြည်ထောင်စုမပြိုကွဲရေး
- ☐ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး
- ☐ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး

သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ် တည်မြဲရေးနှင့် ဂေဟစနစ်များ မျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ခုနှစ် မြန်မာ့သစ်တော မူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက် ပန်းတိုင်များအား ပြည့်မီစွာ ဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသော အချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်—

(၁) ကာကွယ်ခြင်း

ရေ မြေ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) ထာဝစဉ်တည်တံ့စေခြင်း

သစ်တောများမှ ရရှိနိုင်သည့် တိုက်ရိုက်နှင့် သွယ်ဝိုက်သောအကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန်၊ သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ပြည့်ဆည်းပေးခြင်း

ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ် အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှု အစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များဖြည့်ဆည်းပေးရမည်။

(၄) စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း

သစ်တောသယံဇာတများမှ ရရှိနိုင်သည့်စီးပွားရေး အကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချရန် စီမံရမည်။

(၅) ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း

သစ်တောများပြုစု ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင် ဆောင်ရွက်သွားရမည်။

(၆) ပြည်သူအတွင်း နိုးကြားတက်ကြွသည့် အသိရှင်သန်နေစေခြင်း

နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရှင်သန်စေရန် လှုံ့ဆော်သွားရမည်။

မာတိကာ

ဖျက်နှာဖုံး

➤ ၂၀၁၅ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကျင်းပ ၁-၄

ခေါင်းကြီး

➤ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ၂

သတင်းများကဏ္ဍ

➤ သစ်တောသတင်း၊ သစ်ဖမ်းဆီးခြင်းသတင်း ၄-၁၆

ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆောင်းပါး

➤ လူသားသန်း၇၀၀၀ရဲ့မျှော်မှန်းချက်တွေပြည့်ဝဖို့ တို့ကမ္ဘာကြီးကို ထိန်းသိမ်းစောင့်ရှောက်စို့ ၁၇-၂၀

➤ ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ညီလာခံ Executive Secretary မှ ကမ္ဘာ့သဘာဝဓာတ်ဘေးဇုန်ကာကွယ်ရေးနေ့ အခမ်းအနားအတွက် ပေးပို့လာသောသတင်းစကား ၃၀-၃၂

သစ်တောပြုစုထိန်းသိမ်းခြင်းဆောင်းပါး

➤ အပြန်အလှန်အကျိုးပြုမည့် REDD+လုပ်ငန်းများနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ(CF) ၂၀-၂၄

➤ ရှဉ့်လည်းလျှောက်သာစေ ၃၃-၃၄

ဝန်းကျင်သဘာဝ ကဏ္ဍ

➤ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ၂၀၁၅ခုနှစ် ဆောင်းခိုငှက်စာရင်းကောက်လုပ်ငန်း ၂၈-၃၀

ဓာတ်ပုံသတင်းကဏ္ဍ

➤ သတင်းမှတ်တမ်းဓာတ်ပုံများ ၂၅-၂၇

ကာတွန်း / ကဗျာကဏ္ဍ

➤ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာတွန်း/ကဗျာများ ၃၀၊၃၇၊၄၃

သိမှတ်ဖွယ်ရာများ ဆောင်းပါး

➤ ဂုံတို့ဌာနေ ကျိုင်းတုံမြေရှိ ဒေသခံအစုအဖွဲ့ပိုင်တောများအား ကွင်းဆင်းလေ့လာခြင်းခရီးစဉ်မှတ်တမ်း ၃၅-၃၇

➤ မြေပုံဖတ်ခြင်းအတတ်ပညာ ၃၈-၄၀

➤ တစ်ချိန်တုန်းက အင်ဗင်ထရီအမှတ်တရများ(၂) ၄၀-၄၃

အင်္ဂလိပ် ကဏ္ဍ

➤ REDD-Plus INFORMATION - 22 ၄၄-၄၇

အင်တာနက်ကဏ္ဍ

➤ အင်တာနက်မှသဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းများ ၄၈-၅၀

မြန်မာ့သစ်လုပ်ငန်း ကဏ္ဍ

➤ MTE တင်ဒါဈေးနှုန်း ၅၀

နောက်ကျောဖုံး

➤ အင်းလေးကန်ဒေသအား မြန်မာနိုင်ငံ၏ ပထမဆုံးလူသားနှင့်ဇီဝအဝန်းနယ်မြေ အဖြစ် အတည်ပြုသတ်မှတ်ခြင်း ၅၂

စာတည်းအဖွဲ့

စာတည်းချုပ်နှင့် ထုတ်ဝေသူ
ဦးကျော်လွင်
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာနခွဲ
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် - (မြ- ၀၀၄၀၀)

စာတည်း
ဦးခင်မောင်မြင့်၊ ဒုတိယညွှန်ကြားရေးမှူး

စာတည်းအဖွဲ့ဝင်များ

ဦးမျိုးနိုင်	လက်ထောက်ညွှန်ကြားရေးမှူး
ဦးအောင်ထွန်း(၂)	ဦးစီးအရာရှိ
ညီညီဖြိုး	တောအုပ်ကြီး
မျိုးမင်းသိန်း	တောအုပ်ကြီး
မမေဇင်မြင့်	တောအုပ်ကြီး

ပုံနှိပ်သူ
ဦးမြင့်ထွန်း(မြ -၀၀၆၆၀)
မဉ္ဇူပုံနှိပ်တိုက်
အမှတ်(၂၄၄/ဘီ)၊ လမ်း(၄၀)၊ (၉)ရပ်ကွက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်ရန် -
၀၆၇-၄၀၅၁၁၃ ၊ (Fax) ၀၆၇-၄၀၅၃၃၄
fdextension39@ gmail.com

မျက်နှာဖုံးမှအဆက်

သတင်းများကဏ္ဍ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ၂၀၁၂ခုနှစ်၊ မတ်လ(၃၀)ရက်နေ့၌ ပြဋ္ဌာန်းခဲ့သည်။

ရည်ရွယ်ချက်များ

ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ခ) စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ စနစ်တကျ ပေါင်းစပ် ဆောင်ရွက်ရန်အလို့ငှာ အခြေခံမူများ ချမှတ်နိုင်ရန်နှင့် လမ်းညွှန်မှုများပြုနိုင်ရန်၊

(ဂ) ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ အကျိုးအတွက် ကောင်းမွန်ပြီး သန့်ရှင်းသည့်ပတ်ဝန်းကျင် ဖြစ်ပေါ်လာစေရန်နှင့် သဘာဝနှင့်ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊

(ဃ) ဆုတ်ယုတ်ပျောက်ကွယ်စပြုနေသော ဂေဟစနစ်များကို ဖြစ်နိုင်သမျှ ပြန်လည်ဖော်ထုတ်ရန်၊

(င) သဘာဝသယံဇာတအရင်းမြစ်များ လျော့နည်းဆုံးရှုံးမှုကို တားဆီးရေးနှင့် စဉ်ဆက်မပြတ် အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်ရန်၊

(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင် ပြန့်ပွားရေးအတွက် ပညာပေးရေးနှင့် ပညာသင်ကြားရေးအစီအစဉ်များကို အများပြည်သူတို့ သိရှိပြီး ပူးပေါင်းပါဝင်မှု ပိုမိုတိုးတက်လာစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ဆ) ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်း ပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန်၊

(ဇ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂလိကတို့ ပူးပေါင်း ဆောင်ရွက်နိုင်ရန်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP)ဌာနေကိုယ်စားလှယ် မစ္စရီနာကာလော့ခ် ဒပ်စ္စလီယန်နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြပါသည်။

အခမ်းအနားတွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)ဌာနေကိုယ်စားလှယ် မစ္စရီနာကာလော့ခ် ဒပ်စ္စလီယန်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၏ သဝဏ်လွှာနှင့် ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်(UNDP)အမှုဆောင် ညွှန်ကြားရေးမှူး မစ္စတာ အာချင်မ်စတိန်နာ၏ သဝဏ်လွှာတို့ကို ဖတ်ကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ၂၀၁၅ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ မစ္စရီနာကာလော့ခ် ဒပ်စ္စလီယန်က ၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်းစာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပါသည်။

ယင်းနောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဗီဒီယိုကိုပြသပြီး နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပါသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များသည် ၂၀၁၅ခုနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသ ထားသည့် ပြခန်းအား လှည့်လည်ကြည့်ရှု အားပေးခဲ့ကြပါသည်။

အာဆီယံလူမှုသစ်တောကွန်ရက်အဖွဲ့(ASFN)၏ (၆)ကြိမ်မြောက် ညီလာခံကျင်းပ

ASEAN Social Forestry Network (ASFN)၏ (၆)ကြိမ်မြောက်ညီလာခံကို(၂-၆-၂၀၁၅) ရက်နေ့ နံနက် (၉) နာရီတွင် ရှမ်းပြည်နယ်၊ အင်းလေး ခေါင်တိုင် ဟူပင်ဟိုတယ်၌ ကျင်းပခဲ့ရာပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တက်ရောက်၍ အဖွင့် အမှာစကား ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်၊ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးစဝ်အောင်မြတ် နှင့် ပြည်နယ်ဝန်ကြီးများ၊ အာဆီယံလူမှုသစ်တောကွန်ရက် အဖွဲ့ (ASFN)၊ အာဆီယံ-ဆွစ် ရာသီဥတုပြောင်းလဲမှု ဆိုင် ရာ ပူးပေါင်း ဆောင်ရွက်မှုအဖွဲ့(ASFCC)နှင့် အာဆီယံ အတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ဆက် စပ်ဌာနများမှ အရာရှိကြီးများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ရာသီ ဥတုပြောင်းလဲမှုသည် အာဆီယံနိုင်ငံများတွင် ဆိုးကျိုး များဖြစ်ပေါ်စေလျက်ရှိကြောင်း၊ အထူးသဖြင့်ကမ်းရိုးတန်း နှင့် တောင်ပေါ်ဒေသများတွင် ဖြစ်ပေါ်နေပြီးမီးခိုးမြူများ၊ တောမီးများ၊ ပူပြင်းခြောက်သွေ့ခြင်းများနှင့်တိုင်းဖုန်း မုန်တိုင်းများသည် ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်သော ဆိုးကျိုးအထောက်အထားများဖြစ်ကြောင်း၊ ရာသီဥတု ပြောင်းလဲမှု၏ အန္တရာယ်နှင့်ဆိုးကျိုးများကို အနည်းဆုံး ဖြစ်အောင် လျှော့ချကာမြေ၊ သစ်တော၊ ရေနှင့်အဏ္ဏဝါ သယံဇာတများအား ရေရှည်တည်တံ့ပြီး ထိရောက်အကျိုး ရှိအောင်အသုံးချ၍ စားနပ်ရိက္ခာဖူလုံရေး ရည်မှန်းချက်ကို အထောက်အကူပြုရန်ဖြစ်ကြောင်း၊ ASFN သည် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ အထောက်အပံ့၊ ASEAN – Swiss လူမှုသစ်တောနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုအဖွဲ့(ASFCC) ၏အထောက်အပံ့တို့ အားဖြင့် ၎င်း၏ ရည်မှန်းချက်အောင်မြင်ရေးအတွက် လုပ်ဆောင် ချက်အမျိုးမျိုးကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊

မြန်မာနိုင်ငံအနေဖြင့် ASFN နှင့် ဆက်သွယ်ပူး ပေါင်းပြီး RECOFTC ၏နည်းပညာအထောက်အပံ့ ရယူ ကာ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများကျင်းပခြင်း၊ လက်တွေ့သုတေသနများ ဆောင်ရွက်ခြင်း စသည်တို့ကို လုပ် ဆောင်လျက်ရှိကြောင်း၊

ယခုညီလာခံမှ ဆွေးနွေးအကြံပြုချက်များမှ တစ်ဆင့် သစ်တောသယံဇာတအပေါ် မှီခိုအသက်ရှင်ရသော ဒေသခံ များအတွက် အကျိုးဖြစ်စေမည့် ထာဝစဉ်တည်တံ့သော သစ်တော စီမံအုပ်ချုပ်မှုရရှိရန် ဆန္ဒပြုပါကြောင်း ပြောကြားပါသည်။

(၆)ကြိမ်မြောက် အာဆီယံလူမှုသစ်တောကွန်ရက် သစ်တောညီလာခံကိုဇွန်(၁)ရက်မှ(၃)ရက်အထိ ကျင်းပသွား ခဲ့ပြီး (၉)ကြိမ်မြောက်နှစ်စဉ်အစည်းအဝေးကို ဇွန်(၄) ရက်မှ (၅)ရက်အထိ ဆက်လက်၍ ကျင်းပသွားခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး သည် Global CC advisor Dr. JurgenBlaser, RECOFTC-ASFCC Director Dr.Tint LwinThaung, Head of ASFN Secretariat Ms. SagitaArhidaniနှင့် Senior Advisor ASFCC Dr. Doris Capistrano တို့နှင့်တွေ့ဆုံပြီးအာဆီယံလူမှုသစ်တောကွန်ရက်နှင့် ပတ် သက်ပြီးညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

သစ်တောတက္ကသိုလ် (ရေဆင်း)တွင် ပြုလုပ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကျင်းပခြင်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိပညာ ပေးဟောပြောပွဲကို သစ်တောတက္ကသိုလ် ရေဆင်းတွင်(၁၁-၆-၂၀၁၅)ရက်နေ့ နံနက်(၉)နာရီ၌ ကျင်းပခဲ့ရာပတ်ဝန်း ကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းတက်ရောက်၍ ဆွေးနွေးဟောပြောခဲ့ပါသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ သစ်တောတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ တက်ရောက်ခဲ့ကြပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ အမှာစကားပြောကြားရာတွင် အသိပညာရှင်၊ အတတ်ပညာရှင်၊ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများအနေဖြင့် အရည်အသွေးရှိသည့် ပညာရေးကိုဖော်ဆောင်ရာမှာပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာအသိအမြင်များတိုးပွားလာပြီး လူတစ်ဦးချင်းစီ၏ ကောင်းမွန်သည့်အမူအကျင့်များ၊ လေ့ကျင့်သုံးစွဲသွားနိုင်ရန် ရည်ရွယ်၍ ယနေ့ပွဲကိုကျင်းပရခြင်းဖြစ်ကြောင်း၊ ၁၇၀၀ပြည့်နှစ်အလယ်ပိုင်းစက်မှုတော်လှန်ရေးကာလမှစတင်၍ လူသားတို့၏ ပညာရေး၊ ကျန်းမာရေး၊ စွမ်းအင်အသုံးပြုမှုနှင့် သန့်ရှင်းမှုဆိုင်ရာကိစ္စများတွင် တိုးတက်မှုများဖြစ်ပေါ်လာသကဲ့သို့ ရေ၊ လေ၊ အပင်စသည့် သဘာဝစွမ်းအင်အရင်း အမြစ်များ ကိုလည်းပိုမိုသုံးစွဲလာရပါကြောင်း၊ ထိုသို့လူနေမှုအဆင့်အတန်းနှင့် ခေတ်မီဆေးဝါးများ တိုးတက်ကောင်းမွန်လာသောကြောင့် လူဦးရေတိုးပွားနှုန်းသည်လည်း လျင်မြန်စွာဖြစ်ပေါ်လာခဲ့ပြီးအစားအစာ ၊ စွမ်းအင်နှင့်အိမ်ရာအတွက်မြေလိုအပ်ချက်နှင့် စွန့်ပစ်ပစ္စည်းထုတ်လွှတ်မှုသည်လည်းသိသိသာသာများပြားလာခဲ့ပါကြောင်း၊

အကန့်အသတ်နှင့်ရရှိနိုင်သော သဘာဝသယံဇာတများ လိုအပ်ချက်သည်လည်း သဘာဝအလျောက် ပြန်လည်ပြည့်ဖြိုးနိုင်မှုပမာဏထက်ကျော်လွန်လာခဲ့ပါကြောင်း၊ ထိုသို့အခြေအနေတစ်စတစ်စယိုယွင်းလာမှုနှင့်အတူ ၁၉၅၀ နှစ်များမှစ၍ ပတ်ဝန်းကျင်ညစ်ညမ်းမှုများကိုလည်း သိသိသာသာ ကြုံတွေ့ခံစားလာရပါကြောင်း ၊ လန်ဒန်၊ နယူးယောက်မြို့ကြီးများ၏ တစ်မြို့လုံးအမှောင်ဖုံးခဲ့သည့် လေထုညစ်ညမ်းမှုဖြစ်စဉ်၊ ဂျပန်နိုင်ငံ၏ Minamata Disease ဖြစ်စဉ်၊ ပြင်သစ်နိုင်ငံ၏ ရေနံယိုဖိတ်မှုဖြစ်စဉ် ၊ဆိုဗီယက် ပြည်ထောင်စု၏ ချာနိုဘိုင်းနျူကလီးယားဓာတ်ငွေ့ယိုစိမ့်မှု ဖြစ်စဉ်၊ အိန္ဒိယနိုင်ငံ၊ ဘိုပါးဓာတုဗေဒစက်ရုံ အဆိပ်ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်စဉ် အမေရိကန်ပြည်ထောင်စု Exxon Valdez ရေနံတင်သင်္ဘောယိုဖိတ်မှုဖြစ်စဉ် စသည့်ဖြစ်စဉ်များကိုကြည့်ခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကိစ္စရပ်များကို အထူးအလေးထားဆောင်ရွက်ရန် လိုအပ်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ၁၉၇၂ ခုနှစ်တွင် ကုလသမဂ္ဂမှ ကြီးမှူးကျင်းပသည့် လူသားပတ်ဝန်းကျင်ညီလာခံမှ အစပြု၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လာခဲ့ကြပြီး ယခုအချိန်တွင် ကမ္ဘာ့နိုင်ငံများမှလည်း ကျယ်ကျယ်ပြန့်ပြန့်ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လာခဲ့သည်ကိုတွေ့ရမှာဖြစ်ပါကြောင်း ဆွေးနွေးဟောပြောခဲ့ပါသည်။

အခမ်းအနားသို့ သစ်တောတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့မှ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူ အင်အားစုစုပေါင်း(၆၆၄)ဦးတက်ရောက်ခဲ့ကြပြီးနံနက်(၁၁) နာရီတွင် ဟောပြောပွဲအခမ်းအနားရုပ်သိမ်းလိုက်ကြောင်းသိရှိရပါသည်။

အမျိုးသားအဆင့် မြေအသုံးချမှုမူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း

အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေး ဗဟိုကော်မတီမှ အမျိုးသားအဆင့် မြေအသုံးချမှု မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို (၂၉-၆-၂၀၁၅) ရက်နေ့၊ မွန်းလွဲ (၁)နာရီတွင် MICC II နေပြည်တော်တွင် ကျင်းပခဲ့ရာ အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီအဖွဲ့ဝင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းမှ အမှာစကားပြောကြားရာတွင် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ ကဏ္ဍအသီးသီးတွင် ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာများကို အောက်ခြေမှ စတင်သည့်စနစ် (Bottom-up approach)နှင့် ချမှတ်ရေးဆွဲအကောင် အထည်ဖော်လျက်ရှိနေပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မြေအသုံးချမှုမူဝါဒ မြေယာဥပဒေနှင့် မြေအသုံးချမှုဆိုင်ရာ အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများ ရေးဆွဲရေးလုပ်ငန်းစဉ်များလည်း ပါဝင်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်၏ မြေသယံဇာတများကို စနစ်တကျစီမံခန့်ခွဲ အသုံးချနိုင်ရေးရည်ရွယ်၍ မြေအရင်းအမြစ်များ စီမံခန့်ခွဲရေးနှင့်ဆက်စပ်သော ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များပါဝင်သည့် မြေအရင်းအမြစ်စီမံခန့်ခွဲရေးဗဟိုကော်မတီ ကို ၂၀၁၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊

နိုင်ငံ့လူဦးရေသည် စဉ်ဆက်မပြတ် တိုးပွားနေသည့်အတွက် အကန့်အသတ်ရှိသည့် မြေသယံဇာတများကို စနစ်တကျစီမံခန့်ခွဲနိုင်မှသာ ပြည်သူများ၏ စားဝတ်နေရေး အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ စနစ်တကျစီမံခန့်ခွဲထားသည့် မြေအသုံးချမှုမူဝါဒ Land Use Policy ကို ချမှတ်နိုင်ခြင်း မရှိခြင်းကြောင့် မြေအသုံးချမှု၊ မြေပိုင်ဆိုင်မှု၊ ငှားရမ်းမှုနှင့်ကျူးကျော်မှုဆိုင်ရာပြဿနာများ ပေါ်ပေါက်နေပါကြောင်း၊

အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီသည် မြေအသုံးချမှုမူဝါဒရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ နိုင်ငံတကာနှင့် အမျိုးသား ကျွမ်းကျင်ပညာရှင်များ၊ ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ပြုလုပ်၍ စနစ်တကျမှန်ကန်သည့် ရေရှည်တည်တံ့နိုင်ရေးမူဝါဒကို ပြဋ္ဌာန်းနိုင်ရေး အတွက် ဆောင်ရွက်ခဲ့ပါကြောင်း၊ မြေအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒများကို အမျိုးသားလုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုး တက်ရေးအမြင်၊ ဒေသခံပြည်သူများစားဝတ်နေရေး လိုအပ်ချက် ဖြည့်ဆည်းပေးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအမြင်၊ မြေအငြင်းပွားမှုရှင်းလင်း ဆောင်ရွက်ရေးအမြင်၊ မြေတန်ဖိုး၊ မြေခွန်သတ်မှတ်မှုနှင့် မြေပိုင်ဆိုင်မှုများ ခိုင်မာစနစ်တကျ ဖြစ်စေရေးအမြင်စသည့် ဘက်စုံမျှော်မြင်တွေးခေါ်သည့် အမြင်များနှင့် ရေးဆွဲဆောင်ရွက်ခဲ့ကြပါကြောင်း၊

အမျိုးသားမြေအသုံးချမှုမူဝါဒ(မူကြမ်း)ရေးဆွဲရာတွင် လုပ်ငန်းစဉ်အသေးစိတ်ချမှတ်ခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်း၊ ရေးသားပြုစုခြင်းလုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် အမျိုးသားမြေအသုံး ချမှုမူဝါဒ ပဉ္စမ(မူကြမ်း)ကို ရေးဆွဲပြီးစီးခဲ့ပြီး ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် ပြည်သူများထံချပြခဲ့ရာ ပြည်သူ့သဘောဆန္ဒနှင့် အကြံပြုချက်များလည်း ရယူခဲ့ပါကြောင်း၊ ရရှိလာသော အကြံပြုချက်များကို မူဝါဒ(မူကြမ်း)တွင် ထည့်သွင်းပြင်ဆင်ရေးဆွဲရေး ကျွမ်းကျင်သူစားပွဲဝိုင်း ဆွေးနွေးပွဲများကိုလည်း ကျင်းပခဲ့ပြီး အကြံပြုဆွေးနွေးချက်များနှင့် အညီ မူဝါဒ(ဆဋ္ဌမမူကြမ်း)ကို ၂၀၁၅ ခုနှစ်၊ မေလတွင် အပြီးသတ်ရေးဆွဲနိုင်ခဲ့ပါကြောင်း၊ ကော်မတီဝင်အနေဖြင့် ပြည်သူတို့၏ အကြံပြုချက်များခြုံငုံပါဝင်လာစေရန်အတွက်လည်း အလေးထားဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရမှာဖြစ်ကြောင်း၊ ယခု ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များအနေနှင့်လည်း ယခုရေးဆွဲထားသော အမျိုးသားမြေအသုံးချမှု မူဝါဒ (ဆဋ္ဌမမူကြမ်း)အပေါ် အလေးအနက်ထား ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော် MICC II တွင်(၂၉-၆-၂၀၁၅) ရက်နေ့မှ (၃၀-၆-၂၀၁၅) ရက်နေ့အထိ (၂)ရက်ကြာ ကျင်းပသွားခဲ့ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ဒေသခံပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်နိုင်ရေး ကွင်းဆင်းစစ်ဆေး၍ ထူးချွန်စံပြကျေးရွာများအားဆုချီးမြှင့်ပေးအပ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည်(၁-၆-၂၀၁၅)ရက်နေ့တွင်စစ်ကိုင်းတိုင်းဒေသကြီး၊မုံရွာမြို့နယ်၊ သာယာစုကျေးရွာ၌လည်းကောင်း၊ (၃-၆- ၂၀၁၅)ရက်နေ့တွင်မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ထန်းငယ်တော ကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး၊ကျောက်ပန်းတောင်းမြို့နယ်၊တောင်ဦးကျေးရွာ၌လည်းကောင်း ထူးချွန်စံပြကျေးရွာဆုများနှင့် စွမ်းအားမြှင့်မီးဖိုများပေးအပ်ကာ အပူပိုင်း မိုးနည်းရပ်ဝန်းဒေသနေပြည်သူများတင်ပြသည့် လိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ပါသည်။

ဆက်လက်၍ဒုတိယဝန်ကြီးသည် (၃-၆-၂၀၁၅) ရက်နေ့တွင် ညောင်ဦးမြို့နယ်၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(KOICA) စီမံကိန်းနေရာသို့ သွားရောက်၍ စီမံကိန်းလုပ်ငန်းခွင်၌ စီမံကိန်းမန်နေဂျာ Mr. Yoom Hamchul နှင့် ကိုရီးယား ကျွမ်းကျင်သူပညာရှင်အဖွဲ့အား တွေ့ဆုံကာ စိုက်ခင်းတည်ထောင်ရန်ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှု၊ စိုက်ခင်းများ ရေရှည်တည်တံ့စေရေးထိန်းသိမ်းဆောင်ရွက်မှု၊ တိုးချဲ့ပညာပေးလုပ်ငန်းများ ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်မှု၊ စီမံကိန်းစိုက်ခင်းဟောင်းများ ထိန်းသိမ်းဆောင်ရွက်မှု၊ စိုက်ခင်းများရှင်သန်ကြီးထွားဖြစ်ထွန်းမှုဒေသဖွံ့ဖြိုးရေးတာဝန်ယူဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် ပတ်သက်၍ဆွေးနွေးခဲ့ကြပါသည်။

KOICA အဖွဲ့သည်ယခုနှစ်မိုးရာသီအတွင်း ညောင်ဦးမြို့နယ်၊ နတ်ပလ္လင်ကျေးရွာအနီးနှင့် ကျောက်ပြင်ကန်ကျေးရွာအနီး၌ ဒေသခံသစ်မျိုးအပါအဝင်သစ်မျိုးစုံဧက (၆၀၀) စိုက်ပျိုးတည်ထောင်သွားမည်ဖြစ်သည်။အဆိုပါ အဖွဲ့သည် ပုဂံညောင်ဦးဒေသ၌ ၁၉၉၈ခုနှစ်မှစတင်၍ ပထမအကြိမ်၊၂၀၀၅ခုနှစ်တွင် ဒုတိယအကြိမ်နှင့်၂၀၀၉ခုနှစ်တွင် တတိယအကြိမ် စိုက်ပျိုးဆောင်ရွက်ခဲ့ကြောင်းသိရသည်။ယခုနှစ်စိုက်ပျိုးမည့် စတုတ္ထအကြိမ်အထိ စိုက်ခင်းဧရိယာဧက ၂၀၀၀ကျော်တည်ထောင်နိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

သစ်တောနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၌ ဒေသခံပြည်သူများပူးပေါင်း ဆောင်ရွက်လာစေရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်နိုင်ရေး၊ အနာဂတ်မျိုးဆက်သစ်များအား ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင် လက်ဆင့်ကမ်းနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်

လှိုင်ကော်မြို့နယ်၊ နတ်တောင်ဒေသခံပြည်သူအစုအဖွဲ့များ၏ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းအား ကွင်းဆင်းကြည့်ရှုစစ်ဆေးနေစဉ် (၁၇-၆-၂၀၁၅)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် သဘာဝအခြေခံကောင်းများကို အနာဂတ်မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းနိုင်ရေးကြိုတင်မျှော်တွေး၍ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများကို အချိန်မီ ကုစားနိုင်ရန်အတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာ၌ နေရာဒေသအသီးသီး၌ နေထိုင်ကြသည့် ပြည်သူများက သိမြင်ပူးပေါင်းပါဝင် ဆောင်ရွက်မှုမှာ လွန်စွာအရေးကြီးပါသည်။

သစ်တောနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ၌ ပြည်သူများသိမြင်ပူးပေါင်း ဆောင်ရွက်လာစေရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် ဇွန်လ (၆)ရက်နှင့် (၇)ရက်နေ့များတွင် ကယားပြည်နယ်၊ လွိုင်ကော်၊ ဒီမောဆို၊ ဘောလခဲမြို့နယ်များရှိ နန်းဖဲ၊ မိန်းထန်း၊ ဝမ်းချယ်၊ ရေနီပေါက်စသည့် ကျေးရွာများသို့သွားရောက်၍ ဒေသခံပြည်သူများနှင့်

ရင်းရင်းနှီးနှီးတွေ့ဆုံပြီး သစ်တောထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စများအား ဆွေးနွေးကာ ဒေသခံပြည်သူများ၏တင်ပြချက်များအပေါ် ညှိနှိုင်းစီမံဖြည့်ဆည်းပေးခဲ့ကြောင်းသိရပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ဒေသခံပြည်သူများအနေဖြင့် မိမိဒေသ၏ ရေဝေရေလဲဒေသများ၊ သဘာဝရေထွက်ဦးများ၊ စိမ့်စမ်းများဝန်းကျင်၌ ရေဝေရေလဲ သစ်တောထိန်းသိမ်းရေး ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ရေထိန်းတောများအားကျေးရွာများအလိုက် ပူးပေါင်းကာကွယ်ထိန်းသိမ်းရန် လိုအပ်ကြောင်း၊ အိမ်ထောင်စုတိုင်း ထင်းနှင့်အခြား ဝင်ငွေရရှိနိုင်မည့်သစ်မျိုးများ စိုက်ပျိုးကြရန်၊ ကျေးရွာအနီးဝန်းကျင်မြေကွက်လပ်များနှင့် ရွှေ့ပြောင်းတောင်ယာများ၏ ပတ်လည်စည်းရိုးများ၌ သစ်ပင်စိုက်ပျိုးရန်၊ ကျေးရွာပိုင်သစ်တောများသတ်မှတ်ထိန်းသိမ်းရန်၊ လောင်စာစွမ်းအင် ထင်းအတွက် ထင်းစိုက်ခင်းတည်ထောင်၍ မိမိတို့ လိုအပ်ချက်အပေါ်ဖြည့်ဆည်းစိုက်ပျိုးကြရန်၊ ထင်းအစားထိုး လောင်စာသုံးစွဲမှု ကျယ်ပြန့်စွာဆောင်ရွက်ကြရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့ကြောင်းသိရှိရပါသည်။

Myanmar Healthy Rivers Initiative အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကျင်းပခြင်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊အင်ကြင်းခန်းမတွင် Inception Workshop on Myanmar Healthy Rivers Initiative အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို (၁၆-၆-၂၀၁၅) ရက် နံနက် (၉)နာရီ တွင် ကျင်းပခဲ့ရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာပတ်ဝန်းကျင်စီမံအုပ်ချုပ်လုပ်ကိုင်မှုဌာန(ICEM)၊ အပြည်ပြည်ဆိုင်ရာရေသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဌာန (IWMI)အဖွဲ့၊ မြန်မာနိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (MIID)နှင့် ဂေဟစနစ်ထိန်းသိမ်းရေးနှင့်ပြည်သူအစုအဖွဲ့ ဖွံ့ဖြိုးရေးအသင်း (ECCDI)တို့မှ ကိုယ်စားလှယ်များနှင့် ဆက်စပ်အစိုးရဌာနအသီးသီးမှ ကိုယ်စားလှယ်များတက်ရောက်ကြပါသည်။

ဒုတိယဝန်ကြီးမှ အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံသည် ရေနှင့်မြေသယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံတစ်ခုဖြစ်ပြီး ကမ္ဘာ့ဘဏ် အစီရင်ခံစာများအရ ကမ္ဘာပေါ်တွင်စိုက်ပျိုးမြေဧရိယာအများဆုံးရှိသည့် နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံအတွင်းမြစ်ဝှမ်းဒေသများအနက်ဧရာဝတီမြစ်ဝှမ်းဒေသသည်အကြီးဆုံးဖြစ်ပြီး နိုင်ငံဧရိယာ၏(၆၀%)ကျော်ရှိပါကြောင်း၊ ထို့ပြင်နိုင်ငံ၏ အသက်သွေးကြောဟု တင်စားခေါ်ဝေါ်ကြပြီး နိုင်ငံလူဦးရေ၏ (၇၀%)ကျော် မှီတင်းနေထိုင်လျက်ရှိကြောင်း၊ ဧရာဝတီမြစ်သည် ကမ္ဘာ့အဆင့်မီ မြစ်တစ်စင်းဖြစ်ပြီး နှစ်စဉ် ပျမ်းမျှရေစီးဆင်းမှုပမာဏ(၄၀၀)ဘီလီယံကုဗမီတာရှိကာ မဲခေါင်မြစ်ရေစီးဆင်းမှု၏(၈၅%)ဖြစ်ပါကြောင်း၊ မျိုးသုဉ်းရန် အန္တရာယ်ရှိသည့် ဧရာဝတီလင်းပိုင်မျိုးစိတ်များလည်း ရှင်သန်ကျက်စားလျက်ရှိကြောင်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် ကမ္ဘာ့အကြီးမားဆုံးမြစ်ဝကျွန်းပေါ်ဒေသ "One of The World's Mega Deltas" အဖြစ်သတ်မှတ်ထားပြီး ဆောင်းခိုငှက်၊ နို့တိုက်သတ္တဝါ၊ မိချောင်းနှင့်ပင်လယ်လိပ်များ ရှင်သန်ပေါက်ပွားရာဒေသတစ်ခုဖြစ်ပါကြောင်း၊

သံလွင်မြစ်သည်လည်း အရှေ့တောင်အာရှဒေသတွင် မဲခေါင်မြစ်ပြီးလျှင် ဒုတိယအရှည်ဆုံးမြစ်တစ်စင်းဖြစ်ကာ မြန်မာနိုင်ငံအတွင်း ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့အတွင်း ဖြတ်သန်းစီးဆင်းလျက် ရှိနေပါကြောင်း၊ သံလွင်၊ မဲခေါင်နှင့်ယန်စီမြစ်တို့ စတင်စီးဆင်းရာ ကုန်းမြင့်ဒေသသည်ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝသည့်အတွက် ယူနက်စကိုမှ ကမ္ဘာ့အမွေအနှစ်စာရင်း (World Heritage Site) အဖြစ်သတ်မှတ်ထားခဲ့ပါကြောင်း၊ ထို့အပြင် သံလွင်မြစ်ဝှမ်းဒေသသည် ဒေသတွင်းလူဦးရေ(၇)သန်းခန့်အသက်မွေးဝမ်းကျောင်းပြုနေထိုင်ရာဒေသကြီးတစ်ခုဖြစ်ပါကြောင်း၊

ရေသယံဇာတများကိုရေရှည်တည်တံ့စွာ အုပ်ချုပ်

လုပ်ကိုင်နိုင်ရန်အတွက် သုတေသနလုပ်ငန်းများကို အခြေခံသောခိုင်မာသည့် သတင်းအချက်အလက်များ လိုအပ်ပါကြောင်း၊ သဘာဝဂေဟစနစ်များသည် ရေသံသရာလည်မှုဖြစ်စဉ်တွင် အရေးပါသည့်ကဏ္ဍမှ ပါဝင်လျက်ရှိပြီး ရေဝေရေလဲဒေသ သစ်တောများထိန်းသိမ်းကာကွယ်ခြင်းနှင့် မြစ်ဝှမ်းဒေသ ဂေဟစနစ်တို့ကို ထိခိုက်မှုမရှိစေရန် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ယခုအခါမြစ်ကြီးများအတွင်း ရေများညစ်ညမ်းလာပြီး ဓာတုအဆိပ်သင့်ပစ္စည်းများ ပျော်ဝင်လာသောကြောင့် ထိန်းသိမ်းရန် လိုအပ်လာပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေနှင့်လည်း၊ အမျိုးသားအဆင့် ရေသယံဇာတကော်မတီကို ဖွဲ့စည်းဆောင်ရွက်ထားပြီး မူဝါဒဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြဋ္ဌာန်းရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (MOECAF)နှင့် မဲခေါင်မြစ်ဝှမ်းဒေသရေ မြေနှင့်ဂေဟစနစ် သုတေသနအစီအစဉ် (WLE Greater Mekong Programme)တို့ပူးပေါင်း ကျင်းပခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်စီမံအုပ်ချုပ်လုပ်ကိုင်မှုဌာန (IWMI)အဖွဲ့၊ မြန်မာနိုင်ငံဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (MIID) နှင့် ဂေဟစနစ်ထိန်းသိမ်းရေးနှင့် ပြည်သူ့အစုအဖွဲ့ ဖွံ့ဖြိုးရေးအသင်း(ECCDI)တို့မှ အဖွဲ့ခေါင်းဆောင်နှင့် ပညာရှင်များလည်း တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

အနာဂတ်မျိုးဆက်သစ် ကျောင်းသားလူငယ်များ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး အသိအမြင်များ တိုးပွားလာစေရေး ကျပန်းစကားပြောပြိုင်ပွဲနှင့် စကားရည်လုပွဲများ ကျင်းပဆောင်ရွက်

ဘိုကလေးမြို့နယ်၊ ဇက်ဆန်းကျေးရွာသို့ သွားရောက်ပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးစဉ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် အနာဂတ်မျိုးဆက်သစ် ကျောင်းသားလူငယ်များ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး အသိအမြင်များ တိုးပွားလာစေရန် ရည်ရွယ်၍ ဇွန်လ (၁၉)ရက်နှင့် (၂၀) ရက်များ၌ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ပညာရေးကောလိပ်၌ သင်တန်းတက်ရောက်နေကြသည့် ဆရာ၊ ဆရာမများအားလည်းကောင်း၊ မြို့တော်ခန်းမ၌ အထက်တန်းအဆင့်နှင့်အလယ်တန်းအဆင့် ကျောင်းသူ/ကျောင်းသားများအားလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကျပန်းစကားပြောပြိုင်ပွဲနှင့် စကားရည်လုပွဲများ ကျင်းပခဲ့ပြီး၊ ဆုများ ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

ဒုတိယဝန်ကြီးက ဘိုကလေးမြို့နှင့် အနီးဝန်းကျင်ကျေးရွာများသည် ၂၀၀၈ခုနှစ်၊ နာဂစ်မုန်တိုင်း တိုက်ခတ်စဉ်က သဘာဝဘေးအန္တရာယ်၏ အနိဋ္ဌာရုံများကို မျက်ဝါးထင်ထင်တွေ့ကြုံ ခံစားရကြောင်း၊ ဘဝနှင့်ယှဉ်၍ တွေ့ကြုံ ခံစားခဲ့ရသည့် သဘာဝဘေးအန္တရာယ်များအား ကြိုတင်ကာကွယ်နိုင်စေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့်သိရှိ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ယခုကဲ့သို့ပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ပညာရေးကောလိပ်၌ သင်တန်းတက်ရောက်နေကြသည့်ဆရာ၊ဆရာမများသည် နောင်တစ်ခေတ် အနာဂတ်မျိုးဆက်သစ်များကို ပြုစု ပျိုးထောင်ပေးရာ ပန်းပျိုးလက်များဖြစ်၍ တစ်ယောက်မှသည် တစ်ရာ၊ တစ်ရာမှသည် တစ်ထောင်စသည်ဖြင့် ဆင့်ပွားလက်ဆင့်ကမ်းနိုင်မည့်ဌာန ဖြစ်သည့်အတွက် ဤနေရာအား ရွေးချယ်ကျင်းပဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း၊ သက်ရှိလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြံဆောင်ကြရာတွင် သဘာဝက အတိုင်းအတာဖြင့် ပေးအပ်ထားသည့် ရေ၊ မြေ၊ သယံဇာတများကို အတိုင်းအဆမရှိ ထုတ်ယူသုံးစွဲမှုကြောင့် အကျိုးနောက်က အဆိုးတွဲပါလာရခြင်း ဖြစ်ပါကြောင်း၊ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဖော်ဆောင်ရာ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိနှင့် ထိန်းညှိဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ဘိုကလေးမြို့နယ်၊ ပြင်ဒရယ်ကြိုးဝိုင်းအတွင်း ယခင်က သစ်တောကြီးများ ထူထပ်စွာ တည်ရှိခဲ့သော်လည်း မြေယာအသုံးချမှုအစီအမံများ စနစ်တကျ ချမှတ်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသဖြင့် လူဦးရေ တိုးပွားလာမှုနှင့်အတူ လယ်ယာမြေတိုးချဲ့ခြင်း၊ မြစ်၊ချောင်းများအား တာပတ်၍ ပုစွန်ကန်များတိုးချဲ့ခြင်း၊ ထင်း၊ မီးသွေး အလွန်အကျွံ

ထုတ်လုပ်ခြင်းများကြောင့် ဇီဝရေတောသယံဇာတများ ပျက်စီးပြုန်းတီးခြင်း၊ ကမ်းပါးပြိုခြင်းစသည့် ပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ထိခိုက်ပျက်စီးခဲ့ရကြောင်း၊ သယံဇာတများ ထုတ်ယူခြင်း၊ သုံးစွဲခြင်းနှင့် စွန့်ပစ်ခြင်းတို့ကို ဆောင်ရွက်ရာ၌ ဇီဝမျိုးစုံမျိုးကွဲ၊ ဂေဟစနစ်နှင့် ပတ်ဝန်းကျင် ရေရှည်တည်တံ့စေမှုအား ထိခိုက်မှုမရှိစေရေးအတွက် နေထိုင်မှု အမူအကျင့်များကို ပြောင်းလဲကြရမှာဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန အနေဖြင့် ဇီဝမျိုးစုံမျိုးကွဲ၊ ဂေဟစနစ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ အရေးပါသည့် ဒေသများအား သဘာဝနယ်မြေများအဖြစ် ထိန်းသိမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ဘိုကလေးမြို့နယ် အတွင်းရှိ သဘာဝထိန်းသိမ်းရေး နယ်မြေတစ်ခုဖြစ်သည့် မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား အာဆီယံ အမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများက သဘာဝသယံဇာတများ ထာဝစဉ်တည်တံ့စေရေးနှင့် ပတ်ဝန်းကျင်အခြေအနေကောင်းများအား အနာဂတ်မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းအမွေပေးနိုင်ရေးအတွက် လိုက်လျောညီထွေရှိမည့် လူနေမှုစနစ်တစ်ခု တည်ဆောက်ရမှာ ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂက ချမှတ်သည့် ထောင်စုနှစ် ရည်မှန်းချက်များ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် ကဏ္ဍတစ်ခု အဖြစ် ပါဝင်ပါကြောင်း၊ ခေတ်အဆက်ဆက်၌ အမျှော်အမြင်ကြီးမားစွာဖြင့် အနာဂတ်ကို ကြိုတင်မျှော်တွေး၍ အစီအမံများ ချမှတ်ဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ မျိုးဆက်တစ်ခုထက် တစ်ခု ပိုမိုတိုးတက်သည့် မျိုးဆက်များ၊ အနာဂတ်ကို ပိုင်စိုးမည့် သားကောင်းရည်မွန် လူရည်ချွန်များ ပေါ်ထွန်းလာမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါကြောင်း၊ ဆရာ၊ ဆရာမများက မျိုးဆက်သစ်လူငယ်များအား ထုဆစ်ပုံဖော်ရာ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိအမြင်များ ကြွယ်ဝစေရေးသည် လွန်စွာအရေးကြီးပါကြောင်း၊ အသိအမြင်ကြွယ်ဝမှသာ မိမိဒေသ၊ မိမိပတ်ဝန်းကျင်နှင့် သယံဇာတများ ရေရှည်တည်တံ့စေရေး ဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဒုတိယဝန်ကြီးသည် ခရီးစဉ်အတွင်း ဘိုကလေးမြို့နယ်၊ စက်ဆန်းကျေးရွာသို့ သွားရောက်ပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးကိစ္စများ ဆွေးနွေး၍ ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းစီမံ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် အား Hong Kong Myanmar Chamber of Commerce မှ Founding Chairman နှင့် World Green Organization ၏ Chairman ဖြစ်သူ Mr. Albert Oung ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံဆွေးနွေး

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင်အား Hong Kong Myanmar Chamber of Commerce မှ Founding Chairman နှင့် World Green Organization ၏ Chairman ဖြစ်သူ Mr. Albert Oung ဦးဆောင်သောအဖွဲ့မှ (၅-၆-၂၀၁၅) ရက်၊ မွန်းလွဲ(၂) နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးနှင့်အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဦးခင်မောင်ရီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအေး၊ မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းလှိုင်၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းတို့ တက်ရောက်ခဲ့ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ပုဂံဒေသအား Green City ပုံစံ ဆောင်ရွက်နိုင်ရေးအတွက် အခြေခံအချက်အလက်များ ဆန်းစစ်လေ့လာမှု၊ ပြည်သူများ ပူးပေါင်းပါဝင်သည့် ပလပ်စတစ်အမှိုက်များကင်းစင်ရေး လှုပ်ရှားဆောင်ရွက်နေမှုမှသည် Green Myanmar Campaign အထိ တိုးမြှင့်ဆောင်ရွက်နိုင်မှု အခြေအနေများ၊ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်မည့် အစီအစဉ်များနှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးခဲ့ပြီး သဘာဝကို အခြေခံသည့် ခရီးသွားလုပ်ငန်း (Ecotourism) မြှင့်တင်ရန်အတွက် ရည်ရွယ်၍ Green Myanmar Booklet ကို အင်္ဂလိပ်၊ ဂျပန်၊ ကိုရီးယား၊ မြန်မာဘာသာများဖြင့် ထုတ်ဝေရန်စီစဉ်ဆောင်ရွက်မှုများနှင့်ပတ်သက်၍ အဆိုပါအဖွဲ့မှ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရပါသည်။

ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် မကွေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ပဲခူးတိုင်းဒေသကြီးခရီးစဉ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီတို့နှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်းနှင့် ဝန်ကြီးဌာနလက်အောက်ရှိဝန်ထမ်းများအားတွေ့ဆုံမှာကြားခြင်း

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန လက်အောက်ဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လမ်းညွှန်မှာကြားစဉ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီအဖွဲ့ဝင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာသက်သက်ဇင် ဦးဆောင်သည့်အဖွဲ့သည် ၁၅-၆-၂၀၁၅ ရက်နေ့မှ ၁၇-၆-၂၀၁၅ ရက်နေ့များအတွင်း မကွေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ပဲခူးတိုင်းဒေသကြီးများသို့ သွားရောက်ခဲ့ပါသည်။ခရီးစဉ်အတွင်း မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၊ စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီတို့အကြား စဉ်ဆက်မပြတ်ချိတ်ဆက် ဆောင်ရွက်သွားရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောမှုများကို ပြည်သူလူထုအကြားအရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရန်နှင့် မိမိတို့လုပ်နိုင်သည်မှစ၍ တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ဆောင်ရွက်သွားကြရန်တို့အား တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

ထို့အပြင် ဒုတိယဝန်ကြီးသည် ခရီးစဉ်အတွင်း သာယာဝတီမြို့၊ ပြည်မြို့၊ မကွေးမြို့နှင့် မုံရွာမြို့တို့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန လက်အောက်ဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ခေတ်စနစ်ပြောင်းလဲမှုနှင့်အညီ ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များအား တက်ညီလက်ညီဖြင့်ဆောင်ရွက်ရေး၊ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားရေး၊ စာရင်းစစ်ကန့်ကွက်ချက်များ လျော့နည်းကျဆင်းအောင် ကြိုးပမ်းဆောင်ရွက်သွားရေး၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများအား ကိုယ်တိုင် လိုက်နာကျင့်သုံးရုံသာမက မိမိပတ်ဝန်းကျင်သို့လည်း ကျယ်ကျယ်ပြန့်ပြန့်သိရှိလိုက်နာနိုင်ရေးအတွက် ပညာပေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရေး လမ်းညွှန်မှာကြားပါသည်။

ထို့နောက် ခင်ဦးမြို့တွင် မြို့နယ်ပတ်ဝန်းကျင် ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဝင်များနှင့်တွေ့ဆုံ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များအား လမ်းညွှန်မှာကြားခဲ့ပါ သည်။

မကွေးတိုင်းဒေသကြီးရှိ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
လက်အောက်ဌာနများမှဝန်ထမ်းများနှင့်တွေ့ဆုံ၍ လမ်းညွှန်မှာကြားစဉ်

ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် အား ဂျာမနီနိုင်ငံ၊ Greifswald တက္ကသိုလ် Institute for Geography and Geology ဌာနမှ ပါမောက္ခ Dr. Wilhelm Steingrube ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့မှ လာရောက်တွေ့ဆုံဆွေးနွေး

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာသက်သက်ဇင်အား ဂျာမနီနိုင်ငံ၊ Greifswald တက္ကသိုလ်၊ Institute for Geography and Geology ဌာနမှ ပါမောက္ခ Dr. Wilhelm Steingrube ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့မှ ၁-၆-၂၀၁၅ ရက်၊ နံနက်(၁၁)နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးနှင့်အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအေးနှင့် မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းလှိုင်၊ သစ်တောတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်ဦးနှင့် သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင် တို့တက်ရောက်ခဲ့ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ သဘာဝကိုအခြေခံသည့် ခရီးသွားလုပ်ငန်း (Ecotourism) ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိအမြင်များ တိုးပွားစေရေးအတွက် ပညာပေးအစီအစဉ်များ ဆောင်ရွက်ရေး၊ သဘာဝသယံဇာတများ ထိန်းသိမ်းရေးအတွက် သုတေသနဖွံ့ဖြိုးတိုးတက်ရေးနှင့် သစ်တောပညာရပ်ပိုင်းဆိုင်ရာ တက္ကသိုလ်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းများအပေါ် ရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် အလားအလာစသည်တို့နှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးကြကြောင်း သိရှိရပါသည်။

ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် အား JICA မှ Senior Adviser ဖြစ်သူ Mr.Senro IMAI နှင့်အဖွဲ့ ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံဆွေးနွေး

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင်အား ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)မှ Senior Adviser ဖြစ်သူ Mr.Senro IMAI ဦးဆောင်သောအဖွဲ့သည် ၁၁-၆-၂၀၁၅ ရက်၊ မွန်းလွဲ ၁နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးနှင့်အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအေး၊ မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းလှိုင်၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းတို့ တက်ရောက်ခဲ့ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ(JICA)တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရေသယံဇာတ ပတ်ဝန်းကျင် စီမံခန့်ခွဲရေးနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြင့်တင်ရေးလုပ်ငန်းစီမံကိန်းနှင့် ပတ်သက်၍ ကျွမ်းကျင်သူများအဖွဲ့မှ နှစ်အလိုက် ဆောင်ရွက်မည့်အစီအစဉ်များ၊ ရန်ကုန်မြစ်နှင့်ဒုဋ္ဌဝတီမြစ်တို့တွင် ဆောင်ရွက်မည့် ရေအရည်အသွေး ဆန်းစစ်လေ့လာခြင်း၊ အချက်အလက်စနစ်တည်ဆောက်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြင့်တင်ခြင်းကိစ္စရပ်များ စသည်တို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပါသည်။

အင်းလေးကန်ဒေသအားမြန်မာနိုင်ငံ၏ပထမဆုံးလူသားနှင့်ဇီဝအဝန်းနယ်မြေ (Man and the Biosphere Reserve) အဖြစ် UNESCO က အတည်ပြုသတ်မှတ်

နှောက်ကော့ပုံမှအဆောက်

UNESCO ၏လူသားနှင့်ဇီဝအဝန်းနယ်မြေအစီအစဉ်(Man and the Biosphere Reserve Programme- MAB Programme)ကို ၁၉၇၁ခုနှစ်တွင် စတင်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ လူသားနှင့် ဇီဝအဝန်းကွန်ယက် (The World Net- work of Biosphere Reserves)ကို လူသားနှင့်သဘာဝပတ်ဝန်းကျင်တို့အကြား ဆက်နွယ်မှု ပိုမိုတိုးတက်လာစေရန် ရည်ရွယ်၍ ၁၉၇၆ ခုနှစ်တွင် စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများတည်ရှိမှု အခြေအနေထူးခြားကောင်းမွန်သည့်နေရာဒေသများတွင် လူသားများ၏ ယဉ်တွဲနေထိုင်မှုနှင့်အတူ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အုပ်ချုပ်ထောက်ပံ့ရေးဆိုင်ရာ လုပ်ငန်းကဏ္ဍကြီးသုံးရပ်တို့ကို ဟန်ချက်ညီစွာ ပေါင်းစပ်ဆောင်ရွက်နိုင်ရန်အတွက် ဇီဝအဝန်းနယ်မြေ (Biosphere Reserve)များအဖြစ် သတ်မှတ်ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်သည့်အစီအစဉ်ဖြစ်ပါသည်။ဇီဝအဝန်းနယ်မြေအစီအစဉ်၏ အဓိကရည်ရွယ်ချက်မှာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်း၊ ဒေသခံပြည်သူတို့၏လူမှု စီးပွားရေးမြှင့်တင်ခြင်း၊ ဒေသတွင်းယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းခြင်း၊ လူသားနှင့် သဘာဝပတ်ဝန်းကျင်တို့အကြားဆက်နွယ်မှု ညီညွတ်မျှတစွာတိုးတက်လာစေရန် ထိန်းညှိစီမံအုပ်ချုပ်မည့် စနစ်တစ်ရပ် ချမှတ်ဆောင်ရွက်စေခြင်းတို့ဖြစ်ပါသည်။

အင်းလေးကန်ဒေသအား လူသားနှင့်ဇီဝအဝန်း နယ်မြေ (Man and Biosphere Reserve-MAB) အဖြစ် သတ်မှတ်နိုင်ရေးအတွက်လိုအပ်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကိုပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (United Nations Educational, Scientific and Cultural Organization - UNESCO) တို့ ၂၀၁၃ ခုနှစ်မှစ၍ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဩဂုတ်လ၊ ၂၈ ရက်နေ့တွင် (UNESCO)သို့ အမည်စာရင်းပေးပို့ အဆိုပြုခဲ့ခြင်းဖြစ်သည်။ **အင်းလေးကန်ဒေသအား MAB အဖြစ် သတ်မှတ်နိုင်ခြင်းဖြင့်** -

- ဒေသခံပြည်သူများနှင့် သဘာဝပတ်ဝန်းကျင်အကြား ဆက်စပ်မှုကိုဟန်ချက်ညီစေရန် မူဝါဒနှင့်လုပ်ငန်းစဉ်များ၊ စီမံအုပ်ချုပ်စနစ်များကို ပေါင်းစပ်လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းကောင်းများရရှိနိုင်ခြင်း၊
- ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် ဒေသခံပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးရေးကို ဟန်ချက်ညီညီဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊
- အင်းလေးကန်ဒေသပတ်ဝန်းကျင် ပြန်လည်ကောင်းမွန်လာရေးကိုအထောက်အကူပြုပြီး၊ အခြားသောဒေသများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုဘဝဖွံ့ဖြိုးရေးကို ဟန်ချက်ညီစွာဆောင်ရွက်နိုင်မည့် စံနမူနာ (Model) အဖြစ် အသုံးပြုနိုင်ခြင်း၊
- နိုင်ငံတကာအဖွဲ့အစည်းများ၏ နည်းပညာနှင့်ရန်ပုံငွေပံ့ပိုးမှုများရရှိနိုင်ခြင်းအစရှိသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

အင်းလေးကန်ဒေသတွင် ငှက်မျိုးစိတ်(၂၇၀)မျိုး၊ ငါး (၄၃)မျိုး၊ လိပ် (၃)မျိုး၊ လိပ်ပြာ (၉၄)မျိုး၊ ကုန်းနေရေနေသတ္တဝါ (၁၄)မျိုးကျက်စားနေထိုင်လျက်ရှိပြီး၊ ဆေးဘက်ဝင်အပင် (၅၂၇)မျိုး၊ သစ်ခွမျိုး(၁၃၅)မျိုးတို့ ရှင်သန်ပေါက် ရောက်လျက်ရှိသည်။ အင်းလေးကန်ဒေသသည် ဒေသခံများအတွက် သန့်ရှင်းလတ်ဆတ်သည့် လေ၊ ရေနှင့် အေးမြသည့် ရာသီဥတုတို့ကိုပေးစွမ်းသည့်အပြင် ပေါများကြွယ်ဝသည့် ငါးသယံဇာတများ၊ အခြားသောသယံဇာတအရင်းအမြစ်များနှင့် ဂေဟစနစ်ဝန်ဆောင်မှုများစွာတို့ကိုထောက်ပံ့ပေးလျက်ရှိသည့်အတွက် အင်းလေးကန်ဒေသရေရှည်တည်တံ့စေရေး ထိန်းသိမ်းစောင့်ရှောက်သည့်လုပ်ငန်းများတွင် နိုင်ငံတကာမှ နည်းပညာပံ့ပိုးကူညီမှုများဖြင့် ပူးပေါင်းလျက် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် လူသားနှင့်ဇီဝအဝန်းနယ်မြေ (Man and the Biosphere Reserve-MAB) အဖြစ် သတ်မှတ်နိုင်ရေးကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အင်းလေးကန်ဒေသကိုဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ပြီးဖြစ်သဖြင့် ဇီဝအဝန်းနယ်မြေ၏ နယ်မြေခွဲခြား သတ်မှတ်ချက်ဖြစ်သည့် ပင်မထိန်းသိမ်းရေးဇုန်နယ်မြေ၊ ကြားခံဇုန်နယ်မြေနှင့် ဖွံ့ဖြိုးရေးဇုန်နယ်မြေတို့ကို စနစ်တကျအုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ရေးဆွဲဆောင်ရွက်ရေး၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်မှုတိုးတက်လာစေရန် အသိပညာပေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်ရေး၊ ကန်အတွင်းရေချိုရေကောင်းရေသန့်များရရှိစေရန်အတွက် Organic Farming များကို ဦးစားပေးစိုက်ပျိုးနိုင်ရေး၊ ဒေသမျိုးရင်းစိုက်ပျိုးသီးနှံများကို အဓိကထားစိုက်ပျိုးရေးနှင့် ဓာတ်မြေဩဇာနှင့် ဓာတုဆေးဝါးများ အသုံးပြုမှု အနည်းဆုံးဖြစ်စေရေးတို့ကိုနိုင်ငံတော်နှင့် ဒေသခံပြည်သူတို့မှ ပူးပေါင်းလျက် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရှိရသည်။

တရားမဝင်သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိခြင်း သတင်း

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့ပေါ်တွင် တရားမဝင်သစ်များ ခွဲစိတ်လုပ်ကိုင်နေကြောင်း သတင်းအရ သစ်တောဦးစီးရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်း ဦးဆောင်သော သစ်တောဝန်ထမ်းများပါဝင်သည့် အထူးစစ်ကြောင်းသည်(၂၀-၆-၂၀၁၅) ရက်နေ့တွင် ရွှေကူမြို့သို့သွားရောက်၍ တရားမဝင် သစ်ဖမ်းဆီးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ရွှေကူမြို့ပေါ်ရပ်ကွက်များမှ တရားဝင်လိုင်စင်ရှိသစ်စက်(၆)လုံး၏ သစ်စက်ဝင်းများအတွင်းနှင့် နီးစပ်ရာခြံဝင်းများအတွင်းမှ တရားမဝင်အင်ကြင်း/ကညင် သစ်လုံး/ခွဲသားစုစုပေါင်း (၁၇၃. ၇၄၃၆)တန်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။

ဆက်လက်၍ရွှေကူမြို့ ဧရာဝတီမြစ်ဘေးတွင် ဆိုက်ကပ်ထားသောမော်တော်များအား ထပ်မံစစ်ဆေးခဲ့ရာ ဇေယျာကျော်မော်တော်ပေါ်မှ တရားမဝင် ကညင်ခွဲသား (၈၇. ၃၆၂၂)တန်၊ မြဆန်းမိုးမော်တော်ပေါ်မှ တရားမဝင် ကညင်ပကာခြမ်း(၃၀)တန်ခန့်အားတွေ့ရှိရသဖြင့် အသေးစိတ်တိုင်းတာစစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်းနှင့် တရားမဝင် သစ်လုပ်ကိုင်ဆောင်ရွက်သူများအားသစ်တောဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

သစ်တောဦးစီးရုံးချုပ်၊ စစ်ဆေးရေးဌာနမှ ညွှန်ကြားရေးမှူး ဦးဆောင်သော ဥတ္တရခရိုင် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ နေပြည်တော် သစ်တောရဲဝန်ထမ်းများအဖွဲ့သည် (၂၃-၆-၂၀၁၅)ရက်နေ့တွင် ကျည်တောင်ရွာမှ အထက်ပေါင်းလောင်းသွား ကားလမ်းတစ်လျှောက် နယ်မြေရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ရာ အထက်ပေါင်းလောင်း ကားလမ်းဘေးနေရာမှ တရားမဝင် ကညင်ခွဲသား(၉၉)ချောင်း(၇. ၃၆၈၈)တန်တင် ဆောင်ထားသော ယာဉ်အမှတ် 3H/8607 Nissan**ယာဉ် (၁)စီးအား တရားခံ(၃)ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။**

မကွေးတိုင်းဒေသကြီး ၊ ပခုက္ကူမြို့နယ် သစ်တောဦးစီးဌာန၊ သစ်တောဝန်ထမ်းများအဖွဲ့သည်(၂၂-၆-၂၀၁၅) ရက်နေ့တွင် ပခုက္ကူမြို့နယ် အမှတ်(၃)ရပ်ကွက်၊ သီတာလမ်းအတွင်းရှိ နေအိမ်ဝန်းအတွင်းမှ တရားမဝင် အင်ခွဲသား (၁၂၄) ချောင်း(၁. ၃၇၉၀)တန်အား ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိပစ္စည်းများအား ပခုက္ကူမြို့နယ် သစ်တောဦးစီးဌာနရုံးဝန်းအတွင်း သယ်ယူသိမ်းဆည်းထားပြီး သစ်တောဥပဒေပုဒ်မ၃၃(က)၂အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်သည့် သစ်တောဝန်ထမ်းများ အဖွဲ့သည် (၂၈-၆-၂၀၁၅)ရက်နေ့တွင် ပေါင်းတည်မြို့နယ် ဘုရားငါးဆူကျေးရွာအုပ်စု၊ မြို့ကြီးကျေးရွာအတွင်း လူနေထိုင်ခြင်းမရှိသော ဂိုဒေါင်အတွင်းမှ တရားမဝင်ကျွန်းခွဲသား (၁၁၉၇)ချောင်း(၉. ၅၅၁၂)တန်အား ပိုင်ရှင်မဲ့အဖြစ် ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ ယင်တောဘိနယ်၊ ချင်းတွင်းမြစ်အတွင်းနေရာမှ (၁၈-၆-၂၀၁၅) ရက်နေ့တွင် တရားမဝင် အင်သစ်(၉၁)လုံး(၂၇. ၇၉၀) တန်အား ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း၊ (၁၉-၆-၂၀၁၅)ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ လေးမြေကျေးရွာအတွင်းမှ တရားမဝင်ပျဉ်းကတိုးတိုင်(၂၅) လုံး(၀. ၇၅၃၄) တန်၊ အင်မျော (၉၃၀)လုံး(၆. ၄၁၅၂)တန်တင်ဆောင် လာသော ယာဉ်အမှတ်(8E-၇၁၈၇)တစ်စီးအား တရားခံ(၁)ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ မရမ်းခြံဆိပ်ကမ်းအနီးနေရာမှ (၁၉-၆-၂၀၁၅)ရက်နေ့တွင် တရားမဝင်ကျွန်းခွဲသားဆိုဒ်စုံ(၃၂၃)ချောင်း(၅. ၆၃၅၄)တန်၊ မော်တော်ယာဉ်(၁) စီးနှင့်တရားခံ(၅)ဦးအား လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ပန်းတောင်းမြို့နယ်၊သူရဲတန်းချောင်းအတွင်းနေရာမှ ကျွန်း၊ ပျဉ်းကတိုးနှင့်သစ်ယာခွဲသား(၃၃) ချောင်း(၄. ၃၇၇၆)တန်အား ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း၊ ပန်းတောင်းမြို့နယ်၊ ဆင်လူးရွာအနောက်ဖက်နေရာမှ ကျွန်း၊ ပျဉ်းကတိုးနှင့် အခြားသစ်ခွဲသား (၃၄)ချောင်း (၆. ၄၀၃၆) တန်၊ အင်ဂျင်(၁)လုံးနှင့် ဆက်စပ်ပစ္စည်းများအား ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။

၂၀၁၅ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ပထမဆုရ ဒေါ်ဝေဝေလှိုင်၏ ဆောင်းပါးအား ဂုဏ်ပြုဖော်ပြပါသည်။

" Seven Billion Dreams. One Planet. Consume with Care "

လူသားသန်း ၇၀၀၀ ရဲ့ မျှော်မှန်းချက်တွေပြည့်ဝဖို့ တို့ကမ္ဘာကြီးကို ထိန်းသိမ်းစောင့်ရှောက်စို့

ကမ္ဘာမြေပေါ် မှီတင်းနေထိုင်ကြသော လူသားများ အပါအဝင် သက်ရှိသတ္တဝါများ အားလုံးသည် ကမ္ဘာ့ဂေဟစနစ်၏ ပံ့ပိုးဝန်ဆောင်မှုအပေါ် အမှီသဟဲပြုရင်း၊ ကမ္ဘာမြေကြီး၏ သဘာဝအရင်းအမြစ်များကို မှီခိုသုံးစွဲရင်းဖြင့် နေ့စဉ်ဘဝများကို ဖြတ်သန်းရှင်သန်နေကြပါသည်။ လူသားအရင်းအမြစ်သည် အခြားသော သဘာဝအရင်းအမြစ်များကို စီမံခန့်ခွဲနိုင်စွမ်း ရှိပါသည်။ ကမ္ဘာတစ်ခုလုံးကို အလွှမ်းမိုးနိုင်ဆုံးသောသက်ရှိများဖြစ်သည့် လူသားများသည် မိမိတို့၏ စားဝတ်နေရေးအတွက် ကမ္ဘာ့မြေမျက်နှာပြင်၏ ၄၀ ရာခိုင်နှုန်းခန့်ကို မြို့ပြ အဆောက်အအုံများ၊ စိုက်ပျိုးမြေများ၊ စားကျက်များအဖြစ် ပိုင်ဆိုင်စိုးမိုးထားပြီး လူနေမှုဘဝကို ဖန်တီးတည်ဆောက်ထားပါသည်။ ဖန်တီးမှုလွန်ကဲလာလျှင် ဖျက်ဆီးမှုသို့ ဦးရှုတတ်ကြောင်းကိုမူ သတိမမူတတ်ဘဲရှိနေကြပါသည်။ ပြုန်းတီးနေသောသစ်တောများ၊ ကောနေသော မြစ်ချောင်းများနှင့် လယ်ယာမြေများ၊ ညစ်ညမ်းနေသော လေထု၊ ရေထု၊ မြေထု အခြေအနေ၊ ပြောင်းလဲဖောက်ပြန်လာသည့် ရာသီဥတုအခြေအနေတို့သည် လူသားတို့ ဖန်တီးတည်ဆောက်မှု လွန်ကဲခြင်း၏ ဆိုးကျိုးရလာဒ်များဖြစ်ပါသည်။ ရေရှည်တည်တံ့မှု (Sustainability)ကို ဦးတည်ခြင်း မရှိသည့် ဘဝနေထိုင်မှုပုံစံများကြောင့် လူသားသန်းပေါင်း ၇၀၀၀ ကျော် မှီတင်းနေထိုင်လျက်ရှိသည့် ကမ္ဘာကြီး၏ ပတ်ဝန်းကျင်အခြေအနေသည် ယိုယွင်းပျက်စီးနေပြီ ဖြစ်ပါသည်။

ကျွန်မတို့သည် ၂၀ ရာစုတွင် မွေးဖွားလာကြပြီး ၂၁ရာစုတွင် လူလားမြောက်ကြသူများဖြစ်ပါသည်။ ၂၀ ရာစု၏ ကောင်းမွေ၊ ဆိုးမွေများကို ခံစားနေကြသူများဖြစ်ပါသည်။ ၂၀ ရာစု(အထူးသဖြင့် ဒုတိယကမ္ဘာစစ်နောက်ပိုင်း) သည် ကမ္ဘာ့လူသားများအတွက် ပြောင်းလဲမှုအများဆုံးနှင့် အထူးခြားဆုံးကာလဖြစ်ပါသည်။ သက်ရောက်မှုအများဆုံး အချက်မှာ -လူဦးရေ ပေါက်ကွဲမှု- ဖြစ်ပါသည်။ ၁၉၀၀ ပြည့်နှစ်က သန်းတစ်ထောင့်ငါးရာသာရှိခဲ့သော ကမ္ဘာ့လူဦးရေသည် ၂၀၁၂ ခုနှစ်တွင် သန်း ၇၀၀၀ ပြည့်ခဲ့ပြီဖြစ်ပါသည်။ နှစ်စဉ်ပျမ်းမျှ (၇၅)သန်းနှုန်းဖြင့် တိုးတက်ခဲ့သည့် ကမ္ဘာ့လူဦးရေ၏ အခြေခံလိုအပ်ချက်ကို ပြည့်စုံအောင် ဖြည့်ဆည်းရန်အတွက် အသိဉာဏ်ရှိသောလူသားများပီပီ တီထွင်ကြံဆမှု၊ ရှန်းကန်လှုပ်ရှားမှုတို့ဖြင့်ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ရလဒ်များအဖြစ် ကမ္ဘာ့စီးပွားရေး အခြေအနေသည် ၁၉၀၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း အဆ(၂၀)ခန့် တိုးတက်လာခဲ့ပါသည်။ စီးပွားရေးတိုးတက်မှုနှင့်အပြိုင် စွမ်းအင်နှင့် သဘာဝအရင်းအမြစ်သုံးစွဲမှုသည်လည်း သိသာထင်ရှားစွာ မြင့်တက်လာခဲ့ပါသည်။ သမိုင်းအစမှ ၁၉ ရာစုကုန်အထိ သုံးစွဲခဲ့သော စွမ်းအင်နှင့်အရင်းအမြစ် ပမာဏသည် ၂၀ ရာစု (နှစ်တစ်ရာ) အတွင်း သုံးစွဲခဲ့သောပမာဏထက် နည်းပါးပါသည်။ ထို့ကြောင့် ၂၀ ရာစုသည် လူသားများ၏ ကုန်ထုတ်လုပ်မှုအမြင့်မားဆုံးနှင့် သုံးစွဲမှုအများဆုံး ကာလဖြစ်ခဲ့ပါသည်။ ၂၀ ရာစုအတွင်း ကမ္ဘာ့လူဦးရေနှင့် ကမ္ဘာ့စီးပွားရေးတိုးတက်မှုဖြစ်စဉ်ကြောင့် ရင်းနှီးပေးဆပ်လိုက်ရသည်မှာ -ကမ္ဘာ့ပတ်ဝန်းကျင်- ဖြစ်နေကြောင်းကိုမူ နောက်ကျစွာ သိရှိလက်ခံခဲ့ကြရပါသည်။

လူသားတို့ကြောင့် ယိုယွင်းစပြုနေသည့် ကမ္ဘာ့ပတ်ဝန်းကျင်ကို ပြန်လည် ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်လိုအပ်ကြောင်းကို ၂၀ ရာစုထက်ဝက်ကျော်တွင် ကမ္ဘာ့ခေါင်းဆောင်များက အာရုံစိုက်မိလာကြပါသည်။ ၁၉၇၂ ခုနှစ်၊ ဇွန်လတွင် ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့၌ ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ရလဒ်တစ်ခုအဖြစ် ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (United Nations Environmental Programme–UNEP) ပေါ်ထွက်လာခဲ့ပါသည်။ UNEP မှ ကမ္ဘာမြေကိုကာကွယ် စောင့်ရှောက်ရန် ကိုယ်စီကိုယ်ငှ တာဝန်ရှိသည်ဟူသော အသိအမြင် ရရှိစေရုံ သာမက တစ်ဦးချင်းစီ၏ အင်အားများကို စုပေါင်းပြီး ကမ္ဘာမြေကို ကာကွယ်စောင့်ရှောက်နိုင်သော စွမ်းအားစုကြီး ဖြစ်ထွန်းလာစေရန် ရည်ရွယ်လျှော်သည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အခမ်းအနားများကို ၁၉၇၃ ခုနှစ်မှ စတင်၍ နှစ်စဉ် ဇွန်လ(၅)ရက်နေ့တိုင်း ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုတစ်ရပ် (သို့မဟုတ်) ရှုထောင့်တစ်ခုကို ထင်ဟပ်စေသည့် အထိမ်းအမှတ်ဆောင်ပုဒ်တစ်ခုစီသတ်မှတ်ကာ ကျင်းပ

လျက်ရှိပါသည်။ ၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားကို "Seven Billion Dreams. One Planet. Consume with Care" -လူသားသန်း ၇၀၀၀ ရဲ့ မျှော်မှန်း ချက်တွေပြည့်ဝဖို့ တို့ကမ္ဘာကြီးကို ထိန်းသိမ်းစောင့်ရှောက်စို့- ဟူသော ဆောင်ပုဒ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။ ယခုနှစ်ဆောင်ပုဒ်၏အနှစ်သာရမှာ ပတ်ဝန်းကျင်အခြေအနေနှင့် ဂေဟစနစ်ယိုယွင်းစပြုနေသော ကမ္ဘာကြီးပြန်လည် ကျန်းမာလာစေရန်အတွက် ကမ္ဘာသူကမ္ဘာသားတို့အား မိမိတို့တစ်ဦးချင်းစီ၏ စားသောက်နေထိုင်သုံးစွဲမှုအလေ့အထများအပေါ် ပြန်လည်ဆန်းစစ်ပြီး ဘဝနေထိုင်မှုဟန်ပန်ကို ပြောင်းလဲနိုင်စေရန် ဖြစ်ပါသည်။ လွယ်လွယ်ဆိုရပါလျှင် သွားလျှင်လည်းသတိ၊ စားလျှင်လည်းသတိ၊ နေလျှင်လည်း သတိဖြင့် ဆောင်ရွက်ကြရန် ဖြစ်ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းမှုအသိကပ်ရင်း၊ သတိချပ်ရင်းဖြင့် စားသောက်နေထိုင်သုံးစွဲကြရန် (To Consume with Care) လှုံ့ဆော်လိုခြင်း ဖြစ်ပါသည်။

လူသားတို့၏ဘဝနေထိုင်မှုဖြစ်စဉ်တိုင်းသည် သဘာဝပတ်ဝန်းကျင်အပေါ် မှီခိုရသည်။ ဂေဟစနစ်၏ ဝန်ဆောင်မှု (Ecosystem Services)ကို စားသုံးရသည်။ သဘာဝအရင်းအမြစ်ကို ထုတ်နုတ်သုံးစွဲရသည်။ လူသားတို့သည် မူလအစတွင် မိမိတို့၏ အခြေခံ လိုအပ်ချက် (Needs) အတွက် ကြိုးစားကြရသည်။ လိုအပ်ချက်ဖူလုံပြည့်စုံသွားလျှင်လည်း တင်းတိမ်ရောင့်ရဲနိုင်ခြင်း မရှိကြဘဲ အလိုလောဘ (Greed)နောက်ကို ကောက်ကောက်ပါအောင် လိုက်ကြပြန်ပါသည်။ ဤတွင် အလွန်အကျွံစားသုံးခြင်း (Overconsumption) ဟူသော ဝေါဟာရ ပေါ်ထွက်လာရပါသည်။ လူတို့သည် မိမိတို့သုံးစွဲနေသော သဘာဝအရင်းအမြစ်များကို ကုန်သလောက် ကမ္ဘာမြေကြီးက ပြန်ဖြည့်ပေးလိမ့်မည်ဟူသောအထင်ဖြင့် အကန့်အသတ်မဲ့ သုံးစွဲခဲ့ကြပါသည်။

သဘာဝအရင်းအမြစ်များတွင် ပြန်လည်ပြည့်ဖြိုးနိုင်သော အရင်းအမြစ် (Renewable Resources) နှင့် ပြန်လည်ပြည့်ဖြိုးနိုင်ခြင်း မရှိသောအရင်းအမြစ် (Non-renewable Resources) ဟူ၍ နှစ်မျိုးရှိပါသည်။ ယေဘုယျအားဖြင့် ကမ္ဘာ့မြေထု၊ ရေထု၊ သစ်ပင်နှင့်သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲသတ္တဝါများ စသည်တို့သည် ပြန်လည်ပြည့်ဖြိုးနိုင်သောအရင်းအမြစ်များ ဖြစ်ကြပါသည်။ ကျောက်မီးသွေး၊ ရေနံ၊ သဘာဝဓာတ်ငွေ့စသည့် ရုပ်ကြွင်းလောင်စာများ၊ မြေကြီးထဲမှရရှိသည့် ဓာတ်သတ္တုအမျိုးမျိုးတို့သည် အသစ်တစ်ဖန် ပြန်မဖြစ်နိုင်တော့သည့် အရင်းအမြစ်များ ဖြစ်ပါသည်။ ကမ္ဘာ့သယံဇာတများ ဖြစ်ထွန်းလာစေရန် နှစ်သန်းထောင်ပေါင်းများစွာ အချိန်ယူ စုဆောင်းလာခဲ့ကြရပါသည်။ -ပြုသူခက် ဖျက်သူလွယ်- ဟူသောစကားအတိုင်း ယနေ့လူသားများသည် အလွန်လျင်မြန်သောနှုန်းဖြင့် ကမ္ဘာ့သယံဇာတများကို သုံးစွဲ(ဖြုန်းတီး)လာခဲ့ကြပါသည်။ ကမ္ဘာ့ရေပန်းအစားဆုံးလောင်စာဟုပြောရမည့် ရေနံသည် ကမ္ဘာတည်စက ဖြစ်လာသည့် ရုပ်ကြွင်းလောင်စာဖြစ်ပြီး ဤကမ္ဘာတွင် နောက်ထပ်ပြန်လည်မဖြစ်ထွန်းနိုင်တော့သည့် လောင်စာဖြစ်ပါသည်။ သို့သော် ရေနံကို မည်သို့မျှမကုန်ဆုံးနိုင်သည့်အလားသုံးစွဲလျက်ရှိပါသည်။ အစား ပြန်ရနိုင်သော အရင်းအမြစ်ဖြစ်စေ၊ အစားပြန်မရနိုင်သော အရင်းအမြစ်ဖြစ်စေ Resources သည် လူသားတို့ပြုသမျှ ခံရသောအရာများသာဖြစ်ပါသည်။ သုံးစွဲသူလူသားတို့၏ ဆင်ခြင်တုံတရား၊ ကောင်းမွန်သည့် စီမံခန့်ခွဲမှုရှိမှသာ အရင်းအမြစ် (Resources) ကို အရင်းအနှီး (Capital)အဖြစ် အသုံးချပြီး မိမိတို့ လိုလားသည့် ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ အဆင်ခြင်မဲ့ သုံးစွဲမှုများ၊ အလွန်အကျွံသုံးစွဲမှုများသည် အရင်းအမြစ်ကို ဖြုန်းတီးစေပြီး အရင်းအနှီးကို ပွန်းစားစေမည်ဖြစ်ပါသည်။ စီးပွားရေးစကားဖြင့်ပြောရလျှင် အရင်းပြုတ်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်၍ သဘာဝအရင်းအမြစ်များသည် ထုတ်ယူသုံးစွဲသူ လူသားများပေါ်မူတည်၍ အရေအတွက်ရော အရည်အသွေးပါ လျော့ပါးတတ်ပြီး ကုန်ဆုံးပျောက်ကွယ်သွားနိုင်ပါသည်။

အစားပြန်မရနိုင်သော အရင်းအမြစ်ဖြစ်သည့် ရုပ်ကြွင်းလောင်စာ (Fossil Fuel) များကို စက်မှုတော်လှန်ရေးကာလမှအစပြု၍ အဆမတန်အသုံးပြုလာကြပါသည်။ အကျိုးဆက်အဖြစ် ရုပ်ကြွင်းလောင်စာလောင်မြိုက်မှုမှ ထွက်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ဆာလဖာဒိုင်အောက်ဆိုဒ်၊ မီသိန်းစသော မှန်လုံအိမ်ဓာတ်ငွေ့များသည် ကမ္ဘာ့လေထုအတွင်း အဆမတန် ခိုအောင်းလာကြပါသည်။ ၂၀၀၈ ခုနှစ် စာရင်းဇယား အချက်အလက်များအရ ကမ္ဘာ့လေထုအတွင်း မှန်လုံအိမ်ဓာတ်ငွေ့CO_2(ကာဗွန်ဒိုင်အောက်ဆိုဒ် တူမျှကိန်း) တန်ပေါင်း ၃၉ ဘီလီယံခန့်ရှိနေပြီ ဖြစ်ကြောင်း သိရှိရပါသည်။ လေထုအတွင်း ဓာတ်ငွေ့အချိုးအစား မညီမညာပြောင်းလဲလာသည့်အခါ အိုဇုန်းလွှာ ပေါက်ကွဲမှုဟူသော ကြောက်မက်ဖွယ်အန္တရာယ်ကို ကြုံတွေ့လာရပါသည်။ လေထု ကိုယ်တိုင်က သန့်စင်မှုမရှိတော့သည့် အခါ ညစ်ညမ်းသည့်ဓာတ်ငွေ့များကို စစ်ထုတ်ပေးနိုင်စွမ်း မရှိတော့ဘဲ လေထုညစ်ညမ်းမှု ဖြစ်ပေါ်လာရပါသည်။

မည်သည့်ကုန်ထုတ်လုပ်မှုဖြစ်စေ သဘာဝအရင်းအမြစ် သုံးစွဲမှုနှင့် မလွတ်ကင်းနိုင်ပါ။ ရုပ်ကြွင်းလောင်စာအပါအဝင် အရင်းအမြစ်သုံးစွဲမှုများလေလေ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုများလေလေ ဖြစ်ပါသည်။ သို့ရာတွင် အမေရိကန်နိုင်ငံတွင် ၂ မိနစ်တိုင်း လောင်စာဆီ ဂါလန် ၁ သန်းနှုန်းဖြင့် သုံးစွဲနေဆဲ ဖြစ်ပါသည်။ လေ့လာမှုတစ်ရပ်က လက်ရှိ သုံးစွဲမှုနှုန်းအတိုင်း ဆက်လက်သုံးစွဲသွားမည်ဆိုပါက နောင်နှစ် ၄၀ တွင် ကမ္ဘာ့ရေနံများ ကုန်ခန်းသွားဖွယ်ရှိကြောင်း ဖော်ပြလာပါသည်။ ထို့အတူ သဘာဝဓာတ်ငွေ့

များသည် နောင် ၅၃ နှစ်တွင် လည်းကောင်း၊ ဖော့စဖရပ်စ် သတ္တုသည် နောင်နှစ်ပေါင်း ၅၀ မှ ၁၀၀ အတွင်းတွင်လည်းကောင်း၊ ရုပ်ကြွင်းလောင်စာတွင် အများဆုံးကျန်ရှိနေသေးသည့် ကျောက်မီးသွေးသည်ပင် နောင်နှစ်ပေါင်း ၁၈၀ ခန့်တွင်လည်းကောင်း ကုန်ခန်းသွားနိုင်ကြောင်း ခန့်မှန်း ထားပါသည်။ ပြည်လည်ပြည့်ဖြိုးမြဲ အရင်းအမြစ်ဟုသိကြသည့် လူသားတို့အသုံးချမှုအများဆုံး သဘာဝအရင်းအမြစ်ဖြစ်သည့် ရေသည်ပင် ခန်းခြောက် သွားနိုင်ကြောင်း ပညာရှင်များက ထောက်ပြကြပါသည်။ ကမ္ဘာ့ရေ၏ ၂.၅ ရာခိုင်နှုန်းသာ ရေချိုရေသန့်ဖြစ်ပြီး FAO ၏ ခန့်မှန်းချက်အရ ၂၀၂၅ ခုနှစ်တွင် လူဦးရေ ၁.၈ ဘီလီယံခန့်သည် ရေချိုအလွန်အမင်း ရှားပါးပြတ်လပ်သည့် ပြဿနာကို မလွဲမသွေကြုံတွေ့ကြရတော့မည်ဖြစ်ပါသည်။

လူတို့သည် သဘာဝပတ်ဝန်းကျင်မှဖန်တီး ပေးထားသည့် အရင်းအမြစ်များကို ထုတ်ယူသုံးစွဲပြီး ၎င်းတို့၏ စွန့်ပစ်ပစ္စည်းများဖြင့် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေလျက်ရှိနေပါသည်။ အမေရိကန်သုတေသန အစီအစဉ်တစ်ရပ်က လူတစ်ယောက်နေ့စဉ် စွန့်ပစ်သည့် အမှိုက်သရိုက်နှင့် အညစ်အကြေးစုစုပေါင်းပမာဏသည် ၎င်း၏ ခန္ဓာကိုယ် အလေးချိန် နှစ်ဆထက်ပင် ပိုများနေ ကြောင်း အံ့အားသင့်ဖွယ် တွေ့ရှိခဲ့ကြပါသည်။ အညစ်အကြေးဟု ဆိုရာတွင် ၎င်းလူ စွန့်ထုတ်လိုက်သည့် ဆီး၊ ဝမ်းအညစ်အကြေးကစ ၎င်းစွန့်ပစ်သည့်အမှိုက်၊ ရေနုတ်မြောင်း သို့ စွန့်သည့်ရေ၊ ကားမော်တော်ယာဉ်မှထွက်သည့် ဓာတ်ငွေ့၊ ၎င်းအသုံးပြုသည့် ရေခဲသေတ္တာ၊ လေအေးပေးစက်များမှထွက်သည့် ဓာတ်ငွေ့စသည်တို့ ပါဝင်တွက်ချက်ထားခြင်းဖြစ်ပါသည်။ နှစ်စဉ် ကမ္ဘာတစ်ဝှမ်းလုံး အစားအစာ ထုတ်လုပ်မှု၏ သုံးပုံတစ်ပုံခန့်(၁.၃ ဘီလီယံတန်ခန့်)သည် အလေအလွင့်အဖြစ် ဖြုန်းတီးလျက်ရှိနေသဖြင့် ၂၀၁၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်ကို "Think. Eat. Save"ဟု သတ်မှတ်၍ လှုံ့ဆော်မှုများပြုလုပ်ခဲ့ပါသည်။

လူတို့သည် ကာဗွန်ဖြုပ်ပေါင်းများကို စားသုံးပြီး ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ထုတ်လွှတ်ကြပါသည်။ လူတို့က ထုတ်လွှတ်လိုက်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ကို သစ်ပင်များက ရှုသွင်းသန့်စင်ပြီး အောက်ဆီဂျင်ဓာတ်ငွေ့ကို လေထုထဲပြန်လွှတ်ပေးသည့် သဘာဝဖြစ်စဉ်သည် ဂေဟစနစ်၏ တန်ဖိုးမဖြတ်နိုင်သော ဝန်ဆောင်မှုပင်ဖြစ်ပါသည်။ သို့ရာတွင် သစ်တောသစ်ပင်များသည် ယနေ့အချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် ဖြုန်းတီးလျက်ရှိပါသည်။ လူတို့၏ လိုအပ်ချက်အထွေထွေအတွက် စတေးခံရသည်မှာ တန်ဖိုးရှိလှသည့် သစ်ပင်များဖြစ်နေသည်မှာ မသက်သာလှသော အမှန်တရားဖြစ်နေပါသည်။ အနည်းဆုံးအနေဖြင့် အိမ်ဆောက်ရန် မြေနေရာလိုအပ်ချက်တွက် သစ်တောကို ခုတ်ထွင်ရှင်းလင်းကြသည်။ သစ်၊ ဝါး လိုအပ်ချက်အတွက် သစ်ပင်ကိုခုတ်လှဲကြသည်။ စားပွဲ၊ ဘီရိုစသည်တို့ ပြုလုပ်ရန်အတွက် သက်တမ်းရင့် သစ်ပင်ကြီးများကို ခုတ်လှဲရန် ဝန်မလေးတတ်ကြပေ။ ထိုထက်မက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရေစီးကြောင်းတွင် လိုက်ပါရန်လည်း သစ်ပင်များကို ခုတ်လှဲ ဖောင်ဖွဲ့ကြသည်။ရော်ဘာဈေးကွက် အားကောင်းချိန်တွင် ရော်ဘာစိုက်ခင်းများနှင့် စက်ရုံများတည်ထောင်ရန် သစ်တောများ အပြောင်းရှင်းခံရသည်။ ဆီအုန်းဈေးကွက်ခေတ်ကောင်းချိန်တွင် သစ်တောများသည် ဆီအုန်းစိုက်ခင်းများအဖြစ် ပြောင်းလဲခြင်းခံရသည်။ လေ့လာသူများ၏အဆိုအရ ကမ္ဘာကြီးတွင် တစ်စက္ကန့်လျှင် သစ်တော တစ်ကေခွဲနှုန်းဖြင့် ဖြုန်းတီးလာနေသဖြင့် နောက်ရာစုနှစ်တစ်ဝက်ခန့်တွင် ကမ္ဘာပေါ်ရှိ သစ်တောအားလုံး ဖြုန်းတီးဖွယ် ရှိနေပါသည်။ လူတို့၏ အပြုအမူကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုများပြားလာချိန်တွင် လူတို့၏အပြုအမူကြောင့်ပင် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို အလိုအလျောက်သန့်စင်ပေးမည့် သစ်တောသစ်ပင်များ လျော့ပါးလာသည့် မမျှတသောဖြစ်စဉ်သည် ကမ္ဘာကြီး၏ ဂေဟစနစ်ကို များစွာခြိမ်းခြောက်လျက်ရှိနေပါသည်။

တိုးတက်လာသောလူဦးရေအတွက် ကမ္ဘာကြီးထံမှ အရင်းအမြစ်ထုတ်ယူသုံးစွဲမှု အလွန်များပြားလာခြင်း၏ အကျိုးဆက်အဖြစ် သစ်တောသစ်ပင်၊ သမုဒ္ဒရာ၊ ရေချိုအရင်းအမြစ်နှင့် အခြားသော သဘာဝအရင်းအမြစ်များ၏ ဂေဟစနစ်ဝန်ဆောင်မှုသည် ၁၉၇၀ ပြည့်နှစ် အခြေအနေထက် ၃၅ ရာခိုင်နှုန်းခန့် လျော့နည်းကျဆင်းခဲ့ကြောင်း **World Wildlife Fund (WWF)** ၏ **Living Planet Index** က တိုင်းတာပြသခဲ့သည်ကို ကြည့်ရှုခြင်းအားဖြင့် ကမ္ဘာ့ဂေဟစနစ်သည် မျှခြေပျက်မှတ် (**Tipping Point**) သို့ ရောက်ရှိနေပြီဟု ဆိုစမှတ်ပြုနေကြပြီဖြစ်ပါသည်။ အထက်တွင် ဖော်ပြခဲ့သော သစ်တောဖြုန်းတီးခြင်းပြဿနာကဲ့သို့ မမျှတသောဖြစ်စဉ်များစွာ ရှိနေခြင်းသည် ကမ္ဘာ့ဂေဟစနစ်ကို ကပြောင်းကပြန်ဖြစ်စေသည်။ ကမ္ဘာ့လူဦးရေတိုးတက်လာခြင်းကြောင့် စားနပ်ရိက္ခာ လိုအပ်ချက်မြင့်မားချိန်တွင် စိုက်ပျိုးသီးနှံများ၏ အထွက်နှုန်း ကျဆင်းနေပါသည်။ လူတို့၏ အပြုအမူကြောင့် ကမ္ဘာ့စိုက်ပျိုးမြေ၏ မြေဆီလွှာမှာ တစ်နှစ်လျှင် တန်သန်းပေါင်း ၂၄၀၀၀ နှုန်းဖြင့် လျော့နည်းပျက်စီးပြီးဖြစ်နေပါသည်။ တိုးတက်လာသော လူဦးရေအတွက် နေစရာမြေနေရာများစွာလိုအပ်နေချိန်တွင် ကမ္ဘာပေါ်ရှိ ကမ်းရိုးတန်းဒေသနှင့် အချို့သော ကျွန်းနိုင်ငံများသည် ကမ္ဘာကြီးပူနွေးလာခြင်း၏အကျိုးဆက်ဖြစ်သည့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်းကြောင့် နစ်မြုပ် ပျောက်ကွယ်သွားဖွယ်ရှိနေပါသည်။

လက်ရှိလူဦးရေတိုးတက်နှုန်းနှင့် သုံးစွဲမှုနှုန်းအတိုင်းဆိုပါက လာမည့် ၂၀၅၀ ပြည့်နှစ်အတွက် ခန့်မှန်းထားသည့် လူဦးရေသန်းပေါင်း ၉၆၀၀ အတွက် ကမ္ဘာမြေ (၃)ခုစာမျှ ရှိမှသာ လုံလောက်နိုင်မည်ဖြစ်ပါသည်။ သို့သော် ဤကမ္ဘာ

မြေသည် တစ်ခုတည်းသော ကမ္ဘာမြေ (One Planet) သာ ဖြစ်ပါသည်။ နေစကြာဝဠာအတွင်းတွင် ဤကမ္ဘာကဲ့သို့ နောက်ထပ်မရှိတော့သည်ကို အားလုံးသိရှိပါသည်။ သို့ဖြစ်ရာ ကမ္ဘာမြေအရှည် တည်တံ့စေရေး၊ ကမ္ဘာပေါ်ရှိ အပင်နှင့် သတ္တဝါများ မပျောက်ကွယ်ရေး၊ သဘာဝအရင်းအမြစ်များ သားစဉ်မြေးဆက်အထိ တည်ရှိနေရေးသည် လက်ရှိ လူသား သန်း ၇၀၀၀ ၏ မျှော်မှန်းချက် (Seven Billion Dreams) ဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာ့လူသားများသည် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ရှုထောင့်သစ်မှ ချဉ်းကပ်ရန် ကြိုးစားလာခဲ့ကြပါသည်။ ၎င်းမှာ စဉ်ဆက်မပြတ်သော ဖွံ့ဖြိုးတိုးတက်မှု (သို့မဟုတ်) ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) လမ်းကြောင်းပေါ် လျှောက်လှမ်းရန်ပင် ဖြစ်ပါသည်။

ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development)သည် ၁၉၉၂ ခုနှစ် ဘရာဇီးလ်နိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂညီလာခံတစ်ခုမှ စတင်ပေါက်ဖွားလာပြီးနောက် ၁၀ နှစ်အကြာ ၂၀၀၂ ခုနှစ် တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စ်ဘတ်တွင် ကျင်းပသည့် ကမ္ဘာမြေထိပ်သီးအစည်းအဝေးတွင် ကြေးကြော်သံများ ပိုမိုပီပြင်လာခဲ့ပါသည်။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development)၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် ရေရှည်တည်တံ့သော သုံးစွဲမှုနှင့် ထုတ်လုပ်မှု (Sustainable Consumption and Production- SCP)သည် ပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မည့် နည်းလမ်းဖြစ်ကြောင်း လက်ခံလာကြပါသည်။ ရေရှည်တည်တံ့မှု၏ အဓိပ္ပါယ်မှာ အလွန်ကျယ်ဝန်းလှပါသည်။ အနီးစပ်ဆုံး အဓိပ္ပါယ်ဖွင့်ဆိုရပါလျှင် -လူသားတို့၏ အခြေခံလိုအပ်ချက်ကို ဖြည့်ဆည်းရန်နှင့် ပိုမိုကောင်းမွန်သောဘဝ ဖြစ်ထွန်းစေရန်အတွက် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို သဘာဝအရင်းအမြစ် အသုံးပြုမှု အနည်းဆုံး၊ စွန့်ပစ်ပစ္စည်းနှင့် ညစ်ညမ်းပစ္စည်း ထုတ်လွှတ်မှုအနည်းဆုံးဖြင့် အနာဂတ်မျိုးဆက်၏ လိုအပ်ချက်များကိုလည်း မထိပါးစေဘဲ ထုတ်လုပ်သုံးစွဲသွားရန်ဖြစ်ပါသည်။ တိုတိုနှင့်လိုရင်း ပြောရပါလျှင် - Enough for All, Forever- -အားလုံးအတွက် ထာဝရ လုံလောက်စေမှုပင် ဖြစ်ပါသည်။ မြန်မာလူမျိုးတို့ ပြောလေ့ရှိသည့် -နေ့ဖို့ ညစာ ချန်ထားဦး-ဟူသောစကားသည်ပင် ရေရှည်တည်တံ့မှု အဓိပ္ပါယ်ပါဝင်နေပါသည်။ ပတ်ဝန်းကျင်ဆိုင်ရာ ညီလာခံများ အကြိမ်ကြိမ်ပြုလုပ်ပြီးမှ Sustainability ရဲ့လေးနက်မှုကို သဘောပေါက်စပြုလာကြပြီ ဖြစ်ပါသည်။

၂၀၁၂ ခုနှစ် Rio+20 ညီလာခံတွင် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရေရှည်တည်တံ့သော သုံးစွဲမှုနှင့် ထုတ်လုပ်မှု (Sustainable Consumption and Production - SCP) လမ်းကြောင်းဆီ လျှောက်လှမ်းကြရေး ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်ပေးမည့် 10 Year Framework of Prograamme- 10YFP ဟူသော ကမ္ဘာလုံးဆိုင်ရာမူဘောင်တစ်ရပ် ချမှတ်ခဲ့ပါသည်။ 10YFP ၏ ရည်ရွယ်ချက်မှာ စီးပွားရေး တိုးတက်မှုမှ ဖြစ်ပေါ်လာသည့် သယံဇာတသုံးစွဲမှုနှင့် ပတ်ဝန်းကျင်အရည်အသွေး ကျဆင်းမှုကို လျှော့ချလျက် သယံဇာတကို ထိရောက်အကျိုးရှိစွာ အသုံးချရေး ဦးဆောင်လှုပ်ရှားမှု၊ ရေရှည်တည်တံ့သော သုံးစွဲမှုနှင့် ထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂသည် လွန်ခဲ့သော ၁၅ နှစ်က ချမှတ်ခဲ့သော ထောင်စုနှစ် ရည်မှန်းချက် (Millennium Development Goals-MDGs)ကို Sustainable Development Goals-SDGs အဖြစ် ပြောင်းလဲရန် ဆောင်ရွက်လျက်ရှိပြီး Sustainable Production and Consumption သည် SDGs တွင် ပါဝင်လာမည်ဖြစ်ပါသည်။

SCP လမ်းကြောင်းပေါ် လျှောက်လှမ်းရာတွင် စိန်ခေါ်မှုများစွာရှိပါသည်။ လူသားတို့သည် သဘာဝအရင်းအမြစ်များကို ကမ္ဘာကြီးက ရေရှည်ထောက်ပံ့ပေးနိုင်သည့် အတိုင်းအတာထက် များစွာကျော်လွန်သုံးစွဲနေကြခြင်းသည် အဓိကကျော်လွှားရမည့် ရှေးရှုစွဲခလေ့ကြီးပင် ဖြစ်ပါသည်။ ခေတ်မီသော အမေရိကန်နိုင်ငံသည်ပင် စွမ်းအင်သုံးစွဲမှု လွန်ကဲနေဆဲဖြစ်ပါသည်။ ကမ္ဘာ့လူဦးရေ၏ ၅ ရာခိုင်နှုန်းမျှပင် မရှိသော အမေရိကန်နိုင်ငံသည် ကမ္ဘာ့ရုပ်ကြွင်းလောင်စာ သုံးစွဲမှု၏ ၂၅ ရာခိုင်နှုန်း ပိုင်ဆိုင်ထားဆဲဖြစ်ပါသည်။ အမေရိကန်နိုင်ငံတွင် လိုင်စင်ရယာဉ်မောင်းသူ အရေအတွက်ထက် မော်တော်ကားအရေအတွက်က ပိုများနေပါသည်။ အချို့သောနိုင်ငံများသည်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကိုယ်ကျိုးစီးပွားယှဉ်လာပါက ကိုယ်ကျိုးစီးပွားကို အလေးသာနေဆဲ ဖြစ်ပါသည်။

ဆက်လက်ဖော်ပြပါမည်

အပြန်အလှန်အကျိုးပြုမည့် REDD+ လုပ်ငန်းများနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ (CF)

ဒေါက်တာသောင်းနိုင်ဦး၊ ညွှန်ကြားရေးမှူး၊ သစ်တောသုတေသနဌာန

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဆိုင်ရာ ညွှန်ကြားချက်များကို ၁၉၉၅ ခုနှစ်ကတည်းက ထုတ်ပြန်ခဲ့ရာယခုဆိုလျှင် ၁၈ နှစ်ကျော်ခဲ့ပြီဖြစ်ပါသည်။ ယနေ့အချိန်တွင် သစ်တောဝန်ထမ်းများ၊ အရာထမ်းများ၊ သစ်တောနှင့်ဆက်စပ်ပတ်သက်နေသူများအနေဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများအကြောင်းကို အတိုင်းအတာတစ်ခုအထိသိရှိနားလည်ပြီး၊ အတွေ့အကြုံများလည်း ရရှိပြီးဖြစ်ပါသည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း များသည် သစ်တောများစီမံအုပ်ချုပ်ခွင့်နှင့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲခွင့်ဆိုင်ရာ လုပ်ပိုင်ခွင့် (Empowerment) အား ဒေသခံပြည်သူများအား အတိအလင်း ခွဲဝေပေးထားသည့် ဗဟိုချုပ်ကိုင်မှုစနစ်လျှော့ချသည့် (Decentralization) လုပ်ငန်းစဉ်ဖြစ်ပြီး မြန်မာ့သစ်တောမူဝါဒ (၆) ရပ်နှင့် စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်ခြင်း ရည်မှန်းချက်များအောင်မြင်စေရေးအတွက် အရေးပါသော ပြည်သူဗဟိုပြုလုပ်ငန်းစဉ်လည်းဖြစ်ပါသည်။

ထို့ကြောင့်လည်း နှစ်(၃၀)အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်း(၂၀၀၁-၀၂ မှ ၂၀၃၀-၃၁)တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများအား ဧကသန်းပေါင်း (၂. ၂၇)သန်းထိ တည်ထောင်နိုင်ရန် ရည်မှန်းချက် ကြီးမားစွာဖြင့် ထည့်သွင်းထားခြင်းဖြစ်ပါသည်။

မူလက ပြုန်းတီးနေသော သစ်တောများ ပြန်လည်တည်ထောင်ရေးနှင့် ဒေသခံပြည်သူများအတွက် ထင်းလိုအပ်ချက် ဖြည့်ဆည်းနိုင်ရေးကို အဓိက ရည်ရွယ်ခဲ့သော်လည်း ယနေ့အချိန်တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ၏ အခန်းကဏ္ဍနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများအပေါ် ထားရှိသည့် မျှော်မှန်းချက်များမှာ တိုးတက်မြင့်မားလျက်ရှိပါသည်။

ယခင်ကဒေသခံပြည်သူများအတွက် သစ်ထင်းဝါးစသည့် သစ်တောထွက်ပစ္စည်းအခြေခံ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ထားပြီး ယခုအချိန်တွင် ဈေးကွက်ကို ဦးတည်သော၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်သော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများအဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်လာလျက်ရှိကြပါသည်။ မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သော ပြည်သူများသည် ကျေးလက်ဒေသနေပြည်သူများ၊ သစ်တောကို မှီခို၍ အသက်မွေးဝမ်းကျောင်းပြုရသူများဖြစ်သဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၊ အစားအစာဖူလုံရေးလုပ်ငန်းစဉ်များအတွက် အလွန်အရေးပါသည့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ရှုမြင်လာကြပါသည်။

ဒေသတစ်ခုချင်း၏ ရေမြေရာသီဥတုအပေါ် မူတည်၍ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း တစ်ခုချင်းအလိုက် စီးပွားဖြစ် ထုတ်ကုန်များ ထုတ်လုပ် ရောင်းချနိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဆက်စပ်ဌာနများကပါ ပူးပေါင်းပါဝင်ကူညီပေးလျက် ရှိပါသည်။ ဥပမာအားဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအဖွဲ့ဝင်များ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အသေးစားချေးငွေအစီအစဉ် ဆောင်ရွက်ပေးခြင်း၊ အသက်မွေးမှု အတတ်ပညာသင်တန်းများ ပို့ချသင်ကြားပေးခြင်း၊ ဈေးကွက်ဖော်ဆောင်ပေးခြင်း၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခုဖြစ်လာစေရေး ဆောင်ရွက်ခြင်း စသည့်အစီအစဉ်များကို ပေါင်းစပ်ဆောင်ရွက်ပေးလျက် ရှိပါသည်။

ထို့အပြင် အစုအဖွဲ့ပိုင် သစ်တောများသည် ပြည်သူများ ပူးပေါင်းပါဝင်သည့် လုပ်ငန်းစဉ်များအဖြစ် ရပ်ရွာဒေသအတွင်း ရာသီဥတုမျှတစေရုံသာမက ဒေသအတွင်း ရာသီဥတု ပြောင်းလဲမှုလျော့ပါး သက်သာစေရေးအတွက် လည်းကောင်း၊ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးအတွက်သော်လည်းကောင်း အရေးပါသည့် သဘာဝသယံဇာတများ၊

တံတိုင်းကြီးများအဖြစ် တိုးတက်ရှုမြင်လာကြလျက်ပါသည်။ တစ်နည်းအားဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ရာသီဥတုသာယာမျှတရေး၊ ရေမြေထိန်းသိမ်းရေးနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်း ကာကွယ်ရေး စသည့် ဘက်စုံအကျိုးကျေးဇူးများကို ပေးစွမ်းနိုင်သည့် ပြည်သူဗဟိုပြုသစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်း (တစ်နည်းအားဖြင့်) ပြည်သူများ ကိုယ်တိုင်ကိုယ်ကျ ပူးပေါင်းပါဝင်ခွင့်ရသော သစ်တောလုပ်ငန်းများအဖြစ်ရှုမြင်လာကြပြီး တိုးတက်အကောင်အထည်ဖော် ဆောင်ရွက်လာကြပါသည်။

ယနေ့အချိန်အထိ နိုင်ငံနှင့်အဝန်းအစုအဖွဲ့ပိုင်သစ်တောအသုံးပြုသူအဖွဲ့(၈၂၈)ဖွဲ့၊ အဖွဲ့ဝင်(၃၂,၇၅၂) ဦးဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော (၂၀၁,၈၃၂) ဧကကို စီမံအုပ်ချုပ်လုပ်ကိုင်လျက်ရှိပြီး လိုအပ်သော ကျွမ်းကျင်မှု၊ နည်းပညာများဖြန့်ဖြူးခြင်းနှင့် တိုးချဲ့ပညာပေးရေးလုပ်ငန်းများကိုသစ်တောဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများက တက်ညီလက်ညီဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရေးအတွက် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ (Community Forestry National Working Group-CFNWG)ကို ဆက်စပ်ဌာနမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ သစ်တောဦးစီးဌာန ဦးစီးရုံးချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအဖွဲ့ (CF Unit)များကို ဖွဲ့စည်း၍ ဆောင်ရွက်နေကြပြီ ဖြစ်သည်။ တစ်နည်းအားဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများကို သစ်တောဦးစီးဌာန၏ ခရိုင်သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများတွင် ပေါင်းစပ်ထည့်သွင်းလျက် ပြည်သူဗဟိုပြု သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းစဉ်များ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ REDD+ တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများကို အခြေပြုအကောင်အထည်ဖော်ရန် စမ်းသပ်ဆောင်ရွက်လျက်ရှိသည် (Community-based REDD+)။ အဓိကအကြောင်းအရင်းမှာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းပြည်သူလူထုကို ဗဟိုပြုသော သစ်တောစီမံ အုပ်ချုပ်မှုစနစ် ဖြစ်သောကြောင့် ဖြစ်ပါသည်။ ထို့အပြင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းသည်-

- ♦ လုပ်ငန်းစဉ်အဆင့်ဆင့်၌ ပြည်သူလူထုကိုယ်တိုင်ဦးစီးဦးဆောင်ပြု၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သော သစ်တောစီမံအုပ်ချုပ်မှုစနစ်ဖြစ်ခြင်း၊
- ♦ မြေနှင့်သစ်တော သယံဇာတစီမံခန့်ခွဲပိုင်သောစနစ် ဖြစ်ခြင်း၊အကျိုးအမြတ်ခံစားခွင့်ပြုသောစနစ်ဖြစ်ခြင်း၊ မူဝါဒ ဥပဒေအထောက်အပံ့ အခိုင်အမာရှိသောစနစ်ဖြစ်ခြင်း၊
- ♦ သစ်တောအသုံးပြုသူများအကြား ဒီမိုကရေစီ နည်းလမ်းတကျ ရွေးချယ်ပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ ရွေး ချယ်ပိုင်ခွင့်ရှိသောစနစ်ဖြစ်ခြင်း၊
- ♦ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူအပြုဆုံး နည်းစနစ်ဖြစ်ခြင်း၊
- ♦ သီးနှံ့သစ်တောရောနှော စိုက်ပျိုးခြင်းလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ချိတ်ဆက် ပေါင်းစပ် ဆောင်ရွက်နိုင်ခြင်း၊
- ♦ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ စိတ်ဝင်စားမှု အများဆုံး သစ်တောစီမံအုပ်ချုပ်မှု နည်းစနစ်ဖြစ်ခြင်းနှင့်၊
- ♦ တိုင်းရင်းသားမျိုးရာဓလေ့များနှင့် ဌာနေတိုင်းရင်းသားများ၊ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုကို အခြေပြုသည့် လုပ်ငန်းစဉ်ဖြစ်ခြင်း၊

စသည့် အလားအလာကောင်းများကြောင့် အနာဂတ် သစ်တောအုပ်ချုပ်လုပ်ကိုင်ရာတွင် လည်းကောင်း၊ REDD+ လုပ်ငန်းစဉ်တွင်လည်းကောင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ၏ အခန်းကဏ္ဍမှာလည်း မလွဲမသွေ ပိုမို ကျယ်ပြန့်လာမည် ဖြစ်ပါသည်။

REDD+ **လုပ်ငန်းများ**

ကျေးရွာအစုအဖွဲ့များသည် လူ့ဘောင်အဖွဲ့အစည်း၏ အခြေခံကျသည့် အဖွဲ့ဝင်ယူနစ်များ ဖြစ်သည့် အားလျော်စွာ ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေရေး လုပ်ငန်းစဉ် တစ်ရပ်ဖြစ်သည့် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်း (REDD+) လုပ်ငန်းစဉ်တွင် အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ၊ အဖွဲ့ဝင်များကို အခြေပြုဆောင်ရွက်နိုင်ရေး အတွက်လည်း အလေးထားစဉ်းစားဆောင်ရွက်လာကြပါသည်။

REDD+ သည် ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်းကို တိုက်ဖျက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ သစ်တောသယံဇာတများကိုကာကွယ်ရန်၊ ပိုမို ကောင်းမွန်စွာ စီမံအုပ်ချုပ်နိုင်ရန်နှင့် အကျိုးရှိရှိ အသုံးချရန်အတွက် ထောက်ပံ့ကူညီသည့် အစီအစဉ်တစ်ခု ဖြစ်ပါသည်။ REDD+ ၏ အန္တိမရည်ရွယ်ချက်မှာ ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေရေးအတွက် နိုင်ငံအဆင့် တစ်နိုင်ငံလုံး လွှမ်းခြုံ၍ ဆောင်ရွက်ရမည်ဖြစ်ပြီး ဆက်စပ်အကျိုးကျေးဇူးများဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ ရေဝေရေလဲဒေသထိန်းသိမ်းရေး စသည့် အကျိုးကျေးဇူးများရရှိစေရေးအတွက် ဆက်စပ် ပတ်သက်သူများအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်

ဖြစ်ပါသည်။ ထို့ကြောင့်လည်း REDD+ အကောင်အထည်ဖော်ရာတွင် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားနှင့် ပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်မှုစနစ် (Safeguard Information System) ကို မဖြစ်မနေ ထည့်သွင်းထားခြင်း ဖြစ်ပါသည်။ REDD+ တွင် ဆက်စပ်ပတ်သက်သူများ အားလုံး ပါဝင်နိုင်ပြီး ပူးပေါင်းပါဝင် ဆောင်ရွက်သည့် အလျောက် အကျိုးခံစားခွင့် ရရှိနိုင်ပါသည်။ ထို့ကြောင့်လည်း REDD+ ကို Performance-based payment system ဟုလည်း ခေါ်ဆိုနိုင်ပါသည်။

REDD+ အပြည့်အစုံမှာ Reducing Emissions from Deforestation and Forest Degradation, the role of forest conservation, sustainable management of forests and Enhancement of Forest Carbon Stock in the developing countries ဖြစ်ပါသည်။ ၂၀၀၇ ခုနှစ်၌ အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်းတွင် ပြုလုပ်ခဲ့သည့် ကုလသမဂ္ဂရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာကွန်ဗင်းရှင်း၏ (၁၃) ကြိမ်မြောက် အထွေထွေညီလာခံတွင် REDD+ လုပ်ငန်းစဉ်များကို တိကျဖော်ပြထားသည့် ဘာလီလမ်းပြမြေပုံ (Bali Road Map) ကို အတည်ပြုနိုင်ခဲ့ပါသည်။ ၂၀၀၉ ခုနှစ် ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်မြို့တွင် ကျင်းပသည့် ကုလသမဂ္ဂရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာကွန်ဗင်းရှင်း၏ (၁၅) ကြိမ်မြောက် အထွေထွေညီလာခံ (UNFCCC COP ၁၅)တွင် REDD+ အား ရာသီဥတု ပြောင်းလဲမှု လျော့ပါးသက်သာရေးလုပ်ငန်းစဉ်များတွင် အသိအမှတ်ပြု ထည့်သွင်းနိုင်ခဲ့ပါသည်။ REDD+ တွင်အောက်ဖော်ပြပါ လုပ်ငန်းများ ပါဝင်ပါသည်-

- သစ်တောပြုန်းတီးခြင်းအား လျှော့ချခြင်း၊
- သစ်တောအတန်းအစားကျဆင်းမှုအား လျှော့ချခြင်း၊
- စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်ခြင်း
- သစ်တောထိန်းသိမ်းကာကွယ်ခြင်းနှင့်
- သစ်တောပြုန်းတီးသည့် နေရာများတွင်သစ်တောစိုက်ခင်းထူထောင်ခြင်း စသည့်သစ်တောကာဗွန်တိုးပွားမှုလုပ်ငန်းများပါဝင်ပါသည်။

သစ်တောများပြုန်းတီးခြင်းမှ ထုတ်လွှတ်သော ကာဗွန်ပမာဏသည် ကဏ္ဍအသီးသီးမှ ထုတ်လွှတ်မှု စုစုပေါင်း၏ ၁၇. ၄ ရာခိုင်နှုန်းအထိ ရှိပါသည်။ ထို့ကြောင့် သစ်တောများပြုန်းတီးခြင်းအား တားဆီးခြင်းဖြင့် သစ်တောများမှ ကာဗွန်ထုတ်လွှတ်မှု လျော့ကျပြီး ရာသီဥတုပြောင်းလဲမှုကို လျော့ပါးသက်သာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင် UN-REDD Programme ၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ ဆက်စပ်ပတ်သက်သူများ ပူးပေါင်းပါဝင်သည့် လုပ်ငန်းအဖွဲ့များဖြင့် REDD+ လမ်းပြမြေပုံကို ၂၀၁၃ ခုနှစ်၊ ဇွန်လတွင် ရေးဆွဲနိုင်ခဲ့ပါသည်။ အောက်ဖော်ပြပါ လုပ်ငန်းများသည် အဓိကလုပ်ငန်းများအဖြစ် ပါဝင်ပါသည်-

- ❖ နိုင်ငံအဆင့်REDD+မဟာဗျူဟာရေးဆွဲခြင်း၊
- ❖ နိုင်ငံအဆင့် သစ်တောစောင့်ကြည့်စနစ်တည်ထောင်ခြင်း
- ❖ လူမှုစီးပွားနှင့် ပတ်ဝန်းကျင်ဆိုင်ရာကာကွယ်စောင့်ရှောက်မှုအစီအစဉ် ရေးဆွဲအကောင်အထည်ဖော်ခြင်းနှင့်
- ❖ သစ်တောကာဗွန်ထုတ်လွှတ်မှု ရည်ညွှန်း ပမာဏ သတ်မှတ်ခြင်း၊

မိမိနိုင်ငံ၏ တည်ဆဲဥပဒေများ၊ မိမိနိုင်ငံ၏အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်းပါလုပ်ငန်းစဉ်များနှင့် သာမက အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် သဟဇာတ ဖြစ်စေရန်လည်း လိုအပ်ပါသည်။ ယခုအခါ UN-REDD Programme ၏ ရန်ပုံငွေကြေးနှင့် နည်းပညာ အကူအညီဖြင့် REDD+ Readiness လမ်းပြမြေပုံကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

REDD+ လုပ်ငန်းများသည် တစ်ဦးတစ်ယောက် အဖွဲ့အစည်းတစ်ခုတည်းမှ အကောင်အထည်ဖော်ရခြင်း မဟုတ်ပဲ ဆက်စပ်ပတ်သက်သူများအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ရသော လုပ်ငန်းဖြစ်သည်။ သစ်တောကဏ္ဍသီးသန့် မဟုတ်ပဲ မြေအသုံးချမှုနှင့် ဆက်စပ်သောကဏ္ဍများ၊ ဥပဒေရေးရာ၊ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာငွေကြေးစသည့် ဆက်စပ်ဌာနများ၊ မြို့ပြလူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများအားလုံး ပါဝင်ကြရမည့် လုပ်ငန်းစဉ်ဖြစ်သည်။

ထို့ကြောင့် REDD+လုပ်ငန်းမှရရှိလာသော အကျိုးအမြတ်များကိုလည်း ဆက်စပ်ပတ်သက်သူများ အားလုံး မိမိ၏ ပါဝင်ပတ်သက်မှု ပမာဏအလိုက် ခံစားခွင့်ရှိပါသည်။ သို့ရာတွင် ဆက်စပ်ပတ်သက်သူများ အားလုံး အကျိုးအမြတ်ကို အညီအမျှ ရရှိခံစားနိုင်သည်ဟု မဆိုလိုပါ။ ကာဗွန် ထုတ်လွှတ်မှု လျှော့ချခြင်း (သို့မဟုတ်) ကာဗွန်စုပ်ယူသိုလှောင်မှု ပမာဏတိုးပွားလာစေရန် ဆောင်ရွက်ခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု အတိုင်းအတာအလိုက် အကျိုးအမြတ်ကို အချိုးကျ မျှဝေခံစားနိုင်ကြရမည် ဖြစ်ပါသည်။

အကျိုးအမြတ်မျှဝေခြင်းဆိုရာတွင် ကာဗွန်ခရက်ဒစ် (သို့မဟုတ်) ငွေကြေးရရှိစေမှု တစ်ခုတည်းကို မဆိုလိုပေ။ သစ်တောထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်သည့် ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများအတွက် လူမှုစီးပွားတိုးတက်စေနိုင်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသတွင်း သစ်တောသယံဇာတ အခြေအနေ ပိုမိုကောင်းမွန်လာ၍ ဂေဟစနစ်ဝန်ဆောင်မှုများ ပိုမိုတိုးပွားလာခြင်း စသည်တို့သည်လည်း REDD+ အကျိုးအမြတ်များ အဖြစ် သတ်မှတ်နိုင်ပါသည်။

REDD+ နှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော လုပ်ငန်းများ အပြန်အလှန်အထောက်အကူပြုနိုင်သည့် အခြေအနေကောင်းများ

REDD+ သည် ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေရေးအတွက် ကုလသမဂ္ဂရာ သီဥတုပြောင်းလဲမှု ကွန်ဗင်းရှင်း၏ ဦးဆောင်မှုဖြင့် UN-REDD Programme ကို တည်ထောင်ပြီး ဆောင်ရွက်နေသည့် လုပ်ငန်းစဉ် တစ်ရပ် ဖြစ်ပါသည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းပါဝင်လျက်ရှိပြီး ရန်ပုံငွေကြေးဆိုင်ရာ အစီအစဉ်များ၊ နည်းပညာဆိုင်ရာ အစီအစဉ်များ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး အစီအစဉ်များ၊ ဒေသခံဌာနေ တိုင်းရင်းသားများ အပါအဝင် ဆက်စပ်ပတ်သက်သူများ ပူးပေါင်းပါဝင်နိုင်သည့် အစီအစဉ်များ၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိမ်းသိမ်းစောင့်ရှောက်မှု အစီအစဉ်များနှင့် သစ်တောစောင့်ကြည့်မှုစနစ်များ ပါဝင်သည့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေး လုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည်။ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာကွန်ဗင်းရှင်း (UNF CCC)၊ UN-REDD Programme တို့က ဦးဆောင်၍ အကောင်အထည်ဖော်နေသောကြောင့် ခိုင်မာသောအခြေအနေကောင်းများစွာ ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ကောင်းမွန်သော စီမံအုပ်ချုပ်မှု၊ ပွင့်လင်းမြင်သာမှု၊ ယုံကြည်ကိုးစားမှု မြင့်မားစေရေးအတွက် ချိတ်ဆက်ထိန်းကျောင်း ဆောင်ရွက်နိုင်မည့် အစီအစဉ်များ ထည့်သွင်းထားသကဲ့သို့ မြေယာပိုင်ဆိုင်ခွင့်၊ ဌာနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းများ၊ တရားဥပဒေစိုးမိုးမှုလုပ်ငန်းများနှင့် မြို့ပြလူမှုအဖွဲ့အစည်းများအပါအဝင် သစ်တောနှင့် ဆက်စပ်ပတ်သက်သောကဏ္ဍအသီးသီးနှင့် အလွှာအသီးသီး ပူးပေါင်းပါဝင်နိုင်ရေး အတွက်လည်း အခွင့်အလမ်းများကို ဖော်ဆောင်ထားသောကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများသာမက ဖွံ့ဖြိုးပြီးနိုင်ငံများကပါ စိတ်ဝင်တစား ပူးပေါင်းပါဝင်ပြီး ရန်ပုံငွေကြေးနှင့် နည်းပညာ အကူအညီများကို ထောက်ပံ့ကူညီလျက်ရှိသည်။

ထို့ကြောင့် သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်း (REDD+) လုပ်ငန်းစဉ်များသည် ဒေသခံပြည်သူအစုအဖွဲ့ပိုင်လုပ်ငန်းများအတွက် အလား အလာအကောင်းဆုံးနှင့် ချိတ်ဆက်ဆောင်ရွက်သင့်ဆုံး အပြည်ပြည်ဆိုင်ရာ လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။

မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း (သို့မဟုတ်) ပြည်သူဗဟိုပြုသစ်တောလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကြေးနှင့် နည်းပညာပံ့ပိုးမှုများ မလွဲမသွေလိုအပ်ကြသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများနှင့်အတူ ပြည်သူများ၏ နေ့စဉ်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ဝင်ငွေတိုး လုပ်ငန်းများ၊ အလုပ်အကိုင် အခွင့်အလမ်း ဖော်ဆောင်ရေး လုပ်ငန်းများကို ချိတ်ဆက်အကောင်အထည်ဖော်ရန် လိုအပ်သည်။ သို့မှသာလျှင် နှစ်ရှည်စောင့်ဆိုင်းမှ ငွေကြေးအကျိုးအမြတ်ရနိုင်သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများကို ပြည်သူများ စိတ်ရှည်ရှည်ဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများကို REDD+ နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ရန်ပုံငွေကြေးနှင့် နည်းပညာဆိုင်ရာ အခက်အခဲများ၊အကန့်အသတ်များကို ဖြေရှင်းကျော်လွှားပေးနိုင်မည်ဖြစ်သည်။ ထို့အပြင် REDD+ ၏ အဓိကအစိတ်အပိုင်းများဖြစ်သော လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှု အစီအစဉ်များနှင့်အတူ မြေယာပိုင်ဆိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များ၊ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်နိုင်သည့် အခွင့်အလမ်းများ ဒေသခံပြည်သူများ ပိုမိုရရှိလာနိုင်မည် ဖြစ်ပါသည်။

ထို့အပြင် သစ်တောစီမံအုပ်ချုပ်မှုနှင့် မြေအသုံးချမှုဆိုင်ရာ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံး လုပ်နည်းများ ပိုမိုတိုးတက်ကောင်းမွန်လာပြီး နည်းပညာနှင့် ရန်ပုံငွေကြေး လုံလောက်စွာရရှိ၍ ဒေသခံ ပြည်သူဗဟိုပြုသည့် ထာဝစဉ် တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုစနစ်ကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းမှသည် ---.

-ငယ်သော်လှ- ၏ ဆိုသကဲ့သို့ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများသည် နေရာဒေသအလိုက် ဧရိယာအကျယ်အဝန်းပမာဏ အမျိုးမျိုးရှိသော်လည်း တူညီသော အချက်မှာ သစ်တောစီမံအုပ်ချုပ်မှုယူနစ်၏ အသေးငယ်ဆုံးသော အစိတ်အပိုင်းများ ဖြစ်သည်။ ဒေသခံပြည်သူများက တနိုင်တပိုင်အုပ်ချုပ်လုပ်ကိုင်သော သစ်တောစီမံအုပ်ချုပ်မှုယူနစ်များ ဖြစ်သည်။ ပြည်သူများကိုယ်တိုင်ကိုယ်ကျ စီမံအုပ်ချုပ်နိုင်သော သစ်တောငယ်များ ဖြစ်သည်။ နိုင်ငံနှင့်အဝန်းတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများကို ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် တည်ထောင်စီမံအုပ်ချုပ်လုပ်ကိုင်ခြင်းဖြင့် နိုင်ငံအဝန်း သစ်တောများဖြင့် ဖုံးလွှမ်းသွားနိုင်ပါမည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများကို ချိတ်ဆက်ခြင်း (Nested Approach) ဖြင့် နိုင်ငံအဆင့် ရည်မှန်းဆောင်ရွက်နေသော REDD+ လုပ်ငန်းစဉ်ကို တိုက်ရိုက်အထောက်အကူပြု၍ REDD+ နှင့် CF ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ တစ်ခုနှင့်တစ်ခု အကျိုးပြု၍ သားရွှေအိုးထမ်းလာသည်ကို မြင်ရသည့်ကိန်း အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

၂၀၁၅ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်။ (၅-၆-၂၀၁၅)



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ASEAN Social Forestry Network (ASFN)၏ (၆)ကြိမ်မြောက်ညီလာခံတွင် အဖွင့်အမှာစကားပြောကြားစဉ်(၂-၆-၂၀၁၅)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေး ပေါ်လစီမှ အမျိုးသားအဆင့် မြေအသုံးချမှု မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အဖွင့်အမှာစကားပြောကြားစဉ်(၂၉-၆-၂၀၁၅)

ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ထန်းငယ်တောကျေးရွာ ထူးခွန်စံပြကျေးရွာအုပ်စုနှင့် စွမ်းအားမြင့်မီးဖိုများပေးအပ်ပွဲအခမ်းအနားတွင် ကျေးရွာ၏ ထင်းအစားအခြားလောင်စာသုံးစွဲမှုမှတ်တမ်းဓာတ်ပုံများ ပြခန်းအား ကြည့်ရှုအားပေးစဉ်။ (၃-၆-၂၀၁၅)

ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ကယားပြည်နယ်၊ ဘော်လခဲမြို့နယ်၊ နန်းပဲကျေးရွာတွင် ဒေသခံ ကျေးလက်ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ ဆွေးနွေးနေစဉ်။ (၆-၆-၂၀၁၅)

ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ရေဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ပညာရေးကောလိပ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကျပန်းစကားပြောနှင့် စကားရည်လုပြိုင်ပွဲများ အခမ်းအနားတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင်များအား ဆွေးနွေးဟောပြောစဉ်။(၁၉-၆-၂၀၁၅)

ဇူလိုင်လ(၃)ရက်နေ့တွင် ကျရောက်မည့်
မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြု
ကြိုဆိုသောအားဖြင့် နေပြည်တော်ကောင်စီ
နယ်မြေ သံဗေဒနီယလေးဌာနရှိ လုမ္ဗိနီဥယျာဉ်တော်အတွင်း
မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့်
မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။
(၃၀-၆-၂၀၁၅)

ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင်
စစ်ကိုင်းတိုင်းဒေသကြီး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှု
ကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့်
တွေ့ဆုံညှိနှိုင်းဆွေးနွေးစဉ်။
(၁၇-၆-၂၀၁၅)

ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် အား
JICA မှ Senior Adviser ဖြစ်သူ
Mr.Senro IMAI ဦးဆောင်သောအဖွဲ့
လာရောက်တွေ့ဆုံဆွေးနွေးစဉ်။ (၁၁-၆-၂၀၁၅)

မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ၂၀၁၅ ခုနှစ် ဆောင်းခိုငှက်စာရင်းကောက်လုပ်ငန်းဆောင်ရွက်မှုများ

မှတ်သီးကောက်ကြီး
(Eurasian Curlew)(Near Threatened Species)

ခရုစုပ်ခေါင်းမဲများနှင့် သဲတာလိုင်းလေးများ
(Black-headed Ibis and Lesser Sand Plover)

ဆောင်းခိုငှက်မျိုးစိတ်များ
(Plovers and Green Shank)

စင်ယော်ကြီးနှင့် မြစ်တွေးများ(Gulls and Terns)

နော်မန်ရေခြစ်ငှက် (Nordmann's Greenshank)
(Endangered Species)

ဆောင်းခိုငှက်မျိုးစိတ်များ
(Plovers and Green Shank)

ခရုတုတ်/ ခရုစုတ်
(Asian Openbill)(Least Concern Species)

သဲတာလိုင်းလေး (Lesser Sand Plover)

ဆောင်းခိုငှက်မျိုးစိတ်များ (Plovers and Green Shank)

ဗောင်ရှ (Grey Heron)

သဲတာလိုင်းကြီး (Greater Sand Plover)

ငှက်ဆက်ဆံ (Long-tailed Shrike)

လင်းယုန်(Crested Serpent Eagle)

(Plaintive Cuckoo)

ပိန်ညင်းငှက်(White-throated Kingfisher)

ယနေ့တိုးတက်နေသည့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ငှက်များကိုလေ့လာခြင်းပညာရပ်သည် များစွာခေတ်စားလာလျက်ရှိပါသည်။ ငှက်များကိုလေ့လာခြင်းသည် စိတ်ဝင်စားစရာလှုပ်ရှားမှု၊ ပျော်ရွှင်စရာလှုပ်ရှားမှုနှင့် သိပ္ပံပညာရပ်ဆိုင်ရာလေ့လာမှုတို့ကို ပေါင်းစပ်ထားသော ပညာရပ်တစ်ခုဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ငှက်များ ထိန်းသိမ်းကာကွယ်ထားသည့် ထိန်းသိမ်းရေးနယ်မြေများစွာရှိသည့်အနက် သစ်တောဦးစီးဌာန၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် ဒီရေတောနှင့်ရေတိမ်ဒေသဥယျာဉ်တစ်ခုဖြစ်သည်နှင့် အညီ ငှက်စာရင်းကောက်လုပ်ငန်းများကို လစဉ်လုပ်ငန်း လျာထားချက်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်း ငှက်စာရင်းကောက်လုပ်ငန်းများအား အောက်ပါရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့ပါသည်-

(က)မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဧရိယာအတွင်း နှစ်စဉ်လာရောက် ဆောင်းခိုကြသော ဒေသပြောင်း ဆောင်းခိုငှက် (Migratory Birds)များနှင့် ဌာနေငှက် (Resident)များ၏ အခြေအနေကို လေ့လာသိရှိနိုင်ရန်။

(ခ)မိန်းမလှကျွန်းနှင့် ဆက်စပ်ဧရိယာဖြစ်သော ကတိုးကလေးကျွန်း၊ ဂယက်ကြီးကျွန်း (ငမန်းသောင်) တို့တွင် နှစ်စဉ်လာရောက်ဆောင်းခိုကျက်စားကြသော ကမ္ဘာ့ရှားပါး(မျိုးဆက်ပျက်သုဉ်းလုဆဲ) ငှက်မျိုးစိတ်များ၏ အခြေအနေကို လေ့လာသိရှိနိုင်ရန်။

(ဂ) တဖြည်းဖြည်းကောင်ရေ လျော့နည်းရှားပါးလာပြီး မျိုးသုဉ်းသွားနိုင်သည့် ငှက်မျိုးစိတ်များကို လေ့လာဖော်ထုတ်၍ အချိန်မီ ထိန်းသိမ်းကာကွယ် ဆောင်ရွက်နိုင်ရန်။

(ဃ) ငှက်မျိုးစိတ်များ၏ တိုးပွားလာမှု၊ လျော့နည်းသွားမှု၊ အခြေအနေများကို ကြည့်ရှုလေ့လာပြီး သဘာဝပတ်ဝန်းကျင်အခြေအနေများကို သိပ္ပံနည်းကျ လေ့လာသုံးသပ်နိုင်ရန်။

(င) သဘာဝအခြေခံခရီးသွားလုပ်ငန်း (Ecotourism) ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်။

မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ချောင်းရိုးများနှင့် ကမ်းခြေဧရိယာများတွင် ဌာနပိုင်လှေ၊ လက်ခတ်လှေများအသုံးပြု၍ သွားရောက်လေ့လာပြီး ကင်းစခန်းများအနီးဝန်းကျင်နှင့် မျောက်တစ်ရာဘုရားဝန်းကျင်၊ တောတွင်းလျှောက်လမ်းများတွင် လမ်းလျှောက်လေ့လာပါသည်။ အဝေးကြည့်မှန်ပြောင်း(Binocular)နှင့် တယ်လီစကုပ် (Telescope) များအသုံးပြု၍ လေ့လာပြီး ငှက်ကြည့် လမ်းညွှန်စာအုပ်(Bird of South East Asia, Water Birds of Asia)စာအုပ်များ အသုံးပြု၍ မျိုးစိတ်ခွဲခြားမှတ်တမ်းပြုစုခဲ့ပါသည်။ ဘေးမဲ့တောအတွင်း အဖွဲ့(၂)ဖွဲ့ခွဲ၍အရှေ့ခြမ်းနှင့်အနောက်ခြမ်း တစ်ပြိုင်တည်း စာရင်းကောက်ယူပြီးပင်လယ်ကမ်းခြေပင်လယ်လိပ်ကျွန်းများဖြစ်သော ကတိုးကလေးကျွန်းနှင့် ဂယက်ကြီးကျွန်း (ငမန်းသောင်)တို့သို့ စက်လှေများ အသုံးပြု၍ သွားလာပြီးကျွန်းများအပေါ်တွင် လမ်းလျှောက်လေ့လာခဲ့ကြပါသည်။

မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဝန်ထမ်းများသည် ၂၀၁၅ ခုနှစ်တွင် မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ဆက်စပ်ဧရိယာတစ်ခုဖြစ်သည့် ကတိုးကလေးကျွန်း၊ဂယက်ကြီးကျွန်း(ငမန်းသောင်)တို့တွင် နှစ်စဉ်လာရောက်ဆောင်းခိုကျက်စားကြသော ကမ္ဘာ့ရှားပါး(မျိုးဆက်ပျက်သုဉ်းလုဆဲ) ငှက်မျိုးစိတ်များအပါအဝင် ဆောင်းခိုငှက်မျိုးစိတ်များ၏အခြေအနေကို သိရှိ လေ့လာနိုင်ရန် စာရင်းကောက်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ဆက်စပ်ဧရိယာများတွင် ၂၀၁၄ ခုနှစ်အထိ စာရင်းကောက်ယူမှုအရ ငှက်မျိုးစိတ်ပေါင်း(၁၄၈)မျိုး မှတ်တမ်းတင်ထားရှိခဲ့ပါသည်။ ယခုနှစ်တွင် မိန်းမလှကျွန်းဘေးမဲ့တောဝန်ထမ်းများနှင့် အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့(FFI) တို့ပူးပေါင်း၍ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက် မှ(၂၉) ရက်နေ့အထိ ၆ ရက်ကြာ စာရင်းကောက်ယူဆောင်ရွက်ခဲ့ရာ ငှက်မျိုးစိတ်ပေါင်း(၁၈၈)မျိုး လေ့လာတွေ့ရှိခဲ့ပြီး မျိုးစိတ်အသစ်(၄၀)မျိုးတွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ငှက်မျိုးစိတ်(၁၈၈)မျိုးတွင် ဆောင်းခိုငှက်(၄၄)မျိုး၊ ရေပျော်ငှက်(၃၀)မျိုးနှင့် သစ်တောငှက်(၁၁၄)မျိုး တွေ့ရှိခဲ့ခြင်းဖြစ်ပါသည်။ ထူးခြားကောင်းမွန်သော လေ့လာတွေ့ရှိမှုမှာ တစ်ကမ္ဘာလုံးတွင် မျိုးသုဉ်းပျောက်ကွယ်ရန် အစိုးရိမ်ရဆုံး အခြေအနေသို့ ရောက်ရှိနေသော (Critically Endangered) မျိုးစိတ်ရေညောင့်နှုတ်သီးဝိုင်းငှက်(Spoon-billed Sandpiper) (၀)ကောင်နှင့် မျိုးသုဉ်းရန်အန္တရာယ် ရှိနေသောမျိုးစိတ်(Endangered Species) ဖြစ်သော နော်မန်ခြေစိမ်း (Nordmann's Greenshank) (၂၆) ကောင်တို့ကို ငမန်းသောင်

ကမ္ဘာ့ရှားပါးဆောင်းခိုငှက်များကျက်စားသည့် ငမန်းသောင်ဧရိယာ(Habitat)

တွင်(၂)နှစ် ဆက်တိုက်တွေ့ရှိမှတ်တမ်းတင်နိုင်ခြင်းပင် ဖြစ်ပါသည်။ ထို့အပြင် အခြားရှားပါးပြီး အရေးပါသော ဆောင်းခိုငှက်မျိုးစိတ်များ၊ မျိုးသုဉ်းရန်ခြိမ်းခြောက်မှုအဆင့်သို့ နီးကပ်နေသော မျိုးစိတ် (Near Threatened) များဖြစ်သော နှုတ်သီးကောက်ကြီး (Eurasian Curlew)၊ ခရုစုပ်ခေါင်းမဲ (Black-headed Ibis)၊ သောင်ပြေးငှက် (Great Knot)၊ ကမ်းခြေငှက် (Black-tailed Godwit)တို့ကို အကောင်ရေ ရာနှင့်ချီသော အုပ်စုများအဖြစ် ပေါများစွာ လေ့လာတွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

မိန်းမလှကျွန်းဘေးမဲ့တောနှင့် ဆက်စပ်ဇရိယာပင်လယ် လိပ်ကျွန်းများ (ကတုံးကလေးကျွန်း၊ ဂယက်ကြီးကျွန်း (ငမန်းသောင်)တို့တွင် မြေမျက်နှာသွင်ပြင်အနေအထားနှင့် စားကျက်ဇရိယာ(Habitat) ကောင်းမွန်မှု၊ အစာရေစာပေါ ကြွယ်ဝမှု၊ ရာသီဥတုညီညွတ်မျှတ ကောင်းမွန်မှုတို့ကြောင့် ကမ္ဘာ့မြောက်ဝင်ရိုးစွန်းဒေသမှ ရှားပါးဆောင်းခိုငှက်မျိုးစိတ်များ နှစ်စဉ်လာရောက် ကျက်စားဆောင်းခိုကြခြင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။

မိန်းမလှကျွန်းဘေးမဲ့တောမှာ သဘာဝထိန်းသိမ်းရေးနယ်မြေဖြစ်၍ ငှက်မျိုးစိတ်များအတွက် လုံခြုံသော စားကျက်ဇရိယာဖြစ်သော်လည်း ငမန်းသောင်၊ ဂယက်ကြီးကျွန်းနှင့် ကတုံးကလေးကျွန်းတို့တွင် အနီးဝန်းကျင်ရွာများမှ ဒေသခံငှက်မုဆိုးများ၏ အန္တရာယ်ကြောင့် ရှားပါးဆောင်းခိုငှက်များ၏ အနာဂတ်မှာ စိုးရိမ်ဖွယ်ရာဖြစ်ကြောင်း ပင်လယ်လိပ်ထိန်းသိမ်းရေးဝန်ထမ်းများနှင့် လိပ်သောင်စောင့်လုပ်သားများထံမှ လေ့လာသိရှိခဲ့ရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ပင်လယ်လိပ်ကျွန်းများ အနီးဝန်းကျင်ရှိ ဒေသခံ ကျေးရွာများတွင် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးပညာပေးဟောပြောပွဲများဆောင်ရွက်ခြင်း၊ ထိန်းသိမ်းရေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ သတိပေးတားမြစ်ချက်ဆိုင်းဘုတ်များ စိုက်ထူခြင်းများကို အပြည်ပြည်ဆိုင်ရာတောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်အဖွဲ့ (FFI)၏ ပူးပေါင်းကူညီဆောင်ရွက်မှုဖြင့်ထိန်းသိမ်းကာကွယ်ခြင်းနှင့် မိန်းမလှကျွန်း၊ ကတုံးကလေးကျွန်း၊ဂယက်ကြီးကျွန်း(ငမန်းသောင်) တို့အား အချိန်မီ ထိရောက်စွာထိန်းသိမ်းကာကွယ်သွားသင့်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။

"စိမ်းစို"

ငါရောက်လာတဲ့နေရာ
ပကာသနမရှိ၊
ဟန်ဟန မရှိ၊
ရိုးသားမှု အတိနဲ့၊
ပီတိကိုစား- ကြိုးစားနေသူတွေ...

မိုးမများ ရေမရှိ၊
နေမချိ အပူဒဏ်
အတူတူလည်စင်း ခံရင်။
အံတင်းတင်းကြိတ်၊
ချွေးသိပ်လို့ အမောမပြေနိုင်၊
တောတွေ မြိုင်မြိုင်ထအောင်လို့...

ကျွင်းဖို့ သစ်ပင်စိုက်၊
ရေလောင်းပြီး သစ်ပင်စိုက်၊
စိုက်သမျှအပင် ရှင်စေရမယ်၊
ရှိသမျှတော တို့တွေ ထိန်းမယ်၊
ရသမျှရေ တို့တွေစုမယ်၊
အစားထိုးလောင်စာ တို့တွေသုံးမယ်...

နောက်လာနောင်သား၊ သား မြေးများတွက်
တို့ချွေးထွက်ပါစေ၊ တာဝန်ကျေမကာ
ငွေ လုံ့လနဲ့ ၊ ဝီရိယ ပေါင်း
အောင်ကြောင်းအဖြာဖြာ ချောအတိနဲ့
နောင်ကောင်းစရာ တောအပြည့်ဖြစ်စေသော်...။

ဟန်သူတော်

ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ညီလာခံ၏ Executive Secretary မှ ကမ္ဘာ့သဲကန္တာရတိုက်ဖျက်ရေးနေ့ အခမ်းအနားအတွက် ပေးပို့လာသော သတင်းစကား

2011-2020 United Nations Decade on Biodiversity

ဘာသာပြန်ဆိုသူ -
ဆုရည်နှင်း (တောအုပ်ကြီး)

၂၀၁၅ခုနှစ် ကမ္ဘာ့သဲကန္တာရတိုက်ဖျက်ရေးနေ့ အခမ်းအနား၏ ဆောင်ပုဒ်မှာ -No such thing as a free lunch. Invest in healthy soils- ဖြစ်ပါသည်။ စားနပ်ရိက္ခာဖူလုံရေးအတွက် မြေဆီလွှာအရည်အသွေးကို ထိန်းသိမ်းသွားရန် လိုအပ်ပါသည်။ ကမ္ဘာပေါ်တွင် လူဦးရေသန်းပေါင်းတစ်ထောင်နီးပါး (သို့) လူ(၈)ဦးတွင် (၁)ဦးနှုန်းခန့်သည် စားနပ်ရိက္ခာဖူလုံပြည့်စုံမှုမရှိပါ။ စားနပ်ရိက္ခာဖူလုံမှုနှင့် ပတ်သက်၍ အခက်အခဲဖြစ်နေသော လူဦးရေအများစုသည် မြေဆီြဩဇာညံ့ဖျင်းသော မြေနေရာများတွင် ရှင်သန်နေထိုင်ကြရပါသည်။ မြေဆီြဩဇာပြည့်ဝသော မြေနေရာများ ရရှိနိုင်မှုသည် ကန့်သတ်နည်းပါးလာသော်လည်း အစားအစာအများစုကို ယခုအချိန်ထိ မြေပေါ်တွင် စိုက်ပျိုးထုတ်လုပ်ခြင်းမှသာ ရရှိနေရပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော ရေချိုကိုလည်း မြေကြီးကပင် စစ်ထုတ်ထောက်ပံ့နေသည်ဖြစ်ရာ မြေဧရိယာပမာဏနှင့် မြေဆီြဩဇာအရည်အသွေးတို့သည် လူသားတို့၏ အသက်ရှင်သန်ဖွံ့ဖြိုးမှုအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိပါသည်။ ယခုနှစ် ကမ္ဘာ့သဲကန္တာရတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် ကောင်းမွန်သောမြေဆီလွှာ၏ အရေးပါမှုကို လျစ်လျူရှု၍ မရနိုင်ကြောင်းကို သဘောတူ လက်ခံထားကြပါသည်။ စားနပ်ရိက္ခာထောက်ပံ့မှုစနစ် ရေရှည်တည်တံ့စေရန်အတွက် မြေဆီလွှာ၏ အခန်းကဏ္ဍကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ လူသားတို့၏ ခြေဖဝါးအောက်ရှိ မြေဆီလွှာသည် စားနပ်ရိက္ခာဖူလုံရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ၎င်းအပြင် ရာသီဥတုပြောင်းလဲမှုကို လျော့ပါးသက်သာစေခြင်းနှင့်လိုက်လျောညီထွေ ပြောင်းလဲဆောင်ရွက်ခြင်း၊ ဂေဟစနစ်ဝန်ဆောင်မှုများ၊ ဆင်းရဲမှုလျှော့ချရေးနှင့် ထာဝစဉ် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင်လည်း မြေဆီလွှာသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက် ရှိပါသည်။

မြေဆီလွှာသည် ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲများ၏ အနည်းဆုံးလေးပုံ တစ်ပုံခန့်မှီတင်းနေထိုင်ရာ နေရာဖြစ်ပါသည်။ မြေဆီလွှာသည် လူသားတို့စားသုံးရာ အစားအစာ၊ တိရစ္ဆာန်အစာ၊ ချက်ပြုတ်ရာတွင် လိုအပ်သော ထင်းလောင်စာ၊ အဝတ်အထည်အတွက် လိုအပ်သော ချည်မျှင်များနှင့် အခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးသော အခြေခံအရင်းအမြစ်ဖြစ်ပါသည်။ ရေကောင်းရေသန့်ထောက်ပံ့ရာတွင်လည်းအဓိက အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ရေကြီးခြင်းနှင့် မိုးခေါင်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များ၏ သက်ရောက်မှုများ၏ဒဏ်မှပြန်လည်ကုစား ဖြည့်ဆည်းပေးရာတွင်လည်း အရေးပါသော အခြေခံအရင်းအမြစ်တစ်ခု ဖြစ်ပါသည်။ အပင်နှင့်တိရစ္ဆာန်များသည် မြေဆီလွှာ၏ ဇီဝဗေဒဖြစ်စဉ်များလုပ်ဆောင်ခြင်းအားဖြင့် အာဟာရပြန်လည်ပြုပြင်ဖန်တီးပေးခြင်းဖြစ်စဉ် အပေါ်တွင် မှီခိုရပ်တည်နေကြရပါသည်။ သို့ဖြစ်ပါ၍ မြေဆီလွှာမရှိပါက သက်ရှိများ ကမ္ဘာမြေပေါ်တွင် ရေရှည်ရပ်တည်နိုင်တော့မည်မဟုတ်ပါ။ မြေဆီလွှာများ ပျက်စီး ဆုံးရှုံးသွားပါက လူသားတို့၏ သက်တမ်းတစ်ခုအတွင်း အလွယ်တကူပြန်လည် ဖြစ်ထွန်းပေါ်ပေါက်လာနိုင်မည် မဟုတ်ပါ။ မြေဆီလွှာတိုက်စားခြင်း၊ မြေဆီြဩဇာများ ကုန်ခန်းခြင်း၊ အက်ဆစ်ဓာတ်များ ဖြစ်ပေါ်လာခြင်း၊ မြို့ပြချဲ့ထွင်ခြင်းနှင့် ဓာတုညစ်ညမ်းမှုစသည်တို့ကြောင့် ကမ္ဘာ့မြေဆီလွှာ၏ သုံးပုံတစ်ပုံခန့်သည် အသင့်အတင့်အဆင့်မှ အဆိုးဝါးဆုံးအဆင့်အထိ ယိုယွင်းပျက်စီးလျက်ရှိပါသည်။ လက်ရှိမြေဆီလွှာပျက်စီးယိုယွင်းမှုနှုန်းအတိုင်း ဆက်လက်ဖြစ်ပွားခွင့်ပေးမည်ဆိုပါက အနာဂတ်မျိုးဆက်များသည် အသက်ရှင်ရပ်တည်နိုင်ရေးအတွက် ပိုမို ရုန်းကန်ကြရတော့မည် ဖြစ်ပါသည်။

လူဦးရေဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ စားနပ်ရိက္ခာလိုအပ်ချက်များ တိုးပွားများပြားလာမှုတို့ကြောင့် မြေသယံဇာတအရင်းအမြစ်များအပေါ် မှီခိုသက်ရောက်မှုများ ပိုမိုမြင့်မားလာကြပါသည်။ အစားအစာ၊ ရေ၊ စွမ်းအင်နှင့် လောင်စာလိုအပ်ချက်များ မြင့်မားလာမှုတို့ကြောင့် ၂၀၅၀ ခုနှစ်အထိ တိုင်အောင် နှစ်စဉ်နှစ်တိုင်း မြေနေရာသစ် ဧရိယာ ဟက်တာပေါင်း (၆) သန်းခန့် ထပ်မံဖော်ထုတ်သွားရန် လိုအပ်လျက်ရှိကြောင်း ခန့်မှန်းဖော်ပြထားပါသည်။ ၎င်းကဲ့သို့ မြေနေရာသစ်များ ရှင်းလင်းဖော်ထုတ်မည်ဆိုပါက အကျိုးဆက်အနေဖြင့် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာခြင်းနှင့် မှန်လုံအိမ်ဓာတ်ငွေ့များ ပိုမိုထုတ်လွှတ်ခြင်းများကို ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် မြေဆီလွှာပျက်စီးဆုံးရှုံးမှု ပမာဏသည် မြေဆီလွှာပြန်လည်ဖြစ်ထွန်းခြင်း ပမာဏထက် ပိုမိုလျင်မြန်များပြားစွာဖြင့် ပျက်စီးဆုံးရှုံးလျက်ရှိပါသည်။ နှစ်စဉ်နှစ်တိုင်း မြေဧရိယာဟက်တာပေါင်း

(၁၂) သန်းခန့်သည် မြေဆီလွှာအရည်အသွေးကျဆင်းလျက်ရှိသောကြောင့် သီးနှံတန်ချိန်ပေါင်းသန်း(၂၀)ခန့်ထုတ်လုပ်နိုင်သည့် အခွင့်အလမ်းကို နှစ်စဉ်ဆုံးရှုံးလျက် ရှိပါသည်။ ၎င်း ဖြစ်စဉ်များသည် ဆင်းရဲနွမ်းပါးမှုနှင့် ဝေတ်မွတ်ခေါင်းပါးမှု တိုက်ဖျက်နိုင်ရေး မျှော်မှန်းချက်များအပေါ် ထိခိုက် သက်ရောက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရေရှည်တည်တံ့သော စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်းအပါအဝင် မြေဆိုင်ရာစီမံခန့်ခွဲမှု နည်းစနစ်များသည် စားနပ်ရိက္ခာဖူလုံမှုနှင့် ဆင်းရဲမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအတွက် ပိုမို အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

၂၀၁၁ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ဇီဝမျိုးစုံမျိုးကွဲမဟာဗျူဟာစီမံချက် အထူးသဖြင့် သဘာဝမှုရင်းဒေသများလျော့နည်းလာမှုအား ထက်ဝက်ခန့်လျှော့ချရန် (သို့) လုံးဝပပျောက်ရန် ရည်ရွယ်ဆောင်ရွက်နေသည့် အာအိချိဇီဝမျိုးစုံမျိုးကွဲရည်မှန်းချက်(၅) (Aichi Biodiversity target 5) နှင့် အရည်အသွေးလျော့ကျနေသော ဂေဟစနစ်များ၏ ၁၅%ခန့်အား ပြန်လည်တည်ထောင်နိုင်ရန် ရည်ရွယ် ဆောင်ရွက်နေသည့် အာအိချိဇီဝမျိုးစုံမျိုးကွဲရည်မှန်းချက်(၁၅) (Aichi Biodiversity target 15) တို့သည် မြေအရည်အသွေးကျဆင်းလာခြင်းကို တားဆီးထိန်းချုပ်ရန်အတွက် ရည်ရွယ်ရေးဆွဲထားခြင်းဖြစ်ပါသည်။ ထို့အပြင် ၂၀၁၅ခုနှစ်အလွန် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်တွင် အဆိုပြုထားသောမြေ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များသည် မြေအရည်အသွေး လျော့ကျမှုမြင့်မားလာခြင်းအား တားဆီးကာကွယ်ရန်၊ အရည်အသွေး ကျဆင်းနေသည့် မြေများအားပြန်လည်ကောင်းမွန်စေရန်၊လူသားများကြောင့်မြေတစ်ဟက်တာ အရည်အသွေး လျော့ကျသွားပါက အစားထိုးအနေဖြင့် အဆိုပါဂေဟစနစ်အတွင်းတွင် မြေတစ်ဟက်တာ၏အရည်အသွေးအား ချက်ချင်းပြန်လည်ကုစားပေးရန် စသည့် အချက်(၃) ချက်အား အလေးထား ဆောင်ရွက်သွား ရန်အတွက် ရည်ရွယ်ရေးဆွဲထားခြင်းဖြစ်ပါသည်။ မြေအရည်အသွေး ပြန်လည် ကောင်းမွန်စေခြင်းသည် ထိရောက်သော မြေဆီဩဇာနှင့် ရေစီမံအုပ်ချုပ်ခြင်း၊ မြေဆီလွှာအတွင်း ကာဗွန်ပါဝင်မှုများပြားခြင်း၊ ဖျက်ပိုးနှင့် ရောဂါပိုးများအား သဘာဝအတိုင်း ထိန်းချုပ်နိုင်ခြင်းနှင့် မြေဆီလွှာတိုက်စားခံရမှုမှလျော့နည်းစေခြင်းအစရှိသော အကျိုးကျေးဇူးများကို ရရှိစေနိုင်မည် ဖြစ်ပါသည်။ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကို ပိုမိုထိရောက် မှန်ကန်စွာ သုံးစွဲနိုင်မည်ဆိုပါက စားနပ်ရိက္ခာထုတ်လုပ်နိုင်မှုကို တိုးတက်စေနိုင်မည့်အပြင် မြေအရည်အသွေး လျော့နည်းလာမှုကြောင့် လယ်သမားများ လယ်ယာလုပ်ငန်းများမှ စွန့်ခွာသွားသည့် ဖြစ်စဉ်များ (off-farm impacts) ကို လျော့နည်းစေနိုင်ပြီး ရာသီဥတုပြောင်းလဲမှုဒဏ်ကိုလည်း ပိုမို ခုခံကာကွယ်နိုင်မည်ဖြစ်ပါသည်။

စားနပ်ရိက္ခာဖူလုံမှုရှိစေရေးအတွက် ကျွန်ုပ်တို့အနေဖြင့် အခြားသော အာအိချိ ဇီဝမျိုးစုံမျိုးကွဲရည်မှန်းချက်များကိုလည်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ စီးပွားရေးအခွင့် အလမ်းများ ဖော်ထုတ်ပေးခြင်းများနှင့် ထောက်ပံ့ကြေးများအား အသစ်ပြန်လည်ပြင်ဆင်သတ်မှတ်ခြင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော ကုန်ထုတ်လုပ်မှုနှင့် စားသုံးမှု ဖြစ်ပေါ်လာစေရန် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ငါးဖမ်းလုပ်ငန်းများနှင့် လယ်ယာသားငါး သစ်တောလုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်တည်တံ့စေသောနည်းလမ်းများဖြင့် စီမံဆောင်ရွက်ခြင်းတို့အား ၂၀၂၀ ခုနှစ်မတိုင်မီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ ထို့ပြင် အာဟာရဓာတ်(nutrients) များပြားလာခြင်းကဲ့သို့သော ညစ်ညမ်းမှုများအား ပိုမိုဆိုးရွားလာမှုမရှိစေရန်ဆောင်ရွက်ခြင်း၊ စိုက်ပျိုးထားသော မျိုးစိတ်များ၏ မျိုးရိုးဗီဇများကို ထိန်းသိမ်းခြင်း၊ဝန်ဆောင်မှုများ ထောက်ပံ့ပေးနေသည့် ဂေဟစနစ်များအား ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ကောင်းမွန်စေခြင်း၊ အရည်အသွေးလျော့ကျနေသည့် ဂေဟစနစ်များ၏ (၁၅%)ကို ပြန်လည်ကောင်းမွန်စေခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲများအပေါ် ထောက်ပံ့ပေးနိုင်သည့် ဂေဟစနစ်ဝန်ဆောင်မှုများအားမြင့်မားစေခြင်းနှင့် ရိုးရာဓလေ့ဗဟုသုတများ၊ တီထွင်ဖန်တီးမှုများနှင့် နည်းလမ်းများအား ထိန်းသိမ်းကာကွယ်ခြင်းများကိုလည်း အလေးထား ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

ယခုနိုင်ငံတကာမြေဆီလွှာနှစ်အတွင်း လက်ရှိ ပြုမူဆောင်ရွက်မှုပုံစံများ၊ သုံးစွဲခြင်း၊ ထုတ်လုပ်ခြင်းနှင့် စီးပွားရေး အခွင့်အလမ်းများ ဖန်တီးပေးခြင်းများကို ပုံမှန်သမားရိုးကျနည်းလမ်းဖြင့် (business as usual approach) သာ ဆက်လက်ဆောင်ရွက်သွားမည်ဆိုပါက အနာဂတ်ကာလတွင် လူသားတို့၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်သည့် ဂေဟစနစ်များရှိလာနိုင်မည်မဟုတ်ပါ။ ယခု ၂၀၁၅ ခုနှစ် ကမ္ဘာ့သဲကန္တာရတိုက်ဖျက်ရေးနေ့မှစတင်၍ မြေ၊ ရေ နှင့် ဇီဝမျိုးစုံမျိုးကွဲများ စီမံအုပ်ချုပ်မှုများအပေါ် လွှမ်းခြုံမှုရှိပြီး ရေရှည်တည်တံ့စေသည့် မဟာဗျူဟာများအား ချမှတ် ကျင့်သုံးသွားရန်နှင့် အရည်အသွေးကျဆင်းနေသော မြေဆီလွှာများအား ပြန်လည်ကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ သို့မှသာ စားနပ်ရိက္ခာဖူလုံမှု၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေပြောင်းလဲ ဆောင်ရွက်နိုင်သည့် လူနေမှုပုံစံများ တိုးတက်ဖြစ်ပေါ်လာမည်ဖြစ်ပြီး ၂၀၁၁ခုနှစ်မှ ၂၀၂၀ခုနှစ်အထိ ရေးဆွဲထားသော ဇီဝမျိုးစုံမျိုးကွဲ မဟာဗျူဟာစီမံချက်၏မျှော်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ရှဉ်လည်းလျှောက်သာစေ

ခင်အောင် (ပြမ်း)

တံတောင်ဆစ်ချိုး

ရှည်လျားထွေပြားလှသည့် မြန်မာ့" သစ်သမိုင်း" သည် ၂၀၁၄ခုနှစ်ဦးပိုင်းတွင် "တံတောင်ဆစ်ချိုး" တစ်ခုကို ရဲဝံ့စွာချိုးချလိုက်ပါတော့သည်။ မှန်ပါသည်။ ၁-၄-၂၀၁၄ ရက်နေ့မှစ၍ မြန်မာနိုင်ငံမှ ပြည်ပသို့ သစ်အလုံးလိုက် တင်ပို့မှုရပ်ဆိုင်းခြင်း(Log Export Ban-LEB)ကို ကြေညာလိုက်ခြင်းပင်ဖြစ်ပါ၏။ "သစ်အလုံးလိုက်" ဟူသော ဝေါဟာရတွင် ကုန်ကြမ်းသစ်လုံးအနွယ်ဝင် Boule cut log, Baulk Square တို့လည်း အပါအဝင်ဖြစ်သည်။

စင်စစ် ဤအချိုးအကွေ့သည် "အတက်ချိုး"ဖြစ်၏။ စက်ကုန်ဖွင့်၍ အင်နှင့်အားနှင့် ရုန်းခဲ့ကြရသည်။ အသာကလေး ထိန်းလို့မှသွား၍မရပေ။ "အတက်ချိုး"သည် အန္တရာယ်များလှပေ၏။ သို့ရာတွင် နှစ်ရစ်နှစ်ကွင်း(Annual ring) "၆၆" ကွင်းရှိခဲ့ပြီဖြစ်သော မြန်မာ့သစ်လုပ်ငန်း၏ မဟာဗျူဟာ နည်းဗျူဟာမြောက် ထိန်းကျောင်းမှုဖြင့် မတိမ်းမစောင်းပဲ လမ်းကြောင်းမှန်ပေါ်တွင် ဆက်လက်လျှောက်လှမ်းနေနိုင်သည်ဟုဆိုပါရစေ။

"နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်" ဟူသော ဆောင်ပုဒ်နှင့်အညီ LEBကို လွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင် စတင်ဆောင်ရွက်သင့်လှပေ၏။ သို့ပါသော်လည်း အကြောင်းခြင်းရာအမျိုးမျိုးကြောင့် အကောင်အထည်ဖော်ဆောင်နိုင်ခြင်းမရှိခဲ့ပေ။ "သစ်လုံးမှ ထုတ်မရောင်းရရင် မြန်မာနိုင်ငံဘယ်လို ရပ်တည်မလဲ" ဟူသော မေးခွန်းမျိုးကိုလည်း ဖြေဆိုရန် မဝံ့မရဲဖြစ်နေခဲ့ရသည် အမှန်ပါ။

မည်သို့ပင်ဆိုစေ "LEB "ကို ပြတ်ပြတ်သားသား ကြေညာလိုက်သောနေ့ရက်တွင်မူ ပြည်သူလူထုသာဓု ခေါ်ကြသည်သာ။

သမိုင်းထဲက ဒဏ်ရာ

ခရစ်နှစ်(၅)ရာစုဝန်းကျင်ကပင် မြန်မာ့သစ်ကို နိုင်ငံရပ်ခြားမှ ဝယ်ယူသုံးစွဲမှုအချို့ရှိကြောင်း ဖတ်ရှုမှတ်သားဖူးပါ၏။ (၈)ရာစုတွင်မူ အာရပ်ကုန်သည်များသည် မြန်မာ့ကျွန်းသစ်ဖြင့် ဆောက်လုပ်ထားသော ရွက်သင်္ဘောကြီးများကို အသုံးပြု၍ ပင်လယ်ရပ်ခြားကူးသန်းရောင်းဝယ်မှုပြုခဲ့ကြလေသည်။

ဘိုးတော်ဘုရားလက်ထက်တော်(၁၇၈၁-၁၈၁၉) တွင် သစ်တိုင်းတာသည့်စနစ်ကို သတ်မှတ်ပြဋ္ဌာန်း၍ ပြည်တွင်း/ ပြည်ပသစ်ရောင်းဝယ်ဖောက်ကားမှု တွင်ကျယ်လာခဲ့၏။ ကုန်းဘောင်ခေတ် မင်းတုန်းမင်း၊ သီပေါမင်းတို့ လက်ထက်ရောက်သောအခါ ကုန်သွယ်မှုကျဆင်းလာခြင်းနှင့် အခွန်ငွေများကောက်ခံရရှိမှုလျော့နည်းလာခြင်းတို့ကြောင့် နိုင်ငံတော်ဘဏ္ဍာငွေအနုတ်လက္ခဏာပြလာခဲ့သည်။ ထို့ကြောင့် နာမည်ကျော်"နင်းကြမ်း"တောနှင့်အထက် မြန်မာပြည်သစ်တောများမှ သစ်အများအပြားခုတ်လှဲ၍ ဗြိတိသျှနှင့်ပြင်သစ်ကုမ္ပဏီများသို့ ထိုးရောင်းခဲ့ရလေသည်။

၁၈၈၃-၁၈၈၅ခုနှစ်အတွင်း အထက်မြန်မာပြည်နှင့် မန္တလေးတစ်ဝိုက်တွင် (၃)နှစ်ဆက်တိုက် မိုးအကြီးအကျယ်ခေါင်မှုဖြစ်ပွားသဖြင့် ပြည်သူများဒုက္ခဆင်းရဲရောက်ခဲ့ကြရ၏။ ဤသို့ဖြစ်ရသည်မှာ ၁၈၆၂ခုနှစ်နောက်ပိုင်းတွင် အထက် မြန်မာပြည်ရှိကျွန်းတောများ၊ ရှားတောများနှင့် အခြားသစ်တောများကို အလွန်အကျွံခုတ်လှဲခြင်း၏ အကျိုးဆက်ဟု ပညာရှင်များက ဆိုပါသည်။

ယနေ့ကမ္ဘာသည် အစွန်းရောက်ရာသီဥတုဖြစ်စဉ်များကို ရင်ဆိုင်နေရ၏။ အလားတူပင် မြန်မာနိုင်ငံသည်လည်း ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံစားနေရသည်ပင်။

သစ်လျှော့ထုတ်

LEB ကို ကြေညာသည်နှင့်တစ်ပြိုင်တည်းပင် နှစ်စဉ်သစ်ထုတ်မှုတန်ပမာဏကိုလည်း သိသိသာသာလျှော့ချလိုက်ပါသည်။ မြင်သာစေရန်အနီးစပ်ဆုံးနှိုင်းယှဉ်ပြရလျှင် (၂၀၁၂-၁၃)ဘဏ္ဍာနှစ်အတွင်း ကျွန်းသစ်တန်(၂. ၈)သိန်း၊ သစ်မာတန်(၁၇. ၂)သိန်းထွက်ခဲ့၏။ LEBစတင်ကျင့်သုံးသည့် (၂၀၁၄-၁၅)ဘဏ္ဍာနှစ်တွင်မူ ကျွန်းသစ်တန်(၀. ၇) သိန်းနှင့် သစ်မာတန်(၆. ၇)သိန်းသာထွက်ပါတော့သည်။

ဤသို့သစ်လျှော့ထုတ်ခြင်းသည် LEB ၏ အနှစ်သာရကို ပေါ်လွင်ထင်ရှားစေပြီး သစ်သယံဇာတကို အထိရောက်ဆုံးအကျိုးအရှိဆုံးသုံးစွဲခဲ့ရာလည်း ရောက်စေပါသည်။ ၎င်းအပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုအပေါ်တွင်လည်း တစ်စုံတစ်ရာသြဇာ သက်ရောက်မှုရှိစေ၏။

စိန်ခေါ်မှု

လက်ရှိတွင် မြန်မာ့သစ်လုပ်ငန်းသည် ပြည်တွင်းသစ်စက်/သစ်အခြေခံစက်ရုံများအတွက် ကုန်ကြမ်းကျွန်းနှင့် သစ်မာသစ်လုံး/ခွဲသားများကို လစဉ်အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း အခါအားလျော်စွာ လေလံစနစ်ဖြင့်လည်းကောင်း ပွင့်လင်းမြင်သာစွာရောင်းချပေးလျက် ရှိပါသည်။ ထိုသို့ ရောင်းချရာ၌ ဘဏ္ဍာနှစ်အတွင်း သစ်ထုတ်ခွင့်ပမာဏဘောင်အတွင်းမှ အကန့်အသတ်ဖြင့်သာ ဆောင်ရွက်နေရခြင်းဖြစ်သည်။

သစ်လုပ်ငန်းရှင်များအဖို့ ပြည်တွင်းသစ် သုံးစွဲခြင်းနှင့် သစ်ထုတ်ကုန်များ ပြည်ပတင်ပို့ခြင်းတို့ကို အထက်ဖော်ပြပါ သစ်ပမာဏကန့်သတ်ဘောင်အတွင်းမှ ဆောင်ရွက်ရသည့် အခြေအနေဖြစ်လာပါသည်။ ဤအခင်းအကျင်းတွင် မိမိလိုအပ်သောသစ်အမျိုးအစား၊ အတန်းအစား၊ အရှည်အသွေးနှင့်တန်ပမာဏ အချိန်နှင့်တစ်ပြေးညီရရှိရန် ခက်ခဲလာတော့သည်။ ဈေးကွက်တွင် ရေပန်းစားသော သစ်အမျိုး

အစားများရရှိရန်နှောင့်နှေးမှုကြောင့် ဖောက်သည် လက်လွတ်သွားရသည့် အခြေအနေများ ကြုံတွေ့ရကြောင်း သစ်လုပ်ငန်းရှင်အသိုင်းအဝိုင်းမှ ကြားသိရပါသည်။

နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်စက်မှုကုန်ကြမ်း သစ်တောစိုက်ခင်းများမှာလည်း လောလောဆယ်တွင် လောက်လောက်လားလား ဖွံ့ဖြိုးခြင်းမရှိသေးပါ၍ ကုန်ကြမ်းအတွက် မှီခိုအားထားနိုင်သည့် အခြေအနေမရှိကြောင်းသုံးသပ်မိပါ၏။

စွန့်ဦးတီထွင်သူများ

မိမိအားပြုခြေကုတ်ယူထားသော ဈေးကွက် လက်လွတ် မဆုံးရှုံးသွားစေရန်အတွက် သစ်ကုန်ကြမ်းရရှိနိုင်မည့် နည်းလမ်းသစ်တစ်ရပ်ကို ရှာဖွေလာကြပါသည်။ သစ်လုပ်ငန်းရှင်အချို့သည် ပြည်ပမှ ကုန်ကြမ်းသစ်လုံးများတင်သွင်းလာပြီး ယင်းကုန်ကြမ်းဖြင့် သစ်ကုန်ချောများ ထုတ်လုပ်၍ ပြည်ပသို့ပြန်လည်တင်ပို့ရောင်းချခြင်းကို စတင်လုပ်ကိုင်နေပြီဖြစ်ကြောင်း ကြားသိရပါသည်။ ယခင်က အိပ်မက်ပင်မမက်ဖူးသည့်ကိစ္စကို ဝံ့ဝံ့စားစားဆောင်ရွက်လာကြသဖြင့် ၎င်းပုဂ္ဂိုလ်များကို "စွန့်ဦးတီထွင်သူများ" အဖြစ် မှတ်တမ်းတင်ဂုဏ်ပြုထိုက်ပေသည်။

အလားတူပင် တရုတ်နိုင်ငံအခြေစိုက် သစ်ကုမ္ပဏီတစ်ခုသည် ဩစတြေးလျနိုင်ငံမှ Radiata Pine(ထင်းရှူး) သစ်လုံးတန် (၁၀၀)ကျော်ကိုလည်းကောင်း၊ တရုတ်နိုင်ငံမှ ထင်းရှူးသစ်ခွဲသားတန်(၄၀)ကျော်ကိုလည်းကောင်း မြန်မာနိုင်ငံသို့ မကြာသေးမီက တင်သွင်းလာခဲ့ပါသည်။ ပြည်ပမှ သစ်တင်သွင်းမှုလုပ်ငန်းစဉ်ကို အတိအကျသိရှိနိုင်ရန် အတွက် တင်သွင်းလာခြင်းဖြစ်ကြောင်း သိရှိရ၏။ ချီးကျူးစရာပင်။

အခွန်အခများ

ပြည်ပမှသစ်လုံးတင်သွင်းရာ၌ မြန်မာပြည်ဘက်အခြမ်းတွင် သွင်းကုန်ခွန်၊ ကုန်သွယ်ခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့ကို ပေးဆောင်ရကြောင်းကြားသိရပါသည်။ နိုင်ငံတကာသွင်းကုန်ခွန် သတ်မှတ်ချက်များမှာ အိန္ဒိယတွင် ၂%၊ ထိုင်းတွင် ၁%ရှိပြီး အာဆီယံနိုင်ငံအချို့နှင့် တရုတ်၊ ကိုရီးယား၊ ဂျပန်နိုင်ငံတို့တွင် သစ်လုံးအတွက် သွင်းကုန်ခွန်ကင်းလွတ်ခွင့်ရရှိကြောင်းလေ့လာသိရှိရပါသည်။ သစ်လုံးအများအပြားထုတ်လုပ်တင်ပို့ ရောင်းချလျက်ရှိသည့် မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည်ပင်လျှင် ၎င်းတို့နိုင်ငံသို့ တင်သွင်းလာသောကုန်ကြမ်းသစ်လုံးများအတွက် သွင်းကုန်ခွန်ကောက်ခံခြင်းမပြုပေ။

ထို့ကြောင့်ပင် အဆိုပါနိုင်ငံများမှ သစ်လုပ်ငန်းရှင်များသည် ကမ္ဘာအရပ်ရပ်ရှိ ၎င်းတို့အလိုရှိရာ ကုန်ကြမ်းသစ်လုံးအများအပြားကို မိမိတို့နိုင်ငံသို့ လွတ်လပ်စွာ သယ်ယူသုံးစွဲနေခြင်းဖြစ်ပေမည်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံသည် မြန်မာ့သဘာဝကျွန်းသစ်လုံးများကို နှစ်ပေါင်းများစွာ တင်သွင်းခဲ့သည်။ စိုက်ခင်းကျွန်းသစ်လုံးများကိုမူ သမုဒ္ဒရာအစင်းစင်းကို ကျော်ဖြတ်လျက် လက်တင်အမေရိကနိုင်ငံများအထိ သွားရောက်ဝယ်ယူတင်သွင်းနေ၏။ အလားတူပင် ဂျပန်နိုင်ငံသည် Radiata Pine ထင်းရှူးသစ်လုံးများကို ဝေးကွာလွန်းသည့်နိုင်ငံများဖြစ်ကြသည့် နယူးဇီလန်နှင့် ချီလီတို့မှ တင်သွင်းသုံးစွဲလျက်ရှိပါသည်။

လုပ်သာကိုင်သာ

ကမ္ဘာ့နိုင်ငံအများအပြားတွင် မိမိနိုင်ငံထုတ် ကုန်ကြမ်းသစ်ကို သုံးစွဲသလို ပြည်ပမှတင်သွင်း၍လည်း ကုန်ချော ထုတ်လုပ်ကြပါသည်။ မိမိနိုင်ငံမှ သစ်တစ်ပင်မျှ မခုတ်လှဲပဲ "သွင်းသစ်"ဖြင့် ကုန်ချောထုတ်လုပ်စီးပွားဖြစ်နေသောနိုင်ငံများလည်း အများအပြားပင်။ ဤသို့ ရပ်တည်လုပ်ကိုင်နိုင်ခြင်း၏ နောက်ခံအကြောင်းအချက်များစွာ အနက် သွင်းကုန်ခွန်ကင်းလွတ်(သို့)သက်သာခွင့်သည် အဓိကနေရာမှ ရှိနေလိမ့်မည်ဟု ယူဆမိပါသည်။

ယခုအခါ မြန်မာနိုင်ငံအနေဖြင့် အစဉ်အလာ သစ်လုံး တင်ပို့ရောင်းချခြင်းမှ ဝင်ငွေရပ်ဆိုင်းသွားပြီဖြစ်သည်။ ဤအခြေအနေတွင် သစ်တောကဏ္ဍ စီးပွားကိုထိန်းထားနိုင်ရန်အတွက် သစ်အခြေခံစက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးသည် အဓိကဖြစ်လာတော့သည်။

သစ်အခြေခံစက်မှုလုပ်ငန်းဖွံ့ဖြိုးရန်အတွက် သစ်လုပ်ငန်းရှင်များအဖို့ လူးသာလွန့်သာ၊ လုပ်သာကိုင်သာရှိရန် အထူးလိုအပ်လှ၏။ ဈေးကွက်မှတောင်းဆိုလာသော သစ်ထုတ်ကုန်ပစ္စည်းကို သက်ဆိုင်ရာသစ်အမျိုးအစားဖြင့် ထုတ်လုပ်နိုင်ရပါမည်။ ထိုသစ်အမျိုးအစား မိမိနိုင်ငံတွင် မရနိုင်လျှင် ပြည်ပမှ သက်သောင့်သက်သာ တင်သွင်းသုံးစွဲနိုင်ရပါမည်။ ဈေးသက်သာသော သစ်ကုန်ကြမ်းများကို တင်သွင်း၍ ကုန်ချောထုတ်နိုင်ရပါမည်။ သို့မှသာ ASEANဈေးကွက်သာမက ယနေ့လူပြောများနေသော EU ဈေးကွက်သို့ပင် ထိုးဖောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်၏။

သုံးသပ်ချက်

ကုန်ကြမ်းသစ်ကို ပြည်ပမှသက်သောင့်သက်သာ တင်သွင်းခွင့်ရလျှင်-

- ပြည်ပမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်မည်။
- ပြည်ပတွင် ကုန်ချောအမယ်သစ်ဖြင့် ဈေးကွက်အသစ်ရရှိလာနိုင်မည်။
- ပြည်တွင်းတွင်လည်း ပို၍ဈေးချိုသော သစ်ထုတ်ကုန်များဖြည့်ဆည်းနိုင်မည်။
- သစ်တောကဏ္ဍ စီးပွားဖြစ်ထွန်းလာမည်။
- နိုင်ငံ၏သဘာဝသစ်တောများ အထိအရှ အပွန်းအရိသက်သာလာမည်။
- သစ်တောအရည်အသွေး မြင့်တက်လာမည်။
- တရားမဝင်သစ် လျော့နည်းလာမည်။

CNF တန်ဖိုးကို ထည့်မတွက်လျှင် သစ်လုံးတင်သွင်းမှုဖြစ်စဉ်တွင် သွင်းကုန်ခွန်သတ်မှတ်ချက် ရာနှုန်းသည် "အခရာ"ဖြစ်သည်ဟု မှတ်ယူမိပါသည်။

စာမျက်နှာ (၃၇)သို့ ➢

ဂုံတိုင်ဒေ ကျိုင်းတုံမြေရှိ ဒေသခံအစုအဖွဲ့ပိုင်တောများအား ကွင်းဆင်းလေ့လာခြင်း ခရီးစဉ်မှတ်တမ်း(၂)

ဒေါ်မြင့်မြင့်စန်း၊ လက်ထောက်သုတေသနအရာရှိ၊
သစ်တောသုတေသနဌာန

ဝမ်ကူ သစ်ရွာ တွင် မေးမြန်း နေပုံ

ဝမ်ကျုံ ရွာ တွင် မေးမြန်း နေပုံ

စာရေးသူတို့အဖွဲ့သည် နေ့လယ်(၁၂)နာရီတွင် ပင်းတောက်ကျေးရွာအုပ်စုရှိ ဝမ်ကူသစ်ကျေးရွာသို့ ကားဖြင့် သွားကြပါသည်။ ကျေးရွာဥက္ကဋ္ဌ ဦးအားဇီနှင့်အဖွဲ့က ကြိုဆိုကြပါသည်။ ပင်းတောက်ကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း (၂၂)ရွာပါရှိပြီး အခါလူမျိုး၊ ခရစ်ယာန်ဘာသာဝင်များသာ နေထိုင်ကြပါသည်။ အခါလူမျိုးများသည် အမျိုးသားဝတ်စုံမှာ အနက်ရောင် အပေါ်အင်္ကျီနှင့် ဘောင်းဘီမှာ ရှမ်းဘောင်းဘီ ပုံစံအနက်ရောင်ကို ရောင်စုံလက်ထိုးချည်များဖြင့် ချုပ်လုပ်ကြပါသည်။ အမျိုးသမီးများမှာ အနက်ရောင် ရင်ဖုံးအင်္ကျီ ရှည်ပေါ်တွင် တိုင်းရင်းသားကို ကိုယ်စားပြုသည့် သင်္ကေတများကို ရောင်စုံပိတ်စများဖြင့် တပ်ဆင်ချုပ်လုပ်ကာ အမြိတ် ၂ ဖက်ပါ ငွေဦးထုပ်နှင့်အတူ ဝတ်ဆင်ကြပါသည်။ငွေဦးထုပ်မှာ အပျိုနှင့် အိမ်ထောင်သည်မတူကြပါ။ ထိုရွာတွင် အိမ်ထောင်စု(၇၀)အိမ်ရှိပြီး လူဦးရေ စုစုပေါင်း(၄၂၆)ဦး ရှိပါသည်။ အိမ်ထောင်စုတိုင်း လယ်ပိုင်ဆိုင်ကြပြီး တရုတ်နိုင်ငံမှရောင်းချသော တဧက(၅၀)တင်းထွက်သော ရှမ်းဆန်(၂၀၃)ကိုသာ စိုက်ပျိုးကြပါသည်။ တောင်ယာ စိုက်ပျိုးခြင်းမရှိဘဲ အချို့သော ငယ်ရွယ်သူများမှာ မိုင်းလားနှင့် ကျိုင်းတုံမြို့များရှိ စားသောက်ဆိုင်များနှင့် အခြားကျပန်းအလုပ်များကိုသွားရောက်လုပ်ကိုင်ကြပြီး နှစ်သစ်ကူးချိန်တွင် ပြန်လာကြကြောင်းသိရပါသည်။ ဤရွာတွင် အရက်ချက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကို ရှောင်ကျဉ်ကြကြောင်း သိရပါသည်။

ထိုရွာတွင် ဒေသခံအစုအဖွဲ့ပိုင် သစ်တောဧက ပေါင်း (၁၃၅၆)ရှိပြီး ၁၉၉၆ ခုနှစ်တွင် တည်ထောင်ခဲ့ကြောင်း၊ အပတောတွင်ပါဝင်ပြီး၊ မူလက တောင်ယာမြေများဖြစ်ကာ အသုံးပြုသူ လူဦးရေ စုစုပေါင်း (၇၀) ယောက်ရှိကြောင်း မဲဇလီ၊ သစ်အယ်၊ သစ်ယာ၊ ကျွန်းဖို ၊ မကောက်ပင်များစိုက်ပျိုးထားကြကြောင်း ပြောပြကြပါသည်။ အချို့သော တောင်ယာမြေများကို နွားစားကျက်ပြုလုပ်ထားပြီး မွေးမြူရေးလည်း ဆောင်ရွက်ကြောင်း၊ အချို့မှာ ကိုယ်ပိုင်တောလည်းရှိကြောင်း၊ အစုအဖွဲ့ပိုင်တောတွင် မည်သည့်အပင်မှ ထပ်၍မစိုက်ဘဲ လက်ရှိအပင်များရှိ အစေ့များမှကျရောက်၍ သဘာဝတောများ ဖြစ်လာကြောင်း၊ ထို့ကြောင့် ဂျိ ၊တောဝက်စသော တောကောင်များလည်းရှိကြောင်းပြောပြပါသည်။ အစုအဖွဲ့ပိုင်တောမှ အိမ်ဆောက်လုပ်ရန်သာ ထုတ်ယူသုံးစွဲနိုင်ပြီးဖြစ်ကြောင်း ရှင်းပြပါသည်။ ထို့အပြင် ကျေးရွာသုံးထင်းစိုက်ခင်း မဲဇလီပင် ဧက(၁၀၀)ကို ၁၉၉၆ ခုနှစ်က စိုက်ထားပါကြောင်းနှင့် ရွာပိုင်တောအဖြစ် မဲဇလီပင်ဧက(၁၀၀)ကို စိုက်ပျိုးထားသည်မှာ(၄၁)နှစ်ရှိပြီဖြစ်ပါကြောင်း၊ ထိုတောမှထွက်ရှိသော ထင်းနှင့်တိုင်များကို ဘုရားကျောင်းပြုပြင်ခြင်း၊ ရွာတံတားဆောက်လုပ်ခြင်း၊ စာသင်ကျောင်းဆောက်လုပ်ခြင်းတို့တွင် အသုံးပြုပါကြောင်းရှင်းပြပါသည်။ ကျေးရွာတွင် ဘုရားကျောင်း(၂)ကျောင်းမူလတန်းကျောင်းများလည်းရှိပါသည်။ သိလိုသည်များကိုမေးမြန်းပြီးသောအခါ ကျေးရွာဥက္ကဋ္ဌက စာရေးသူတို့အား လက်ဖက်ရည်၊ မုန့်များဖြင့်ဧည့်ခံကာ သူတို့၏ရိုးရာဦးထုပ်များကိုပြပါသည်။ ငွေစစ်သဖြင့် အလွန်လေးပါသည်။ အပျိုနှင့် အိမ်ထောင်သည်များ ဆောင်းရန် ခွဲခြားထားပုံကိုရှင်းပြရာ ဒေါက်တာအိုကာမိုတိုကမူ ထိုဦးထုပ်များကို ကိုင်ကြည့်လိုက် ဓာတ်ပုံရိုက်လိုက်နှင့် သဘောကျနေပါသည်။ ထို့နောက်နှုတ်ဆက်ကာ ခြံဝင်းအတွင်း လှည့်လည် ဓာတ်ပုံရိုက်ကြရာတွင် ထိုအိမ်မှာ ဖျဉ်ထောင်အိမ်(၂)ထပ်ဖြစ်ကာ အမိုးမှာ အုတ်ကြွပ်ဖြစ်ပါသည်။ စာရေးသူတို့အဖွဲ့သည် အဆိုပါရွာမှ ပြန်လည်ထွက်ခွာခဲ့ရာ လမ်း၌ မြေစေးများဖြင့် ကားမှာချော်ပြန်ပါသည်။ မိုးမကုန်သေးသဖြင့် လမ်းများမကောင်းပါ။ ဦးစီးကမူလမ်းဆင်းလျှောက်ကာ လမ်းကြောင်းရှာကာ ကတ်ထိုက်ကျေးရွာအုပ်စုရှိ ဝမ်ကျုံကျေးရွာသို့ ကားဖြင့်သွားရာ ညနေ(၃)နာရီတွင် ရောက်ရှိပါသည်။

စာရေးသူတို့အဖွဲ့သည် ထိုရွာသို့ လမ်းမမှအတွင်းဘက်သို့ဝင်ရသည့်အပြင် လမ်းမှာအတွင်းဘက်တွင် တဖြည်းဖြည်းကျဉ်းသွားကာ လူတစ်ယောက်စာ လမ်းသာရှိပါတော့သည်။ ဘေးပတ်ဝန်းကျင်မှာလည်း စိမ်းညို့နေသော လှေခါး

ထစ်ပုံ တောင်ယာစပါးခင်းများနှင့် ဝါးတောများကိုတွေ့ရပါသည်။ စာရေးသူတို့သည် ရေစီးသန်သည့်ချောင်းကိုဖြတ်ကာ အသွားတွင် ထိုချောင်းအနီး၌ လားဟူကလေးတစ်သိုက်မှာ ရေချိုးရန် ပြင်ဆင်နေကြပြီး စာရေးသူတို့ကို ကြည့်နေကြပါသည်။ ရွာမှာတောင်ပေါ်တွင်ရှိသည်ကို အောက်မှ လှမ်းမြင်နေရပါသည်။ မိနစ် (၂၀)ခန့် လမ်းလျှောက်တက်ရမည်ဖြစ်ရာ ကျေးရွာဥက္ကဋ္ဌ ဦးကျာဖိတ်နှင့်အဖွဲ့က ဆိုင်ကယ်များဖြင့် လာရောက်ကြိုဆိုကြသော်လည်း ဒေါက်တာအိုကာမိုတိုက လက်ကလေးတစ်ခါခါနှင့်ငြင်းကာ လမ်းလျှောက်တက်ပါတော့သည်။ ဦးစီးနှင့်အဖွဲ့က စာရေးသူအား အားမနာရန်နှင့် ဝေးသောကြောင့် ပြောသော်လည်း စာရေးသူက မကွေး၌ ဆိုင်ကယ်ပေါ်မှ ပြုတ်ကျဖူးကြောင်းပြောပြရကာ သူ့နောက်မှလိုက်ရပါသည်။ လမ်းမှာ မြေနီလမ်းဖြစ်ပြီး တဖြည်းဖြည်းနှင့်တက်လာကြရာ လမ်းဘေးတွင် ကျေးရွာပိုင် အစုအဖွဲ့ပိုင်တောနှင့် ဆိုင်းဘုတ်ကိုကျော်ကာ အမြင့်ရှိ ရွာသို့ရောက်သွားပါသည်။ ရွာအဝင်လမ်းတစ်လျှောက်၌ ထင်းရှူးတောကိုတွေ့ရသဖြင့်လည်း အမောပြေသွားပါသည်။ စာရေးသူတို့ကို ကျေးရွာမှအသင့်စောင့်နေကြ၍ ဒေါက်တာအိုကာမိုတိုက ကျေးဇူးတင်ပါကြောင်း ပြောပြပါသည်။ အဖွဲ့သားအားလုံးမှာ ဟောဟဲလိုက်ကာ ချွေးများရွှဲနေကြပါသည်။ ထို့ကြောင့် ခဏနားကာ လက်ဖက်ရည်ကြမ်း သောက်ကြပါသည်။ ကတ်ထိုက်ကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း(၄၄)ရွာပါဝင်ပါသည်။ ဝမ်ကျီကျေးရွာတွင် အိမ်ထောင်စု(၁၇)အိမ်ရှိပြီး လူဦးရေစုစုပေါင်း (၁၀၅)ဦး ရှိပါသည်။ ဗုဒ္ဓဘာသာဝင်လားဟူ လူမျိုးများနေထိုင်ကြပါသည်။ လယ်ဧကစုစုပေါင်း (၃၈)ဧကသာရှိပြီး (၁၁)အိမ်ထောင်စုသာ လယ်ပိုင်ဆိုင်ကြပြီး အချို့မှာ တောင်ယာတွင် ပြောင်း၊မြေပဲ၊ ပဲပုတ်တို့ကို စိုက်ကြကြောင်း၊ အချို့မှာ ကျပန်းလုပ်ကိုင် စားသောက်ကြကြောင်းပြောပြပါသည်။ ဤရွာတည်သည်မှာ (၂၁)နှစ်ရှိပြီဖြစ်ကြောင်းနှင့် ယခင်ရွာဟောင်းအမည်မှာ ဝမ်ကျိုင်းဖြစ်ကြောင်းရှင်းပြပါသည်။

ထို့နောက် ဒေသခံအစုအဖွဲ့ပိုင်တော ဥက္ကဋ္ဌဖြစ်သူ ဦးကျစိ အားမေးမြန်းရာတွင် ဧကပေါင်း(၁၈၄)ဧကရှိပြီး အပတောတွင်ပါဝင်ကာ ၁၉၉၈ ခုနှစ်တွင် တည်ထောင်ခဲ့ကြောင်း၊ အသုံးပြုသူ လူဦးရေ စုစုပေါင်း တစ်ရွာလုံးဖြစ်ကြောင်း၊ သစ်အယ်၊ သစ်ချ၊ သစ်ရာ၊ ရင်းတိုက်၊ ထင်းရှူးပင်များ စိုက်ပျိုးထားကြကြောင်း ပြောပြကြပါသည်။ ရွာမှာလည်း ဒေသခံအစုအဖွဲ့ပိုင်တောအတွင်း၌ပင် တည်ဆောက်ထားခြင်းဖြစ်ကြောင်းရှင်းပြရာ အမှန်လည်း သစ်ပင်ကြီးများကို မခုတ်ဘဲ အိမ်နှင့်ခွာ၍ ဆောက်ထားကြသည်ကို တွေ့ရပါသည်။ ဒေါက်တာ အိုကာမိုတိုက ရပ်မိရပ်ဖလူကြီးများအား အမှတ်တရဓာတ်ပုံရိုက်ပါသည်။ ထို့နောက် ကျေးရွာဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖလူကြီးများအား နှုတ်ဆက်ကာ စာရေးသူတို့အဖွဲ့အားလုံး တောင်ထိပ်ပေါ်မှ လာရာလမ်းအတိုင်း တစ်ရွေ့ရွေ့နှင့် ပြန်လည်ထွက်ခွာလာကြပါသည်။

ညနေ(၆)နာရီတွင် ဟိုတယ်သို့ ပြန်လည်ရောက်ရှိကာ ခေတ္တအနားယူကြပါသည်။ ဒေါက်တာအိုကာမိုတိုသည် အခန်းရောက်သည်နှင့် ယနေ့မေးမြန်းလာသော မေးခွန်းလွှာများမှ အဖြေများကို ပြန်လည်စစ်ဆေးခြင်း၊ လိုအပ်သည်များကို နောက်တစ်နေ့တွင် ဖုန်းဖြင့်မေးခိုင်းခြင်းတို့ကို ဆောင်ရွက်လေ့ရှိပါသည်။ အလွန်စေ့စပ် သေချာသူဖြစ်ပါသည်။ ဂျပန်ဘာသာဖြင့် တစ်စောင်၊ အင်္ဂလိပ်ဘာသာဖြင့် တစ်စောင် ပြန်လည်ရေးလေ့ရှိပါသည်။ ယခင်နှစ်များက အကြီးတန်းသုတေသီအနေနှင့် လာရောက်သုတေသနပြုသော်လည်း ယခုနှစ်တွင်မူ တိုကျိုတက္ကသိုလ်မှ ပါမောက္ခအနေနှင့် လာရောက်သုတေသနပြုခြင်း ဖြစ်ပါသည်။ တစ်ခါတစ်ရံတွင် ဂျပန်နိုင်ငံရှိ သူမ၏မိသားစုများအကြောင်းနှင့် ဂျပန်နိုင်ငံ၏ မူဝါဒများ၊ အခွန်ပေးဆောင်ရပုံများကို ပြောပြတတ်ပါသည်။ စာရေးသူကလည်း ဝန်ထမ်းမဟုတ်သူ သက်ကြီးရွယ်အိုများအား စောင့်ရှောက်ပုံကိုသိလို၍ မေးမြန်းရာ ဂျပန်နိုင်ငံရှိ ဝန်ထမ်းများ၏ လစာမှ လစဉ်ဖြတ်တောက်ကာ အချိုးကျထောက်ပံ့ပေးရကြောင်း၊ သို့ရာတွင် မိမိတို့လက်ထက်ရောက်လျှင် ယခုကဲ့သို့ ထောက်ပံ့ငွေရရှိရန်မှာ မသေချာကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ယနေ့ဂျပန်

အခါဦးထုပ်ကို ဆောင်းပြနေပုံ

ဒေသခံပြည်သူ့အစုအဖွဲ့ပိုင် သစ်တောဆိုင်းဘုတ်ကိုတွေ့ရပုံ

နိုင်ငံတွင် အိမ်ထောင်ပြုသူဦးရေမှာ အလွန်နည်းလာပြီး သားသမီးလည်း အလွန်ဆုံးတစ်ဦး(သို့) နှစ်ဦးသာယူကြကြောင်းပြောပြလေ့ရှိပါသည်။ သူမလည်း သားတစ်ဦးသာရှိပါသည်။ အဘယ့်ကြောင့် ဤသို့ဖြစ်ရသလဲဟု စာရေးသူကမေးရာ ဂျပန်နိုင်ငံ၏ ပေးချေရသော အခွန်အခစရိတ်မှာ အလွန်ကြီးမြင့်ခြင်းကြောင့်ဖြစ်ကြောင်း ပြောပြပါသည်။ ထို့နောက်စာရေးသူတို့ကို ဦးစီးကလာရောက်ခေါ်ဆောင်သဖြင့်ညစာသွားစားကြပါသည်။ ညစာစားအပြီးတွင် ဒေါက်တာအိုကာမိုတိုက အထည်ဆိုင်တစ်ဆိုင်သို့သွားကာ ရှပ်အကျီများဝယ်ယူပြီး ဟိုတယ်သို့ ပြန်ခဲ့ကြပါသည်။ စာရေးသူကတော့ မအိပ်ခင် ထုံးစံအတိုင်း မှတ်တမ်းရေးခြင်း၊ ဓာတ်ပုံများကို ကွန်ပျူတာအတွင်းထည့်ခြင်း၊ မီးအားသွင်းခြင်းများပြုလုပ်ပြီးသောအခါ ဟိုတယ်မန်နေဂျာထံမှ ငှါးရမ်းထားသော ကျိုင်းတုံမဂ္ဂဇင်းကိုဖတ်ရှုရာ ယမန်နေ့ညက အ မှောင်ထဲတွင် ဖူးလိုက်ရသော ရုပ်တော်မှုဘုရားကြီးအကြောင်း ကိုအောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရပါသည်။

ကဿပဘုရားရှင်လက်ထက်တော် ဂေါပါလမင်းနန်းတက်စဉ် တိုင်းပြည်ကိုရေလွှမ်း၍ ရေအိုင်ကြီးဖြစ်သွားရာ ဓမ္မိလရေအိုင် ဟုအမည်တွင်ခဲ့ပါသည်။ ဂေါတမမြတ်စွာဘုရား(၁၂)ဝါအရတွင် (၄၉)ပါးသော ရဟန္တာများခြံရံလျက်ဒေသစာရီလှည့်လည်ခဲ့ရာ ဓမ္မိလရေအိုင်အလယ်တွင်ရှိသော တောင်ကုန်းကလေးတစ်ခုပေါ်တွင် တောင်ဝှေးစိုက်ထူထားပြီး ဆွမ်းဘုန်းပေးပါသည်။ ရှင်အာနန္ဒာအား "ငါဘုရား၏ တောင်ဝှေးတော် စိုက်ထူထားသောနေရာသည် နောင်အခါ စွမ်ဆပ်တောင်ကုန်းမည်လတ္တံ့" ဟုဗျာဒိတ်ပေးခဲ့သည်။ ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် ရှေးဟောင်းရှမ်းစာပေပုရပိုဒ်အရ သက္ကရာဇ်(၇၃၄)တွင် စွမ်ဆပ်ကုန်းတော်မြေ၌ ဘုန်းကြီးကျောင်းတည်ဆောက်ရာ မြန်မာရှင်ဘုရင်နှင့် ဆရာတော်ဦးဝဏ္ဏတို့ဦးဆောင်ကာ အနော်ရထာစေတီတော်ကို တည်ခဲ့ပါသည်။ အဆိုပါ စွမ်ဆပ်ကုန်းတွင် မြန်မာရှင်ဘုရင်များ စစ်ရပ်နားရာနေရာဖြစ်သောကြောင့် ယခင်က စွမ်စစ်ကုန်းဟုလည်း ခေါ်ကြပါသည်။ သက္ကရာဇ် (၇၆၉) တွင် မဟာသီရိစေတီတော်၊ သက္ကရာဇ်(၇၇၅)တွင် ပတ္တမြားစေတီတော်တို့ကို တည်ထားခဲ့ကြောင်း၊ ထို့နောက် လက်ရှိသမ္မတကြီး ဦးသိန်းစိန် တိုင်းမှူးလက်ထက်က ခေမာရဋ္ဌဗျာဒိတ်တော်ပေး ရုပ်တော်မှုဘုရားကြီးကို ဆရာတော်ကြီးများ၊ ဒါယကာများနှင့် လက်တွဲကာ တည်ဆောက်ခဲ့ကြောင်း သိရသော် စာရေးသူမှာ အလွန်အားရ ဝမ်းသာဖြစ်ရပါသည်။ ထို့နောက် မီးမှိတ်ကာ ညအိပ်ရာဝင်ခဲ့ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

စာမျက်နှာ (၃၄)မှ အဆက်

မြန်မာနိုင်ငံအနေဖြင့် အခြားသောနိုင်ငံများကဲ့သို့ သစ်လုံးအတွက်သွင်းကုန်ခွန် ကင်းလွတ်ခွင့်ပေးနိုင်ခြင်း မရှိသေးသည့်တိုင်အောင် သင့်တင့်မျှတသော လုပ်သာကိုင်သာနှုန်းထားတစ်ခုကို သတ်မှတ်ပေးပါက များစွာအဆင်ပြေဖွယ်ရာရှိပါသည်။ ထို့ပြင်အခြားသော ဆက်စပ်အခွန်အခများကိုလည်း ပါးပါးလျလျသတ်မှတ် ကောက်ခံမည်ဆိုပါက ပို၍အဆင်ပြေပါမည်။ ပြည်ပမှ သစ်ကုန်ကြမ်း တင်သွင်းလာသူများအတွက် မက်လုံးပေးသင့်ပါသည်။

အခွန်အကောက်ကဏ္ဍမှထောင့်မှကြည့်လျှင် ဤသို့လျှော့ပေါ့သတ်မှတ်ပါက လောလောဆယ်တွင် နိုင်ငံတော်အတွက် အခွန်ပမာဏလျော့နည်းသွားမည်ဟု ဆိုနိုင်သော်လည်း သစ်လုပ်ငန်းရှင်များအနေဖြင့် ကုန်ကြမ်းသစ်လုံးများချောင်ချောင်ချိချိ တင်သွင်းနိုင်သည့် အခွင့်အလမ်းကြောင့်တင်သွင်းမှုပမာဏပိုမို များပြားလာမည်ဖြစ်သည်။ အခွန်အကောက်ရရှိမှုလည်း အဆပေါင်းများစွာ ပိုမိုလာနိုင်မည်ဟု တွေးဆမိပါသည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံတော်နှင့် ပြည်သူလူထု၏ရေရှည်အကျိုးဖြစ်ထွန်းမှုကို ရည်မျှော်လျက် ပြည်ပမှ ကုန်ကြမ်းသစ်လုံးတင်သွင်းလာမှုအပေါ် ရေလာမြောင်းပေး ဆွေးနွေးစွာ ဖေးကူသင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ကျေးရွာကြီးပေ သစ်ပင်တွေ

ပန်းမန်သစ်ပင် စိုက်ပျိုးလျှင်
တို့ပတ်ဝန်းကျင် လှပအစဉ် . .

ဝါး၊ ဝနို၊ သက်ကယ် စိုက်ပျိုးက
အိမ်ဆောက်ပြုပြင် အသုံးဝင်လှ . .

ဘာယဆေးပင် စိုက်ပျိုးလျှင်
ကျန်းမာရေးအတွက် အသုံးဝင် . .

တစ်နိုင် တစ်ပိုင် စိုက်ပျိုးက
ဝင်ငွေတိုးလို့ ပြုံးပျော်ရ . .

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်
အရိပ်လည်းရ ထင်းလည်းရ . .

သစ်တောသစ်ပင် ပေါများက
ရာသီဥတု ကောင်းမွန်လှ . .

ကုသိုလ်လည်းရ ဝမ်းလည်းဝ
ဝုဏ်ယူဝင့်ကြွား စိုက်ပျိုးကြ

အေးအေးဆင့် (မယ်သစ်တော)

မြေပုံဖတ်ခြင်း အတတ်ပညာ

ကိုကို(သစ်တော)

စာရေးသူကျွန်တော်သည် ၁၉၅၅ခုနှစ် ဖေဖော်ဝါရီလ (၁)ရက်နေ့မှစ၍ သစ်တောဦးစီးဌာန၊ ဂန့်ဂေါမြောက်ပိုင်းနယ်၊နယ်စီးတောအုပ်ကြီးရုံးတွင် တောခေါင်းအဖြစ် စတင်ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ သစ်တောဦးစီးဌာနရှိ စာအုပ်၊စာပေ၊ မြေပုံစသည်တို့ကို ဖတ်ရှုလေ့လာမှတ်သားရန် စိတ်အားထက်သန်ခဲ့ပါသည်။

ထိုစဉ်က နယ်စီးတောအုပ်ကြီးရုံးတွင်ရှိသော သစ်တောလက်အောက်အမှုထမ်းများ အမြဲလိုက်နာရန် အမိန့်လက်စွဲ (M.S.O.S)နှင့် သစ်တောဦးစီးဌာနညွှန်းချက်များ (D.I) စာအုပ်တို့ကို သေချာစွာ ဖတ်ရှုလေ့လာခဲ့ပါသည်။ ထိုစာအုပ်များတွင် သစ်တောအမှုထမ်းတစ်ဦးအား ရာထူးမှ ထုတ်ပယ်သည်အထိ အပြစ်ပေးနိုင်သော အမှုများစာရင်းတွင် နေ့စဉ်မှတ်တမ်းကိုလိမ်၍ ရေးခြင်းမှာ နံပါတ်(၁)မှ ပါရှိသည်ကို တွေ့ရပါသည်။ ထို့ကြောင့် မိမိ၏နေ့စဉ်မှတ်တမ်း ဒိုင်ယာရီကို လိမ်လည်ရေးသားခြင်းမပြုမိရန် ထာဝစဉ်ထိန်းသိမ်းခဲ့ပါသည်။ ယင်းကဲ့သို့ ထိန်းသိမ်းခဲ့သဖြင့် အကျိုးရှိပုံများကို ၂၀၁၄ခုနှစ် စက်တင်ဘာလထုတ် သစ်တောရေးရာ မဂ္ဂဇင်းတွင် ရေးသားဖော်ပြခဲ့ဖူးပါသည်။

သစ်တောအမှုထမ်းများအား ရာထူးမှ တိုးပေးနိုင်သော အရည်အချင်းများတွင်လည်း-

(၁) အစီရင်ခံစာကို တိုတိုနှင့်လိုရင်းရောက်အောင် ရေးသားနိုင်ခြင်း

(၂) မြေပုံဖတ်တတ်ခြင်း ဟူ၍ ရေးသားသည်ကို ဖတ်ရှုလေ့လာမှတ်သားခဲ့ရပါသည်။ အစီရင်ခံစာကို တိုတိုနှင့်လိုရင်းရောက်အောင် ရေးသားနိုင်ခြင်းဆိုသော အချက်ကို အချို့သူများက ဟာသနှော၍ ပြောဆိုကြသည်ကိုလည်း ကြားဖူးပါသည်။ယခင်အခါက သစ်တောဌာနတွင် တောခေါင်းတစ်ယောက်ကို ဓါး(၁)လက်စီ ရုံးမှထုတ်ပေးထားရှိပါသည်။ တောခေါင်းတစ်ယောက်က မိမိဓါးရေထဲကျ၍ ပျောက်ဆုံးသွားသည်ကို ရုံးသို့အစီရင်ခံရာ၌ "ရေလယ်မှာ လှေငယ်နစ်၊ ဓါးတစ်ပျောက်ဆုံး"ဟူ၍ ရေးသားတင်ပြရာ ရယ်စရာဟာသတစ်ခုဖြစ်သွားကြောင်း ပြောဆိုကြပါသည်။ ဆိုလိုသည်မှာ စာကိုတိုတိုရေးခြင်းသည် ခက်ခဲသောအလုပ်မဟုတ်ဟု ပြောဆိုခြင်းဖြစ်ပါသည်။

စာရေးသူအမြင်ဖြင့်မူ စာရေးရာ၌ အတိုချုံး၍ တိုတိုရေးသားခြင်းမှာ လွယ်ကူလှသည်မဟုတ်ဟု ထင်မြင်မိပါသည်။ ပါဠိဘာသာစာများတွင် ဂါထာနှင့်စုဏ္ဏိယဟူ၍ နှစ်မျိုးရှိကြောင်း မှတ်သားခဲ့ရဖူးပါသည်။ ဂါထာမှာ ကဗျာဆန်ဆန် ရေးသားခြင်းဖြစ်ပြီး စုဏ္ဏိယမှာ စကားပြေရေးသားခြင်းဖြစ်ပါသည်။ စကားပြေရေးသားရာတွင်လည်း အတိုချုံး၊ အကျဉ်းချုံး ရေးသားခြင်းကို (သခေ်ပ)ရေးသားခြင်း၊ (သံခိပ်)ရေးသားခြင်းဟူ၍ရှိပါသည်။ ယင်းကဲ့သို့ (သခေ်ပ)သံခိပ်ရေးသားခြင်းနည်းမှာ အထူးတလည်သင်ယူသင့်သောဘာသာရပ်တစ်ခုဟု ထင်မြင်ယူဆမိပါသည်။

စာရေးသူအနေဖြင့် စိမ်းရောင်လွင်မဂ္ဂဇင်း၊ သစ်တောသုတေသနဌာန ငွေရတု၊ ပုလဲရတုမဂ္ဂဇင်းများနှင့် သစ်တောရေးရာဂျာနယ်များတွင် ဆောင်းပါးများ ရေးသားခဲ့ဖူးပါသည်။ ဆောင်းပါးစာမူရေးသားရာတွင် ရှည်လျားသွားသဖြင့် ပြန်လည်အကျဉ်းချုံးရေးသားရာ ခက်ခက်ခဲခဲ အကျဉ်းချုံးရေးသားခဲ့ရကြောင်း လက်တွေ့သိရှိခဲ့ရပါသည်။ ဆိုလိုသည်မှာ တိုတိုနှင့်လိုရင်းရေးသားခြင်းမှာ လွယ်ကူသောကိစ္စမဟုတ် လေ့လာသင်ကြားသင့်သော ပညာရပ်သာဖြစ်သည်ဟု ယူဆမိပါသည်။ စာရေးသူ၏အရည်အချင်း ဖြစ်သည်ဟုလည်း ထင်မြင်ယူဆမိပါသည်။

မြေပုံဖတ်ခြင်းပညာဆိုသည်မှာလည်း လွယ်ကူသောပညာရပ်မဟုတ်ပါ။ "မြေပုံဖတ်တာများ လွယ်လွယ်လေးပါ၊ မြေပုံကိုကြည့်လိုက်ရင် သိတာပဲ"ဟု ပြောဆိုတတ်ကြပါသည်။ ကိုယ်တိုင်လက်တွေ့တွေ့ကြုံ ဆောင်ရွက်ရသောအခါတွင်မှ ခက်ခဲနက်နဲသော ပညာရပ်ဖြစ်ကြောင်း သိရှိရပါသည်။ယင်းကိစ္စနှင့် ပတ်သက်၍ စာရေးသူကျွန်တော် ကိုယ်တိုင် လက်တွေ့ကြုံကြိုက်ခဲ့ရသော ဖြစ်ရပ်မှန်ကို တင်ပြလိုပါသည်။

ပထမဖြစ်ရပ်မှာ ရက်ရှည်ကြာညောင်းလှပြီဖြစ်၍ နေ့ရက်အချိန်အခါတို့ကို သေချာစွာမမှတ်မိ၊ မတင်ပြနိုင်တော့ပါ။ "မယုံလျှင်ပုံပြင်သာ မှတ်ကြပါတော့" ဟူ၍သာ တင်ပြလိုပါသည်။ ထိုစဉ်အခါက ဂန့်ဂေါမြို့နယ်တွင် ရောင်စုံ သောင်းကျန်းသူများ ထကြွနေသော အချိန်ကာလဖြစ်ပါသည်။ခရိုင်မြို့ဖြစ်သော ပခုက္ကူမြို့ကို သောင်းကျန်းသူ ရဲဘော်ဖြူများ အုပ်စိုးနေပြီး ထီးလင်းမြို့ကိုလည်း (ဗ. က. ပ)များ ကြီးစိုးသိမ်းပိုက်လျက်ရှိပါသည်။ ဂန့်ဂေါမြို့ကို အုပ်ချုပ်နေသော နယ်ပိုင်ဝန်ထောက် (S.D.O)အား ပခုက္ကူ အရေးပိုင်(ခရိုင်ဝန်)အာဏာနှင့် ပခုက္ကူ(ခရိုင်ရဲဝန်) (D.S. P)အာဏာတို့ကို ပေးအပ်ထားပြီး ဂန့်ဂေါမြို့နယ်၏ လုံခြုံရေးကို တာဝန်ယူနေရသောအချိန်ဖြစ်ပါသည်။

ဂန့်ဂေါမြို့နယ်ရှိ အစိုးရဝန်ထမ်းအားလုံး ပြည်သူ့စစ်သင်တန်းတက်ရောက်လေ့ကျင့်ထားရပါသည်။ စာရေးသူကိုယ်တိုင်လည်း ပြည်သူ့စစ်သင်တန်း တက်ရောက်လေ့ကျင့်ထားပါသည်။ တောခေါင်းများကို ရိုင်ဖယ်သေနတ် တစ်လက်စီနှင့် တောအုပ်များကို စတင်းဂန်းတစ်လက်စီ ထုတ်ပေးထားပြီး နယ်စီးတောအုပ်ရုံးတွင်လည်း လက်နက်ခဲယမ်းအချို့ထားရှိရပါသည်။ တောခေါင်း၊ တောအုပ်များမှာ ကင်းစောင့်ခြင်း၊ ကင်းလှည့်ခြင်းများကို ဆောင်ရွက်ရရုံမက တစ်ခါတစ်ရံ လိုအပ်ပါက စစ်ဆင်ရေးများတွင်လည်း လိုက်ပါဆောင်ရွက်ရပါသည်။ ထိုအချိန်တွင် ဂန့်ဂေါမြို့နယ်ကျေးရွာကျောချောင်ဒေသ၌ (ဗ. က. ပ)သောင်းကျန်းသူများ မကြာ

ခဏဝင်ရောက် နှောင့်ယှက်နေကြောင်း သတင်းရရှိပါသည်။

ထို့ကြောင့် ဂန့်ဂေါပြည်သူ့ရဲတပ်ဖွဲ့မှ တပ်ကြပ်တစ်ဦး ဦးဆောင်သော တပ်စုတစ်စုကျေးရွာသို့ သွားရောက်ပြီး သတင်းထောက်လှမ်း နယ်မြေရှင်းလင်းရန် စစ်ဆင်ရေးထွက်ရမည်ဟု သတင်းကြားသိရပါသည်။ သစ်တောဌာနမှလည်း နယ်မြေကျွမ်းကျင်သူ၊ မြေပုံနားလည်သူ တစ်ယောက်လိုက်ပါရမည်ဟု အမိန့်ထွက်ကြောင်း သိရှိရပါသည်။ ထိုစဉ်က ဂန့်ဂေါမြို့နယ် လုံခြုံရေးကို တာဝန်ယူနေသူ နယ်ပိုင်ဝန်ထောက်ကြီးနှင့်ပြည်သူ့ရဲတပ်ဖွဲ့မှ ရဲအရာရှိများ စည်းဝေးဆုံးဖြတ်ချက်အရ ဟူ၍လည်း သိရှိရပါသည်။

စာရေးသူ ကျွန်တော်မှာ ပြည်သူ့ရဲတပ်ဖွဲ့တွင် ယခင်က တာဝန်ထမ်းဆောင်ခဲ့ဖူးသည့်အပြင် ပြည်သူ့ စစ်သင်တန်းလည်းတက်ရောက်ခဲ့ဖူးပါသည်။ထို့အပြင်သစ်တောများအတွင်း လှည့်လည်တာဝန်ထမ်းဆောင်ခဲ့ပြီး တောတောင်အခြေအနေနှင့်တကွ မြေပုံများ နားလည်သူဖြစ်သဖြင့် ထိုစစ်ဆင်ရေးတွင် လိုက်ပါဆောင်ရွက်ရမည်ဖြစ်ကြောင်း တာဝန်ပေးရွေးချယ်ခဲ့ပါသည်။ ဤသို့ဖြင့် စာရေးသူမှာ ဂန့်ဂေါမြို့၊ ကျောရွာသို့ စစ်ဆင်ရေးခရီးလိုက်ပါရပါတော့သည်။

ဂန့်ဂေါမြို့မှ ကျောရွာသို့ ခရီးမိုင်(၃၀)ခန့်သာ ဝေးကွာပါသည်။ သို့ရာတွင် လျှို့ဝှက်ခရီးထွက်ရမည်ဖြစ်ရာ လမ်းခရီးရှိ ကျေးရွာများသို့မဝင်ပဲ တောလမ်းခရီးဖြင့် ပျာပုံတောင်၊ ပုံတောင်တို့ကို ကျော်ဖြတ်ပြီး ကျောရွာသို့ အရောက်သွားရမည်ဖြစ်ပါသည်။ ထို့ကြောင့် စာရေးသူ ကျွန်တော့်တွင် တောအတွင်းသင်းသတ်စဉ်က ရေးဆွဲခဲ့သော မြေပုံများ သာမက ကွန်တိုမြေပုံများကိုပါ ယူဆောင်၍ ထိုစစ်ဆင်ရေးတွင် လိုက်ပါသွားရပါတော့သည်။ လမ်းခရီးတွင် ကျေးရွာများသို့မဝင်ပဲ တောင်ကျောများအတိုင်း ချီတက်သွားကြရာ လမ်းခရီးတောင်ကျောတောင်ထိပ်များတွင် စာရေးသူ ကျွန်းသင်းသတ်စဉ်က စိုက်ထူထားခဲ့သော အကွက်ဆုံဘုတ်တိုင်များ နယ်နိမိတ်မှန်ထစ်များစသည်တို့ကို တွေ့ရသဖြင့် ပါလာသည့် မြေပုံများနှင့် တိုက်ဆိုင်စစ်ဆေးပြီး သစ်ပင်များတွင် ဓားထစ်၍ သေချာစွာမှတ်သားထားခဲ့ပါသည်။

ကျောရွာသို့ရောက်သောအခါ အိမ်(၃)အိမ်တွင် (၃)စုခွဲ၍ တည်းခိုခဲ့ရပါသည်။ စာရေးသူမှာ သူကြီးအိမ်၌ တည်းခိုခဲ့ပါသည်။ ညအချိန်ရောက်သောအခါ အလှည့်ကျကင်းစောင့်များချ၍ အိပ်စက်ကြရာ ခရီးပမ်းလာခဲ့ကြသဖြင့် စောစောစီးစီးအိပ်ပျော်သွားကြပါတော့သည်။

ည(၁၂)နာရီခန့်ရောက်သောအခါ မိမိတို့တပ်စုအား (ဗ. က. ပ)သောင်းကျန်းသူများက ဝိုင်းဝန်းတိုက်ခိုက်ပစ်ခတ်သည်ကို ခံရပါတော့သည်။ (၁)နာရီခန့်တိုက်ပွဲဖြစ်ပွားပြီးနောက် စာရေးသူကျွန်တော်တို့၏ ပြည်သူ့ရဲတပ်ဖွဲ့မှ တပ်ကြပ်ကိုဂျော်နီမှာ ကျည်ဆံထိမှန်ပြီး ကျဆုံးသွားပါတော့သည်။ ထိုတပ်ကြပ်၏အလောင်းကို သူကြီးအိမ်ပေါ်သို့ တင်ထားခဲ့ပြီး ပြန်လည်ခုခံတိုက်ခိုက်ကြပါသေးသည်။ သို့သော်ရန်သူ၏ လူသူလက်နက်အင်အားမှာ ကြီးမားများပြားလှသဖြင့် ပြန်လည်ခုခံ တိုက်ခိုက်ခြင်းမပြုနိုင်တော့ပါ။

ကျဆုံးသွားသော တပ်ကြပ်ကိုဂျော်နီ၏ အလောင်းကိုလည်း ဂန့်ဂေါမြို့သို့ ပြန်လည်သယ်ဆောင်သွားရန် မဖြစ်နိုင်တော့ပါ။ ရန်သူ(ဗ. က. ပ)များကလည်း ကျောရွာကို လေးဘက်လေးတန်က ဝိုင်းဝန်းကာ ပစ်ခတ်တိုက်ခိုက်နေကြပါသည်။ ရန်သူများအကြားမှ ပြန်လည်ဆုတ်ခွါရန်သာ စီစဉ်ရပါတော့သည်။ ရန်သူ၏ပစ်အားနည်းသောနေရာကို ရွေးချယ်ဖောက်ထွက်ပြီး တိတ်ဆိတ်လျှို့ဝှက်စွာကျောရွာမှ ထွက်ခွါလာခဲ့ကြရပါတော့သည်။ဤကဲ့သို့ ဆုတ်ခွါလာခဲ့ရာ ပုံတောင်ထိပ်သို့ ည(၁)နာရီခန့်အချိန်မှ ရောက်ရှိလာပါတော့သည်။ ပုံတောင်တန်းကြီးမှာ ယောနယ်၊ ဂန့်ဂေါနယ်နှင့် ပခုက္ကူတို့အကြား ကာဆီးထားသော တောင်တန်းကြီးဖြစ်ပါသည်။

ပုံတောင်၏ထိပ်တွင် အမေရေယဉ်(ရေယဉ်မယ်တော်)၏ နတ်နန်းကြီးရှိပါသည်။ အမေရေယဉ်ဆိုသည်မှာ ဂန့်ဂေါမြို့နယ်အပါအဝင် ယောနယ်တစ်နယ်လုံးက "အနောက်ကတော်"ဟု ခေါ်ဆိုပြီး ကိုးကွယ်ပသကြသောနတ်ဖြစ်ပါသည်။ နတ်နန်းပေါ်တွင် လမ်းသွားလမ်းလာများ ပသထားကြသော ငှက်ပျောသီးများ မုန့်ပဲသရေစာများရှိပါသည်။ အမေရေယဉ်အား ကန်တော့သော မုန့်ပဲသရေစာများ စွန့်ကြတော်မူပါဟုပြောဆိုပြီး စားသောက်ကြရပါသည်။ ထိုနေရာမှ မြောက်ဘက်သို့ တဖြည်းဖြည်းဆုတ်ခွါလာရာ တောင်ထိပ်တစ်ခုအပေါ်တွင် စာရေးသူ လောင်ထောင်ကြီးဝိုင်းတွင် ကျွန်းသင်းသတ်စဉ်က စိုက်ထူခဲ့သောအကွက် ဆုံဘုတ်တိုင်ကို တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါသည်။ ထိုဘုတ်တိုင်မှ အနောက်ဘက်သို့ ဆင်းလာပါက ဂန့်ဂေါမြို့အနီးရှိ မဲရွာ၊ လယ်မရွာတို့သို့ ရောက်ရှိမည်ဖြစ်ပါသည်။ ဘုတ်တိုင်မှာ (၃)မျက်နှာဘုတ်တိုင်ဖြစ်ပြီး မှန်ထစ်(၃)ထစ်၊ (၃)မျက်နှာပြုလုပ်၍ အကွက်နံပါတ်များ တံဆိပ်ရိုက်ထားပါသည်။ မှန်ထစ်များ၏ ထောင့်များမှာ နယ်နိမိတ်ကြောသွားရာအတိုင်း ဖြောင့်မတ်စွာ ထားရပါသည်။ ထိုဘုတ်တိုင်ကို စာရေးသူ ကျွန်တော် စိုက်ခဲ့စဉ်က စနစ်တကျ စိုက်ထူခဲ့သည်ကို ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ ထိုဘုတ်တိုင်၏ ညွှန်ပြရာ ကြောအတိုင်း ဂန့်ဂေါဘက်သို့ ဆင်းသွားရန်သာရှိပါတော့သည်။

သို့ရာတွင် အဆိုတစ်ခုရှိပါသည်။ "ကြောအတက်၊ ချောင်းအဆင်း" ဟူ၍ဖြစ်ပါသည်။ တောင်ကြောအတိုင်း တက်သွားပါက မိမိရည်မှန်းသောတောင်ပေါ်သို့ လွယ်ကူစွာရောက်ရှိမည်ဖြစ်ပါသည်။ ချောင်းအတိုင်း ဆင်းသွားပါက မိမိသွားလိုသည့် ချောင်းကြီးသို့ လွယ်ကူစွာရောက်ရှိမည်ဖြစ်ပါသည်။ ယခုမူ တောင်ကြောသို့ ရောက်ရှိလမ်းမှားသွားမည်ကို စိုးရိမ်ရပါသည်။ ထို့ကြောင့် မိမိတွင် ပါလာသော ကွန်တိုမြေပုံကိုကြည့်ပြီး သတိကြီးစွာဖြင့် ဆင်းလိုက်တက်လိုက် သွားလာရပါသည်။ ဤသို့ဖြင့် လယ်မရွာသို့ ညနေပိုင်းတွင် ရောက်ရှိလာပါတော့သည်။ လယ်မရွာမှတဆင့် ဂန့်ဂေါမြို့သို့ ချောမောစွာပြန်လာခဲ့ရပါသည်။

ဂန့်ဂေါပြည်သူ့ရဲတပ်ဖွဲ့ ရဲဌာနသို့အဝင် လေယာဉ်ပျံကွင်းသို့ ရောက်ရှိလာသောအခါ စစ်ဆင်ရေးမှ ပြန်လာသော ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုများ၊ အသိမိတ်ဆွေများတို့က

ဝမ်းသာအားရကြိုဆိုနေကြသည်ကို တွေ့ရပါသည်။ ယင်းကဲ့သို့ ရဲတပ်ဖွဲ့ဝင်မိသားစုများ ပျော်ရွှင်စွာ ကြိုဆိုနေကြစဉ် တိုက်ပွဲတွင်အသက်ပေးလှူခဲ့ရသော တပ်ကြပ်ဦးကျော်နီ၏ ဇနီးဖြစ်သူ ဒေါ်စိန်တင်လည်း ရောက်ရှိလာပါသည်။ သူက သူ့ခင်ပွန်း တပ်ကြပ်ကျော်နီကျဆုံးခဲ့ကြောင်း သိရသောအခါ ထိုနေရာတွင်ပင် လဲကျမူးမေ့သတိလစ်သွားသဖြင့် ဆေးရုံသို့ ပို့လိုက်ရပါတော့သည်။ ဤသို့ဖြင့် ဖော်ပြခဲ့သော ဖြစ်ရပ်မှန် ဇာတ်လမ်းပြီးဆုံးခဲ့ပါသည်။

ဤနေရာတွင် ဂန့်ဂေါပြည်သူ့ရဲတပ်ဖွဲ့မှတပ်ကြပ် တစ်ဦးကျဆုံးသဖြင့် ဝမ်းနည်းရသော်လည်း အင်အားကြီးသော ရန်သူများ တိုက်ခိုက်ပစ်ခတ်နေသည့်ကြားမှ ကျန်တပ်ဖွဲ့ဝင်များအား ဦးစီး၍ အောင်မြင်စွာဆုတ်ခွာနိုင်ခဲ့ခြင်းမှာ စာရေးသူကိုယ်တိုင် အကွက်ဆုံဘုတ်တိုင်ကို စနစ်တကျ စိုက်ထူခဲ့ခြင်းနှင့် ကွန်တိုမြေပုံများနှင့် တောတွင်းသုံး စကေးကြီးမြေပုံများကို စနစ်တကျစုဆောင်းပြီး မြေပုံဖတ်ခြင်း အတတ်ပညာကို သေချာစွာ လေ့လာသင်ကြားအသုံးပြုနိုင်ခြင်းကြောင့်လည်း ဖြစ်သည်ဟု ထင်မြင်မိပါသည်။

နောက်တစ်ကြိမ်မြေပုံဖတ်ခြင်း အတတ်ပညာကြောင့် အောင်မြင်ခဲ့ရပုံများကို ဆက်လက်တင်ပြလိုပါသည်။

၁၉၆၅ခုနှစ်က ဖြစ်ပါသည်။ စာရေးသူသည် မေမြို့ သစ်တောကျောင်း ၁၉၅၈-၆၀ခုနှစ်(၂)နှစ်သင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ပြီးဖြစ်ရာ မင်းဘူးခရိုင် သစ်တောရုံးတွင် တောအုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ်က ဖြစ်ပါသည်။ ကျွန်းသင်းသတ်ခြင်းလုပ်ငန်းဆောင်ရွက်ရန် တာဝန်ကျသဖြင့် စေတုတ္တရာမြို့နယ် ဖအိုင်းကြီးဝိုင်းတောအတွင်း ခေါင်းဖြူတောင် တောင်ခြေရင်းတွင် စခန်းချကာ ကျွန်းသင်းသတ်ခြင်းတာဝန်ဆောင်ရွက်နေရခြင်း ဖြစ်ပါသည်။

၁၉၆၄ခုနှစ် စေတုတ္တရာမြို့နယ် မုန်းအနောက်ကြိုးဝိုင်း အတွင်း ကျွန်းသင်းသတ်ခြင်းဆောင်ရွက်စဉ် (ဗ. က. ပ)သောင်းကျန်းသူများ မိမိစခန်းသို့ လာရောက်စီးနင်းပြီး စားနပ်ရိက္ခာများ၊ ယူနီဖောင်းများကို သိမ်းယူသွားခြင်းခံခဲ့ရဖူးပါသည်။ နောက်တစ်ကြိမ် စေတုတ္တရာမြို့နယ် ကျောက်ဖူးရွာတွင် စခန်းချကာ ကျွန်းသင်းသတ်ခြင်း ဆောင်ရွက်စဉ်ကလည်း ယင်းကဲ့သို့ပင် မိမိစခန်းအား သောင်းကျန်းသူများ ဝင်ရောက်စီးနင်း သိမ်းယူခြင်းကို ခံခဲ့ရဖူးပါသည်။ သို့ဖြစ်၍ သစ်တောအတွင်း တာဝန်ထမ်းဆောင်ရမည်ကို ကြောက်ရွံ့နေမိပါသည်။" သို့ရာတွင် သူ့ဆန်စားရဲမှ" ဆိုသကဲ့သို့ သမိုင်းပေးတာဝန်ကျေပွန်ရမည်သာဖြစ်ပါသည်။

သို့ရာတွင် ယခုသင်းသတ်ရခြင်းမှာ ထိုစဉ်က သစ်တောခရိုင်၊ သစ်တောဝန် ဦးသိန်းတန်နှင့် စကုမြို့ တပ်မတော်တပ်ရင်း(၂၂)တပ်ရင်းမှူးတို့ ညှိနှိုင်းပြီး တပ်မတော် စစ်ဆင်ရေးစစ်ကြောင်းနှင့်အတူ လိုက်ပါပြီး ကျွန်းသင်းသတ်ခြင်းကို ဆောင်ရွက်ရန် ကျွန်းသင်းသတ်အမိန့် ခရိုင်သစ်တောဝန်(DFO)ရုံးမှ ထုတ်ပြန်လာသဖြင့် ဝမ်းမြောက် ဝမ်းသာစွာဖြင့် မိမိတာဝန်ဖြစ်သော ကျွန်းသင်းသတ်ခြင်းကို ဆောင်ရွက်ကြရပါတော့သည်။ တပ်မတော်မှ အရာရှိ(ဗိုလ်)တစ်ယောက် ဦးစီးသော တပ်စုနှင့်အတူ စာရေးသူကျွန်တော်ပါ တောအုပ်၊ သင်းသတ်အရာရှိ (G.O) (၃)ဦး၊ တောခေါင်း(၁၂)ယောက်နှင့်အတူ ဖအိုင်းကြီးဝိုင်း၊ ခေါင်းဖြူတောင် တောင်ခြေရင်းတွင် စခန်းချ၍ တာဝန်ထမ်းဆောင်နေကြရပါသည်။

စာရေးသူကျွန်တော်ပါ သင်းသတ်အရာရှိ(G.O) များမှာ ညနေတိုင်း တပ်မတော်အရာရှိနှင့်တွေ့ဆုံကာ လုပ်ငန်းအခြေအနေများကို တင်ပြဆွေးနွေးရပါသည်။အကွက်ဆုံဘုတ်တိုင်စိုက်ထူရန် သွားရောက်မည့်တောင်ထိပ်များကို ကွန်တိုမြေပုံပေါ်ရှိ ပွိုင့် (Point)နံပါတ်များဖြင့် တင်ပြရပါသည်။ ဥပမာ (Point-1325)စသည်ဖြင့် ဖြစ်ပါသည်။ သွားရောက်တာဝန် ထမ်းဆောင်ရမည့်နေရာများကိုလည်း ဂရိတ် (Grid T.321337) စသည်ဖြင့်လေ့လာတင်ပြရပါသည်။ ဤသို့ဖြင့် ကွန်တိုမြေပုံပေါ်ရှိ ပွိုင့်နံပါတ်များ၊ ဂရိတ်မျဉ်းများ စသည်တို့ကို သေချာစွာ လေ့လာမှတ်သားရပါသည်။

ထိုစဉ်က သစ်တောဌာနမှ သုံးစွဲသော ကွန်တိုမြေပုံများမှာ (၁လက်မ=၁မိုင်စကေး)(၂လက်မ=၁မိုင်စကေး) စသည်ဖြင့် ပုံနှိပ်ထုတ်ဝေထားသော မြေပုံများဖြစ်ပါသည်။ ကျွန်းသင်းသတ်ခြင်းအစရှိသည့် သစ်တောလုပ်ငန်းများ ဆောင်ရွက်သောအခါမှသာ (၄လက်မ=၁မိုင်စကေး) (၈လက်မ=၁မိုင်စကေး)စသည်ဖြင့် ပုံကြီးချဲ့၍ သုံးစွဲခဲ့ရဖူးပါသည်။

ယခုတောအတွင်း အသုံးပြုသော စစ်သုံးမြေပုံများတွင် တစ်အချိုး ငါးထောင်(၁း၅၀၀၀)တစ်အချိုး တစ်သောင်း (၁း၁၀၀၀၀)ဟူ၍ အချိုးပြဂဏန်းများဖြင့် ပြသထားသည်ကို တွေ့ရပါသည်။ သစ်တောမြေပုံများတွင်လည်း အချိုးပြဂဏန်းပါရှိပါသည်။ သို့ရာတွင်(၄လက်မ= ၁မိုင်စကေး) စသည့်စကေးများကိုသာ အသုံးများသဖြင့် အချိုးပြဂဏန်းများကို သေချာစွာမလေ့ကျင့်ခဲ့ဖူးပါ။ အချိုးပြဂဏန်းတို့ကို သေချာစွာလေ့လာသောအခါ (၁း၁၀၀၀၀) ဆိုပါက မြေပုံပေါ်တွင် ၁စင်တီမီတာရှိပါက မြေကြီးပေါ်တွင် စင်တီမီတာ(၁၀၀၀၀)ရှိမည်ဖြစ်သကဲ့သို့ မြေပုံပေါ်တွင် ၁လက်မရှိပါက မြေကြီးပေါ်တွင် လက်မပေါင်း(၁၀၀၀၀) ရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် အချိုးပြဂဏန်းများမှာ စင်တီမီတာဖြင့်ဖြစ်စေ ပေ၊လက်မဖြင့်ဖြစ်စေ ကိုယ်လိုအပ်သလို သိရှိနိုင်သောဂဏန်းများဖြစ်ပါသည်။ သို့ဖြစ်၍ အချိုးပြ ဂဏန်းများကိုလည်းသေချာစွာ လေ့လာမှတ်သားခဲ့ရပါသည်။

ဤသို့ဖြင့် တောတောင်များတွင် အကြိမ်ကြိမ်စခန်းပြောင်းရွှေ့ကာ တပ်မတော်စစ်ဆင်ရေးနှင့်အတူ ကျွန်းသင်းသတ်ခြင်းကို ပင်ရေပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဤကဲ့သို့အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းတွင်လည်း မြေပုံဖတ်ခြင်း၏အကျိုးကျေးဇူးများ ပါဝင်နေကြောင်း ထင်မြင် ယူဆမိပါသည်။

ဤဆောင်းပါးဖြင့် စာရေးသူ၏ ကြားဆရာ၊ မြင်ဆရာ၊သင်ဆရာများနှင့်တကွ လုပ်ဖော်ကိုင်ဖက်အားလုံးကို ဦးညွှတ်ဂုဏ်ပြုအပ်ပါသည်။

ယခင်လမှအဆက်

တစ်ချိန်တုန်းက အင်ဖင်ထဲရှိ အမှတ်တရများ

ယောနက ဖိုးကျော်

ရွာသို့ ပြန်ရောက်ပြီး နောက်တစ်ရက်တွင် စခန်းပြောင်းရွှေ့ရန် စီစဉ်နေစဉ် သူကြီးနှင့် ရွာလူကြီးတချို့ ရောက်ရှိလာပြီး မနက်ဖြန်တစ်ရက်နားရန်နှင့် နှုတ်ဆက်ညှိခံပွဲ လုပ်ဆောင်လိုကြောင်း မေတ္တာရှေ့ထား၍ တားသဖြင့် ကျွန်တော်တို့အဖွဲ့လည်း သဘောတူလိုက်ပါသည်။နောက်နေ့တွင် ညှိခံပွဲနှင့်အတူ ဆုတောင်းပွဲပါ စီစဉ်ထားပါသည်။ ၎င်းတို့မှာ ခရစ်ယာန်ကိုးကွယ်သူများဖြစ်၍ ကျေးရွာသင်းအုပ်ဆရာမှ ဆုတောင်းစာလွှာ ဖတ်ကြားပေးပြီး လူငယ်အဖွဲ့မှ ဓမ္မတေးများဖြင့် ဆုတောင်းပေးခဲ့သည်များ ယနေ့တိုင်မမေ့နိုင်အောင် ရှိနေမိပါသည်။ ကျွန်တော်တို့အဖွဲ့မှ ကိုရန်နိုင်မှ ဦးဆောင်ကာ မေတ္တာသုတ် အစချီ၍ အန္တရာယ်ကင်းဂါထာများနှင့် ဆုတောင်းလွှာများရွတ်ပွားပေးခဲ့ပါသည်။ ယခုအချိန်တွင် ကျွန်တော့်သူငယ်ချင်း ကိုရန်နိုင်(ပန်းတောင်း)မှာ ဦးဇင်းဘဝဖြင့် သာသနာ့ဘောင်ဝင်ရောက်နေပြီဖြစ်ရာ (၁၀)ဝါခန့်ပင်ရရှိနေပေပြီ။ ပြန်မည့်ညတွင် ကျွန်တော့်တပည့်ကျော် ကိုစိန်ရွှေ(ရမည်းသင်း)မှ ပြဿနာတစ်ခု ရှာလာပါသေးသည်။ အကြောင်းမှာ ကျွန်တော်တို့တည်းခိုသည့် ဘုရားကျောင်းအနီးတွင် နော်ခင်အေးတို့သားအဖ ရှိပါသည်။ နော်ခင်အေးသည် အသားဖြူပြီး ရုပ်ရည်ချောမောပါသည်။ ပရိုင်ရွာတွင် နော်ခင်အေးကဲ့သို့ပင် လှပဖြူချောလေးများစွာကိုလည်းတွေ့ရပါသည်။ နာမည်အပြည့်အစုံကိုမူ နော်ခင်အေး၊ နော်ကြည်လှ နှင့် နော်ဖော(၃)ဦးဘဲ မှတ်မိပါတော့သည်။ နော်ခင်အေး၏မိခင်မှာ ဆုံးပါးသွားပြီး သားအဖ(၂)ယောက်ထဲနေကြခြင်းဖြစ်သည်။ ကျွန်တော့်တပည့်ကျော်မှာ လူမှုဆက်ဆံရေးနှင့် အပြောအဆို အလွန်ကောင်းမွန်သူဖြစ်သည်။ ရွာတစ်ရွာရောက်သည်နှင့် ခဏတာဖြင့် မိတ်ဆွေရောင်းရင်းရပြီးသားဖြစ်ကာ ရွာ၏အခြေအနေ အကြမ်းဖျင်းကို ချက်ချင်းသိရှိပြီးသား ဖြစ်နေ၏။ နော်ခင်အေးနှင့်လည်း မည်သည့်အချိန်ရင်းနှီးလိုက်သည်မသိ၊ အလုပ်နားရက်တွင် နော်ခင်အေးတို့ တောင်ယာကို လိုက်သွားပြီး အပြန်တွင် ရွှေဖရုံသီး၊ ဆင်ခရမ်းချဉ်သီး၊ ပဲသီးနှင့် ဗူးရွက်များ ပါလာသည်ကို မှတ်မိနေသေးသည်။ ပြဿနာဖြစ်ပုံမှာ ပြန်မည့်ညက ညဦးပိုင်းတွင် နော်ခင်အေးကို သွားရောက်နှုတ်ဆက်ခြင်း ဖြစ်ပါသည်။ အကျိုးအကြောင်းမသိသည့် ကိုစိန်ရွှေက နော်ခင်အေးတို့ အိမ်ပေါက်ဝတွင်ရှိ လှုပ်ဖျိုထောင်သည့်ကျော့ကွင်းမှာ ကိုစိန်ရွှေ၏လည်ပင်းတွင် မိလေတော့သည်။ အမှန်တကယ်ဆိုပါလျှင် နော်ခင်အေးကို သူလက်ထပ်ယူရမည်ဟု သိရှိရပါသည်။ သို့ရာတွင် ကိုစိန်ရွှေမှာ အိမ်ထောင်ရှိသူဖြစ်ခြင်း၊ ဧည့်သည်လည်းဖြစ်နေကာ ဝန်ထမ်းတစ်ဦးလည်း ဖြစ်နေ၍သာတစ်ဖက်မှ အတင်းအကြပ် မဆောင်ရွက်ဘဲ တောင်းပန်မှုဖြင့်ပင် အဆင်ပြေခဲ့ရပါသည်။ ထိုစဉ်က ကိုစိန်ရွှေနှင့်နော်ခင်အေးတို့၏ ဆက်ဆံရေးကိုလည်း မခန့်မှန်းတတ်ခဲ့ပါ။ ၎င်းတို့နှစ်ဦးသားသာ အသိဆုံးဖြစ်ပါလိမ့်မည်။ ထိုနေ့ည အိပ်ရာစောစောဝင်ခဲ့ရာ နောက်တစ်နေ့မနက်စောစော(၄)နာရီခန့်တွင် ကိုစိန်ရွှေကောက်ခါငင်ကာ အပြင်းဖျားပါတော့သည်။ လူးလိမ့်နေရသည်အထိ ဖြစ်ပါသည်။ ညဦးပိုင်းကိစ္စနှင့်ပတ်သက်၍ ကြောက်လန့်သွားခြင်းနှင့်အတူ လုပ်ငန်းပင်ပန်းမှုများနှင့် ရောထွေးကာ ဖျားနာခြင်းဖြစ်နိုင်ပါသည်။ ကျွန်တော်တို့အဖွဲ့မှလည်း တတ်သမျှမှတ်သမျှဖြင့် သမားကုဘုရားကု ကူညီပြုစုသော်လည်း အဖျားမှာ (၁၀၄)အောက်ကို မကျဘဲ တစ်ကိုယ်လုံးခြစ်ခြစ်တောက်ပူနေလေသည်။ ယခုအတိုင်းဆိုလျှင်ရွာတွင်ဆက်နေပါက စိုးရိမ်ရသည့်အခြေအနေမို့ အချိန်မဆွဲတော့ပဲ ကားလမ်းရှိသည့် အုတ်တွင်း- ပေါက်ခေါင်းလမ်းပေါ်သို့ လူထမ်းဖြင့်အမြန်ဆုံးပို့နိုင်ရေး သူကြီးကို အကူအညီတောင်း၍ လူထမ်းဖြင့် ပို့ရပါတော့သည်။ လမ်းမပေါ်ရောက်တော့ အုတ်တွင်း၊ တောင်ငူသို့ ကားကြုံရှာရပါသည်။ ကံအားလျော်စွာဖြင့် နံနက်(၉)နာရီခန့်တွင် လမ်းဗိုလ်စီးလာသည့် ဂျစ်ကား တစ်စီးကို တွေ့ရပါသည်။ ကျွန်တော်တို့အဖွဲ့မှ အကျိုးအကြောင်းရှင်းပြရာ လမ်းဗိုလ်မှလည်း ဝန်ထမ်းချင်းကိုယ်ချင်းစာ၍ လိုက်လို့ရကြောင်း၊ သို့သော် လမ်းတွင်(၂)နေရာလောက်ခေတ္တဝင်ပြီး မှာကြားစရာများရှိကြောင်း ပြောပါသည်။ ကျွန်တော်တို့အဖွဲ့မှလည်း အဆင်ပြေပါကြောင်း ပြောကြား၍ အဖော်အဖြစ် ကိုဝင်းနိုင်(ရမည်းသင်း)နှင့်အတူ ၎င်းကားနှင့်ပင် လိုက်ပါသွား၍ ကျွန်တော်တို့အဖွဲ့လည်း သက်ပြင်းချနိုင်ပါတော့သည်။

ကျွန်တော်တို့အဖွဲ့မှာလည်း ဆက်လက်၍ အုတ်တွင်း- ပေါက်ခေါင်းလမ်းမကြီးအား အမှီပြု၍ လမ်းဘေးဝဲ/ယာတစ်လျှောက် စာရင်းကောက်လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ရွှေတောင်၊ ငွေတောင်ရွာနှင့် ခပေါင်းရွာကြီးတို့တွင် အချိန်တစ်လခန့် ကြာမြင့်ခဲ့ပါသည်။ ယခင်က ဤနေရာဒေသများသည် ကွန်မြူနစ်များ အမှီအတွယ်ပြုရာ ကျေးရွာများဖြစ်ကြောင်း၊ သခင်သန်းထွန်း မကြာခဏလာ၍ ၎င်းတို့ရွာတွင် တည်းခိုကြောင်း၊ ရွာရောက်လျှင် အိမ်အတွင်း

မှ အိမ်အပြင်မထွက်ကြောင်း မြေပုံချပ်ကြီးဖြင့် အမြဲတမ်း
အလုပ်ရှုပ်နေကြောင်း ရွာသားများ၏ ပြောကြားချက်အရ
သိရှိရပါသည်။ ခပေါင်းရွာနှင့် ရွှေတောင်ငွေတောင်ရွာရှိ
ရွာသူရွာသားများမှာလည်း ရိုးသားဖော်ရွေတတ်သူများ
ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။ စာရင်းကောက်လုပ်ငန်းများ
တွင်လည်း မခိုမကပ် လိုက်ပါဆောင်ရွက်ပေးခဲ့မှုများကို
လည်း သတိရနေမိပါသည်။ ရွှေတောင်ငွေတောင်ရွာတွင်
အမှတ်ရစရာမှာ သူကြီးသမီးချက်ကျွေးသော-ဖားလောင်း -
(မဲမဲကလေးများ) ငပိချက်ဟင်း ဖြစ်ပါသည်။ ရွှေတောင် ငွေ
တောင်မှ လုပ်ငန်းပြီးဆုံး၍ ဇီးကုန်းမြို့နယ်၊ ဘော်ဘင်
ကြိုးဝိုင်းအတွင်း စာရင်းကောက်လုပ်ငန်းများ ဆောင်ရွက်
ခဲ့ရာ ထူးထူးခြားခြား သူပုန်ကျွန်းစိုက်ခင်းကြီးများအား တွေ့
ရှိခဲ့ရပါသည်။ တောခိုအဖွဲ့တွင် ပါဝင်သည့် သစ်တော
အရာရှိမှ ကျွန်းစေ့များဖြင့် တိုက်ရိုက်မြေချစနစ်ဖြင့် စိုက်
ပျိုးခဲ့ရာမှ မြေကောင်း၊ မိုးလေဝသကောင်း၍ အောင်မြင်
စွာဖြစ်ထွန်းနေသည့် လုံးပါတ်ကြီးသေး မျိုးစုံစွာဖြင့် ဖြောင့်
တန်းနေသည့် ကျွန်းတောကြီးများအား ရှုလို့မဆုံး အောင်
မြင်တွေ့ခဲ့ရပါသည်။ ထိန်းသိမ်းနိုင်ခြင်း မရှိပါက နှစ်(၃၀)
ကျော် ခရီးအလွန်တွင် ကျွန်းပင်ကြီးများလည်း ဘဝပြောင်း
လောက်ပါချေပြီ။ ထိုစဉ်က ဘော်ဘင်ကြိုးဝိုင်းအတွင်း ကွင်း
ဆင်းစာရင်းကောက်ယူရန် အလုပ်သမားရှာဖွေရာတွင်
ကံကြီးရွာရှောင်ရွာနေ ကရင်လူမျိုးများအား ရပ်ရွာလူကြီး
များမှ စီစဉ်ပေးပါသည်။ ၎င်းကရင်လူမျိုးများမှာ တောင်
ပေါ်မှ မြေပြန့်သို့ ပြောင်းရွှေ့ပေးထားသည့် ရွာသားများ
ဖြစ်နေ၍ ၎င်းတို့နေထိုင်ခဲ့ရာ တောင်ပေါ်ဒေသများတွင်
လမ်းကျွမ်းကျင်မှု၊ နေရာတိကျမှု၊ ဖျတ်လတ်သွက်လက်မှု
တို့ဖြင့် ဆောင်ရွက်ခဲ့ရ၍ လုပ်ငန်းများ အဆင်ပြေချောမွေ့ခဲ့
သလို ၎င်းတို့ ကျင်လည်ခဲ့ရာချောင်း၊ မြောင်းတောတောင်
အတွင်းမှ ဟင်းစားများကို ရှာဖွေစားသောက်ရခဲ့ပုံများကို
လည်းယနေ့တိုင် မမေ့နိုင်ပဲ ရှိနေပါသည်။

၁၉၈၄ ခုနှစ်တွင် စာရင်းကောက်လုပ်ငန်းအား
စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်တွင် တာဝန်ကျ
ပါသည်။ မုံရွာတွင် စုရပ်လုပ်ပြီး မုံရွာမှ (၂)ထပ် သင်္ဘောဖြင့်
(၂)ညအိပ် (၃)ရက် ခရီးသွားရပါသည်။ ကျွန်တော်သည်
သင်္ဘောမစီးဘူး၍ တစ်လမ်းလုံး မူးဝေမူးဝေဖြင့် လိုက်ပါ
ခဲ့ရပါသည်။

မော်လိုက်မြို့သို့ ရောက်ရှိပြီး လုပ်ငန်းတာဝန်များ
ခွဲဝေပြီးလျှင် ရိက္ခာများ ဝယ်ယူ၍ ခရီးထွက်ခွာရန် ပြင်ဆင်
ရပါသည်။ ကျွန်တော်သည် မော်လိုက်အရှေ့ဘက် နန်းစပက်
ကြိုးဝိုင်းတွင် တာဝန်ကျပါသည်။ နန်းစပက်ကြိုးဝိုင်းအတွင်း
မဝင်မီ ထော်သာရွာကြီးတွင် တည်းခို၍ ရွာအနီးရှိ လက်
လှမ်းမီသမျှ နမူနာကွက်များအား စာရင်း ကောက်ယူရပါ
သည်။ ထော်သာကျေးရွာ ရွာဦးဇရပ်တွင် တည်းခို၍ စာရင်း
ကောက်လုပ်ငန်းများဆောင်ရွက်ကြရပါသည်။ ထော်သာ
ကျေးရွာတွင် ရပ်မိရပ်ဖ ဦးအောင်ဒင်နှင့် ဒေါ်ခင်အေး
မိသားစုရှိပါသည်။ သစ်တောဌာနမှ ဝန်ထမ်းများ ရောက်
လာလျှင် တည်းခိုအိမ် ဖြစ်ပါသည်။ ကျွန်တော်တို့အဖွဲ့
ရောက်လာရာတွင်လည်း သူတို့အိမ်တွင် တည်းခိုရန် ဖိတ်
ခေါ်ပါသည်။ ကျွန်တော်တို့အဖွဲ့မှာ လူများသည်က တစ်
ကြောင်း၊ လွတ်လပ်စွာ နေလိုသည်က တစ်ဖုံဖြစ်၍ တည်းခို
လက်စ ရွာဦးဇရပ်မှာပင် တည်းခိုခဲ့ပါသည်။ ဦးအောင်ဒင်
မှာ တပ်မှ အငြိမ်းစားယူပြီး သူဝါသနာပါသည့် မုဆိုးအလုပ်
ကို တစ်စိုက်မတ်မတ် လုပ်နေ၍ ၎င်းတို့နယ်မြေတွင်
လက်ဖြောင့် ဦးအောင်ဒင်အမည်ဖြင့် နံမည်ကျော်ကြားပါ
သည်။ ဦးအောင်ဒင်မှာ မုဆိုးဖြစ်ပြီး တောကျွမ်းမှုကြောင့်
ကျွန်တော်တို့လုပ်ငန်းနှင့် အင်မတန် သင့်လျော်သဖြင့် သွား
ရောက်အကူအညီ တောင်းရာ သူတတ်နိုင်သမျှ လိုက်ပါ
ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြောပြပါသည်။ သူ့တွင်
အရွယ်ရောက်ပြီး သား(၂)ယောက်ရှိရာ သူ့အဖေလိုပင်
တောကျွမ်းသူများဖြစ်၍ အတော်ပင် အားကိုးခဲ့ရပါသည်။
ဦးအောင်ဒင် ကတော် ဒေါ်ခင်အေး မှာလည်း သဘောထား
ပြည့်ဝသူဖြစ်ပါသည်။ ၎င်းတို့အိမ်သို့ သွားရောက်လည်ပတ်
ရာတွင် မည်သည့်အခါမှ မျက်နှာ မပျက်ခဲ့ပါ။

ကျွန်တော်တို့ နန်းစပက်ကြိုးဝိုင်းသို့ ဝင်ရောက်စဉ်
က အဖိုးတန် သစ်ကြီးဝါးကြီးများဖြင့် ဖွဲ့စည်းထားသည့်
သဘာဝတောကြီးက အေးမြစွာ ဆီးကြိုလျက် ရှိနေပါသည်။
ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက် သစ်မျိုးစုံ ပေါက်ရောက်သည့်
တောကြီးပင် ဖြစ်ပါသည်။ နန်းစပက်ကြိုးဝိုင်းအတွင်း ဝင်
ရောက်စဉ် နန်းတပင်ချောင်းတွင်ရွှေကျင်သည့် အဖွဲ့များကို
ဟိုမှာတစ်ဖွဲ့ သည်မှာတစ်စု အဖွဲ့ပေါင်းများစွာ တွေ့ရှိရပါ
သည်။ တတ်နိုင်သူများက ရေစုပ်စက်များဖြင့် တောင်များကို
ရေဖြင့်ဖျန်းပြီး ဇလားဖြင့်ခံကာ ဇလားပေါ်မှတစ်ဆင့် ရွှေ
အားကျင်ယူကြခြင်းဖြစ်ပါသည်။ တချို့ကမူ တစ်နိုင်တစ်ပိုင်
ဘန်းကလေးများဖြင့် ကျင်ယူနေကြသည်ကို တွေ့ရှိရပါသည်။
ထူးခြားသည်မှာ စစ်ကိုင်းတိုင်းအထက်ပိုင်း နေရာအတော်
များများတွင် ရွှေထွက်သည်ကို တွေ့ရှိရသဖြင့် သဘာဝက
ပေးသည့် ကောင်းမြတ်သော ဆုလာဒ်ကြီးကို ဒေသခံများ
ခံစားခွင့်ရရှိကြလေသည်။ မွန်ပြည်နယ် နှင့် တနင်္သာရီတိုင်း
ဒေသကြီးတို့၏ မြေဆီလွှာနှင့် မိုးရေချိန်သည် ဒေသခံများ
အတွက် ရာဘာဖြစ်ထွန်းအောင်မြင်မှုကို အားပေးနေသည့်
အနေအထားနှင့် တူညီနေပေသည်။

ထိုစဉ်က ကြိုးဝိုင်းအတွင်း ရွှေကျင်ကြခြင်းသည်
တရားဝင်လား၊ မဝင်လား မသိရှိခဲ့ပါ။ မေးမြန်းစုံစမ်းရန်
ကိုလည်း သတိမရခဲ့ပါ။ ထိုအချိန်က ကိုယ့်အလုပ်မှလွဲ၍
သူများအလုပ်ကို စိတ်မဝင်စားခဲ့တာတော့ အမှန်တကယ်ပါ။

နန်းစပက် ကြိုးဝိုင်းအတွင်း တောတောင်ရေမြေ

ကောင်းမွန်မှုနှင့်အတူသားငှက်တိရစ္ဆာန်များလည်း ပေါများနေသည်။ တစ်ခါတစ်ရံ ငါးပေါများသော အင်းအိုင်ကြီးများလည်းတွေ့ရှိရပါသည်။ တစ်နေ့သ၌ စာရင်းကောက်လုပ်ငန်းပြီးဆုံး၍ ပြန်လာချိန်တွင် လမ်း၌ ဝက်ဝံသေ တစ်ကောင်နှင့် လူတစ်စုကို တွေ့ရ၏။ အကျိုးအကြောင်း မေးမြန်းစုံစမ်းရာ ဝက်ဝံနှင့်ထိပ်တိုက်တွေ့ပြီး ရှောင်ကွင်းမရသည့်အဆုံး အသက်လုကာ သူတို့တွင်ပါလာသည့် လှံ(၂)ချောင်းဖြင့် ခုခံတိုက်ခိုက်ရာ သူတို့အနိုင်ရရှိခဲ့ကြောင်း ရှင်းပြပါသည်။ ဝက်ဝံသေအား ကြည့်လိုက်ရာ ခန့်မှန်း(၇၀)ပိဿာခန့်ရှိ၍ ကြီးမားသန်မာသည့် ဝက်ဝံတစ်ကောင်ကို လွယ်လွယ်ကူကူ ၎င်းတို့အဖွဲ့ အနိုင်မရနိုင်ပေ။ သုတ်ကိုင်းမိ၍ နေစဉ် လှံဖြင့်ထိုးသတ်ခဲ့ခြင်းဖြစ်နိုင်ပါသည်။ ၎င်းတို့အထဲမှ ခေါင်းဆောင်ဖြစ်သူက စိုးရိမ်စိတ်ဖြင့် -**ဆရာတို့ ကြုံက်သလိုသာ စီမံပါ**- ဟု ပြောဆိုလာ၏။ ကျွန်တော်တို့အဖွဲ့ကလည်း ဖြစ်ပြီးသားကိစ္စမို့ ၎င်းတို့ နားမလည်နိုင်သည့် ကြီးကြီးကျယ်ကျယ် ဥပဒေစကားတွေ မပြောခဲ့တော့ပါ။ အမြဲတမ်း ကာကွယ်ထားသော သတ္တဝါအဖြစ် နောက်နောင် ဤကိစ္စမျိုးမဖြစ်စေရန် သတိပေးပြောဆိုခဲ့ပါသည်။

နန်းစပက်ကြိုးဝိုင်းအတွင်း တောလုပ်ငန်းများ ပြီးဆုံးသောအခါ ထော်သာရွာသို့ ပြန်လာခဲ့ကြရာ ဦးအောင်ဒင်မိသားစုမှ သူတို့အိမ်တွင် တည်းခိုရန် ပြောသဖြင့် ၎င်းတို့အိမ်တွင် စခန်းချကြပါသည်။ သူတို့အိမ်ရှိကက်ဆက်မှ သီချင်းသံများလည်း အမြဲလွှင့်ပျံလျက် ရှိပါသည်။ ထိုစဉ်က တောရောမြို့ပါ ခေတ်စားနေသည့် သီချင်းများမှာ ကိုမင်းအောင်၏ -**အသဲနွမ်းခေါ်သံ**-နှင့် မိုင် ၏ -**မလွမ်းပို**- သီချင်းများဖြစ်၍ အလွမ်းအဆွေးများ ပိုင်နိုင်လှသော ကိုမင်းအောင်နှင့် မိုင်တို့၏သီချင်းနှင့် အဝေးရောက်သစ်တောဝန်ထမ်းများအနေဖြင့် ဘယ်ရပ်ဘယ်ဝယ်ဆီသို့ လွမ်းရမှန်းမသိအောင် ကျွန်တော်တို့အဖွဲ့ လွမ်းနေခဲ့ကြရပါသည်။

နန်းစပက်ကြိုးဝိုင်းအတွင်း စာရင်းကောက်လုပ်ငန်းများ ပြီးစီးသောအခါ ပန်းသာရေနံတွင်းများရှိရာ ပန်းသာကြိုးဝိုင်းသို့ ရောက်ရှိခဲ့ပြန်သည်။ ပန်းသာရေနံတွင်းများကို မြို့နယ်သမမှ တာဝန်ယူ ထိန်းသိန်းစောင့်ရှောက် ထုတ်လုပ်ပြီး ဖြန့်ဖြူးခြင်း အလုပ်ကိုပါ ဆောင်ရွက်ပါသည်။ အင်္ဂလိပ်လက်ထက်က တူးဖော်ခဲ့သည့် တွင်းပေါင်း(၇၀)ကျော်ရှိပြီး ကျွန်တော်တို့ရောက်ရှိချိန်တွင် (၇)တွင်းမျှသာ ရေနံထွက်ရှိနေပြီး ကျန်တွင်းများမှာ အင်္ဂလိပ်များက သူတို့နည်း သူတို့ဟန်ဖြင့် ပိတ်ပစ်ခဲ့၍ ရေနံပြန်မထွက်တော့ကြောင်း တာဝန်ခံမှ ပြောပြပါသည်။ ဤနေရာတွင် သဘာဝဓာတ်ငွေ့ (Gas) များလည်း ထွက်ရှိနေရာ ပန်းသာရေနံစခန်း တစ်ခုလုံး ဓာတ်ငွေ့ဖြင့် မီးထွန်း၍ ရေနွေးပါ ကျိုချက် သောက်၍ရကြောင်း လက်တွေ့ခံစားခဲ့ရပါသည်။ ရေနံမြေအတွင်း သွားရောက်ကြည့်ရှုရာ အမြဲမပြတ် ပန်းထွက်နေသည့် ဆားငန် ရေလျှံတွင်းများကိုလည်း တွေ့ရှိခဲ့ရပါသည်။ ပန်းသာရေနံတွင်းအား မှီခို စားသောက်နေသူများကိုလည်း အများအပြားတွေ့ရှိရပြီး ဒေသခံလူများစုအား စားဝတ်နေရေး ဖြေရှင်းပေးနိုင်ကြောင်း သိရှိရကာ ရေနံစိမ်းများကို ကလေးဝ၊ မော်လိုက်၊ ဟုမ္မလင်းမြို့နယ်များသို့ ဖြန့်ဖြူး ရောင်းချပေးကြောင်း သိရှိခဲ့ရပါသည်။

အင်ဗင်ထရီ တစ်နှစ်တာခရီးကား ပန်းသာကြိုးဝိုင်းမှာပင် အဆုံးသတ်ခဲ့ပါသည်။ နှစ်စဉ်နှစ်တိုင်း အင်ဗင်ထရီ သွားလာခဲ့ရာ ခရီးတစ်လျှောက်တွင် တစ်ခါမှ မတွေ့ဖူး/ မမြင်ဖူး/ ဆွေမျိုးတော်စပ်ခြင်းလည်းမရှိသော ရွာသူရွာသားများမှ ကျွန်တော်တို့ သစ်တောဝန်ထမ်းများ ရောက်ရှိခဲ့ရာ နေရာတော်တော်များများတွင် စေတနာ၊ မေတ္တာ အပြည့်အဝ ပေးနိုင်ကြပြီး ရိုးသားသည့် မြန်မာ့စိတ်ရင်း စေတနာဖြင့် ၎င်းတို့တတ်စွမ်းသမျှဖြင့် ဧည့်ခံတည်ခင်း ကျွေးမွေးခြင်းများကို ခံယူခဲ့ရပါသည်။ လုပ်ငန်းများ အောင်မြင်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော ရွာသူရွာသား အပေါင်းကိုလည်း အစဉ်အမြဲ သတိရလျက် ရှိနေပါသည်။ နောက်တစ်ခေါက် ပြန်လည်၍ မရောက်နိုင်သည့်နေရာများ ဖြစ်၍ ကြီးပွားချမ်းသာ/ အသက်ရှည်စေရန် မေတ္တာပို့သည် ကလွဲ၍ ဘာမှမတတ်နိုင်ပါ။ ယခုဆိုလျှင် ဦးလေး ဦးအောင်ဒင်နှင့် အဒေါ် ဒေါ်ခင်အေးတို့ရော သက်ရှိထင်ရှားရှိများမှ ရှိပါလေစ။ ထို့နည်းတူစွာ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများလည်း လူစုံတက်စုံ ရှိပါလေတော့စ။ ကျွန်တော်သည် တစ်ချိန်တစ်ခါက စာရင်းကောက်လုပ်ငန်းများအား မြို့အနံ့ ရွာအနံ့ တောတောင်အနှံ့ သွားလာဆောင်ရွက်ခဲ့ရ၍ ဒေသန္တရဗဟုသုတများ/ကျေးလက်ဒေသ၏ လူနေမှုဘဝများ/ တောတောင်အလှအပ ရှုခင်းများကို သိရှိခံစားခဲ့ ရပြီး ခဏတာ တွေ့ဆုံခဲ့ရသည့် ရွာသူရွာသားများ၊ ရပ်မိရပ်ဖများ/ ရပ်ရွာလူကြီးများ အပေါင်းအသင်းအားလုံးကို လွမ်းမောတသစွာဖြင့် အောက်မေ့သတိရခြင်းများစွာ ဖြစ်ပေါ်လျက်ရှိနေပါတော့သည်----

သဘာဝတရားနဲ့ ငြိမ်းချမ်းစွာ ယှဉ်တွဲ နေထိုင်ပါ။

REDD- PLUS INFORMATION-22

National Forest Reference Emission Level and / or Forest Reference Level (FREL/FRL)

By

U Sein Thet, Project Coordinator, ITTO- REDD-PLUS Project.

The 19th Conference of Parties (COP 19) in Warsaw was part of a process toward achieving a new global agreement on climate change at COP 21 in 2015, which will be held in Paris. A key outcome of COP 19 was a roadmap toward 2015, which sets out the steps for countries to prepare their contributions to a future agreement. The meeting was generally considered successful in moving the process forward, although the degree of perceived success varies with the diverse national perspectives.The 'Warsaw Framework for REDD+' makes the process of REDD+ readiness, implementation and assessment of performance clear and predictable, which will enable key decision-makers in governments of developing countries to create a supportive domestic policy infrastructure. There is increasing awareness that REDD+ can support efforts to promote sustainable management of forests, but the benefits of REDD+ must be clearly foreseeable in order to secure the commitment of participating countries. Apart from the UNFCCC, some countries have pledged funds for REDD+ through bilateral agreements, which has kept the momentum going. But pledging of funds to the Green Climate Fund (GCF), under the UNFCCC itself, can help to generate more confidence among countries in the Asia-Pacific region and other developing countries.

Foresters and other experts could help by simplifying and communicating the technical information in an attractive and reader- friendly manner to capture interest and evoke public and policy responses. The influence of media coverage would further be improved by incorporating the economic and social reasons for limiting emissions alongside the environmental reasons. At the same time, success stories that feature the positive outcomes of mitigation actions could stimulate more private sector involvement and attract more funding.

As agreed at Warsaw, technical assessments of draft RELS and verifications of national reports will be carried out by teams comprising individuals from both Annex I and developing countries. This represents an opportunity for developing countries to gain experience and skills in auditing and review process. However, because of the current concentration of expertise in a few countries such as Brazil and India, there is a risk that participation in these teams will be limited to few countries, instead of being spread equitably.

In addition to the external verification process, REDD+ countries will also need to acquire experience in the process of internal assessment of national reports. Sound internal assessment will highlight concerns ahead of the external review by UNFCCC-appointed experts, allowing remedial measures to be taken and responses to be prepared so that countries are able to interact diligently and effectively with the review team.

The national focal points do not necessarily need to be the same individuals or government bodies as those comprising the countries' official UNFCCC negotiating teams. The focal points must be those who are best placed to provide accurate information on the forest sector and to coordinate REDD+ readiness and implementation activities at the national-level.The national focal points would in turn be expected to work with similar sub-national focal points to coordinate REDD+ planning and implementation, and to develop the capacities and efficiency of the resulting national REDD+ institutional networks. Depending on national contexts, these networks may subsequently create new mechanisms or relationships among existing institutions, or stimulating the creation of new institutions. The national focal points will designate the entity/entities to coordinate the results-based finance (RBF) system, which would then channel funds to the appropriate actors and claimants. The entities at the sub-national level would similarly link with the district and village level institutions connected with forestry and land management using government mechanisms where they exist, and creating such mechanisms where they do not.

The role of forests in national climate change adaptation strategies is now widely acknowledged

and, since the Durban COP in 2011, REDD+ discussions have also reflected the understanding that REDD+ has both mitigation and adaptation benefits. The demarcation between the two tracks of negotiation (on mitigation and adaption) has become blurred, particularly within the forestry context. Activities with a mitigation objective usually (though not always) have adaptation benefits. Although progress on REDD+ has helped to bring a unified climate change agreement achievable, this agreement is not guaranteed. Coverage of all land use sectors in a new global agreement will be one of the main issues that negotiating parties will face in the coming years. If they are successful, it will ensure that forests are comprehensively addressed under the UNFCCC.

Past forestry data, including forest coverage, carbon stocks of forest soils, branches, leaves, dead wood, and underground biomass necessary to set reference levels, is not sufficiently available in many developing countries. For this reason, one major challenge is to ensure credibility and accuracy to the reference levels in the absence of relevant data. Calculation of actual emissions requires regular monitoring of deforestation and degradation (changes in forest area and forest carbon stocks). It is widely acknowledged that combining remote sensing with ground-based surveys is an effective means of monitoring these variables. Further studies are nevertheless necessary, to establish a system that can be applied to different monitoring techniques by type of forests and by country, yet sophisticated enough to be applied also to regional/sub-regional level monitoring. An efficient and consistent "Monitoring", "Reporting", and "Verification" (MRV) system is also required.

In order to promote REDD-plus, developing countries need not only to put in place the relevant policies and institutional reforms, but are also required to work towards improving governance. In addition, a large population in developing countries depends on forests for livelihoods. Concerns have been raised that introducing REDD-plus and reducing deforestation and forest degradation would impose restriction upon the used of forest resources, and may have negative implications to the traditional cultures of the local communities as well as to their livelihoods.

In December 2012 Myanmar launched the project titled "Capacity building for developing REDD+ activities in the context of sustainable forest management" with the support of ITTO. It includes a sub-national REDD+ demonstration initiative in about a million ha of the country famous natural and planted teak forests in Taungoo District in Bago Yoma region. A critical part of this demonstration relates to assessment of baseline carbon stocks and setting up of forest reference emission level (FREL) and forest reference level (FRL) as constituents of the overall monitoring, reporting and verification of REDD+ activities in Myanmar in accordance with the relevant decisions of the UNFCCC.

A prime requirement in the construction of FREL/FRL for REDD+ is the pursuit of environmental integrity and avoidance of perverse incentives in mitigation achievements while accommodating national circumstances and capabilities which is a key aspect of all mitigation activities under the UNFCCC in general and of REDD+ in particular. Countries could adopt a step-wise approach to national FREL/FRL development that enables improvement by incorporating better data, additional pools and improved methodologies. Countries are encouraged to improve the data and methodologies over time while maintaining consistency with the established FREL/FRL. It would enable adoption of new technologies for MRV as they develop and come within reach while ensuring comparability with the earlier measurements. Also the countries are encouraged to develop their National Forest Monitoring Systems (NFMS) building upon the existing forest monitoring systems with the objective of reducing costs and delays and reflect the phased approach to REDD+

The project covers approximately 1,064,939 ha located in Taungoo District in Bago Yoma region of the country famous for its natural and planted teak forests. The project is part of the Phase I of REDD+ in the country centered on capacity building of all stakeholders within and outside the government which was earlier identified as a national priority by the UN-REDD Program and the ITTO. Some of the most critical part of the capacity building relates to assessment of baseline carbon stocks and setting up of forest reference emission level(FREL) and forest reference level (FRL) as constituents of the overall monitoring, reporting and verification of REDD+ activities in Myanmar in accordance with the relevant decisions of the UNFCCC. In addition, the project also seeks to build capacity in setting

FREL/FRL taking into account the Jurisdictional and Nested REDD+ Requirements of the Verified Carbon Standard (VCS-JNR) and the Nested REDD+ Standard of the American Carbon Registry.

While the detailed meaning of results-based finance for REDD+ is still not clear it appears a kind of compromise between the fund and the market-based approaches for rewarding stakeholders who address the drivers of deforestation and forest degradation through changes in their behavior or by undertaking appropriate activities. And results need not necessarily be actual reductions in emissions. Proxy indicators that clearly indicate progress on a predetermined path would also be acceptable for disbursement of finance. This would ensure shorter gestation payments designed to encourage participation of individual or community stakeholders in the implementation of REDD+ activities on the ground. Early flow of rewards will also mean a better spread of risks inherent in any forest based climate change mitigation approach among the implementing stakeholders and those providing finances for it. Countries could adopt a step-wise approach to national FREL/FRL development that enables improvement by incorporating better data, additional pools and improved methodologies. As an interim approach countries could also begin with sub-national FREL/FRL for geographically smaller areas than their entire national territory while transitioning to a national FREL/FRL.

But, since it is only an interim measure, the development of sub-national reference levels should be done so as to facilitate scaling up to a national level at an appropriate time in future.

REDD+ includes five distinct activities, namely, reducing emissions from deforestation, reducing emissions from forest degradation, conservation of forests, sustainable management of forests, and enhancement of forest carbon stock. These activities relate to the IPCC land classification, and the activity 'enhancement of forest carbon stock' could occur both in the forest lands remaining forests as in assisted natural regeneration and gap planting in partially degraded forests, and in other lands converted to forests as in afforestation. However, in order to simplify we would consider assisted natural regeneration and gap planting in partially degraded forests as part of activities to reduce emissions from degradation and only afforestation of non-forest lands would be placed under the category 'Enhancement of forest carbon stock'.

Any method of estimation of emissions and removals of greenhouse gases would entail uncertainties and reference levels would make sense only if the range and nature of these uncertainties are well understood. This is important always but becomes crucial when the uncertainties are required to be discounted in order to enhance the integrity of the related mitigation results traded in a carbon market. The IPCC 2006 Guidance suggests the manner in which these uncertainties can be quantified and reported. Uncertainties for Tier 1 default values are available from GPG2003 and those for Tier 2 and 3 methods measures of uncertainties

should be generated as part of the statistical sampling process. These uncertainty estimates need to be combined into an overall uncertainty estimate associated with REDD+ activities.

For the assessment of national circumstances there are no set guidelines but UNFCCC Guidelines for the Preparation of National Communications for non-Annex I Parties does suggest the outlines of a possible approach for this purpose. Paragraph 3 of this Guideline states that "Non-Annex I Parties should provide a description of their national and regional development priorities, objectives and circumstances, on the basis of which they will address climate change and its adverse impacts. This description may include information on features of their geography, climate and economy which may affect their ability to deal with mitigating and adapting to change, as well as information regarding their specific needs and concerns arising from the adverse effects of climate change and/or the impact of the implementation of response measures, as contained in Article 4, paragraph 8 and, as appropriate, in Article 4, paragraph, 9 and 10, of the Convention". Myanmar forests have faced both deforestation and forest degradation in several parts of the country. The country has also done commendable work in the field of reforestation and afforestation across most parts of the country and has also invested itself deeply in conservation of its forest assets, often at considerable economic cost to itself. These are driven by a varied mix of local, national and international factors that differ greatly in their impacts across the country. The actors, the socio-economic costs and the bearer of these costs, the benefits and

the beneficiaries, are also similarly varied. REDD+ in this country would succeed only when the compensations match the costs not merely at the national level but also for the individuals and communities. The reference levels must therefore help in the estimation of both emissions from forests due to anthropogenic reasons, and reductions due to sequestration and the long storage of the sequestered carbon as also their distribution among the communities across the country.

In the Taungoo district the main causes of deforestation so far have been agriculture expansion, increase in shifting cultivation, road construction, mining and tourism infrastructure. Increasing investments in agriculture sector, particularly in horticulture and floriculture, would place increasing demand for land. Combined with the high degree of rural landlessness in Myanmar this could potentially become a serious threat to forests in the coming years. However, the availability of cultivable wastelands of most 14 million acres owned by the state and distributed across the country, offer a degree of protection against forced deforestation on this account. This is particularly so in view of the determination of the Government in recent years to discourage diversion of forests lands for agriculture.

The baseline has been expressed in area rather than carbon tonnage as is the norm in climate change projects. The reason lies in the results based finance of REDD+ agreed to under the Warsaw Framework under which the finance for REDD+ is to be provided based on the planned measurable, reportable and verifiable interim achievements on the path towards reduced emissions from deforestation and forest degradation. The forest department has been conducting a prolonged field estimate, beginning 2010 and not yet completed, of the biomass of trees and bamboo in predefined sample plots in the district that number several hundreds. But the data generated can not be used for the construction of baselines because there is no similar data from preceding decades that could lead us to a trend. Its utility is also limited by the fact that it is not appropriately organized in homogenous strata and sample plots are not randomly selected and are permanent. Also for almost three fourth of the sample plots for which the data has been collected prior to 2012, it does not give a correct picture of the status of forest degradation in 2014. It is for this reason that all activities for which baselines have been proposed in their report, namely reducing deforestation and forest degradation and undertaking afforestation, have been expressed in terms of area which is easily measurable, reportable and verifiable and can also be effortlessly converted to carbon once the average carbon storage in various parts of the forests is known. It needs to be emphasized that their attempt at REDD+ baseline construction for Taungoo district is just a beginning of this very important and highly complex task and it would require continuous improvements to make it more accurate.

Reference:-

*** Forests and climate change after Warsaw, FAO&RECOFTC, April 2014.**

*** Dr. Promode Kant, Dr. Thaung Naing Oo and Dr. Ma Hwan-ok; Construction of Forest Emission Reference Level / Forest Reference Level in Taungoo District, Bago Yoma, Myanmar. ITTO-REDD+ Project, July,2014.**

ရေဆင်းက ဝေဝင်း

လူကြီးတစ်ဦး ပြည်နယ်တစ်ခုရဲ့ နယ်စွန်နယ်ဖျားက မြို့လေးတစ်မြို့ကို သွားခဲ့တုန်းကဖြစ်ခဲ့တာပါ။ လူကြီးက ဌာနဆိုင်ရာလုပ်ငန်းတွေကို လှည့်ပတ်စစ်ဆေးပြီး ပြန်မလို့ မော်တော်ကားနားရောက်တဲ့အခါ နယ်ခံ အရာရှိငယ်က ကားရှေ့တံခါးကို အပြေးလေးသွားဖွင့်ပေးပါတယ်...တဲ့ ၊ အဲ့ဒီအခါ လူကြီးက "ဟေ့ကောင် ငါက ကားနောက်ခန်းမှာထိုင်ရမှာကွ" လို့ ပြောလိုက်တော့ "အရာရှိငယ်က နောက်တံခါးကို ချက်ချင်းပဲ ဖွင့်ပေးလိုက်ပါသတဲ့ ။ ဒီတော့ လူကြီးလဲ ကားထဲဝင်ထိုင်လိုက်ပါတယ်။ ဇာတ်လမ်းက ဒီမှာတင်ပြီးသွားရင်တော့အကောင်းသား။ ဒါပေမဲ့ မပြီးသေးပါဘူး။ အဲဒီ လူကြီး ကားနောက်ခန်းမှာ ထိုင်လဲပြီးရော -နယ်ခံအရာရှိငယ်က- "ဆရာကြီးတစ်ယောက်တည်း ပျင်းနေပါဦးမယ်" ဆိုပြီး ပြောပြောဆိုဆိုနဲ့ သူပါ ကားနောက်ခန်းမှာ ဝင်ထိုင်လိုက်ပါသတဲ့ ။ မသိနားမလည် ရိုးအသည်တာပည်တစ်ဦးအတွက် ကျေးရွာတင်ရမလို ဒေါသထွက်ရမလို ဖြစ်ခဲ့ရပါတော့သည် ....

INTERNET

ဆောင်းရာသီများတွင် ပိုမိုပူနွေးခြောက်သွေ့လာသောကြောင့် ကာလီဖိုးနီးယားရှိ တောရိုင်းပန်းမျိုးစုံမျိုးကွဲများ လျော့နည်းလာခြင်း

ကာလီဖိုးနီးယားတွင် ၁၅ နှစ်ကြာပူနွေးခြောက်သွေ့သော ဆောင်းရာသီများကို ကြုံတွေ့ရသောကြောင့် တောရိုင်းပန်းမျိုးစုံမျိုးကွဲများအပေါ် သက်ရောက်မှုဖြစ်စေကြောင်း ဇွန်လ(၂၂)ရက်နေ့ အင်တာနက်သတင်းအရ သိရပါသည်။ မြက်ပင်များနှင့် တောရိုင်းပန်းများသည် ၎င်းတို့၏ကာလရှည်ကြာမျိုးစေ့သိုလှောင်မှုအားဖြင့် လက်ရှိခြောက်သွေ့ကာလကို ခံနိုင်ရည်ရှိကြပါသည်။ အဆိုပါ မျိုးစေ့များသည် ဆယ်စုနှစ်ပေါင်းများစွာ အနားယူကာ အပင်ပေါက်ရန် ကောင်းမွန်သည့်အခြေအနေကို စောင့်နိုင်ကြပါသည်။ သို့သော် ကာလီဖိုးနီးယား၏ ပူပြင်းခြောက်သွေ့မှုသည် လာမည့်ဆယ်စုနှစ်များတွင် ပိုမိုပြင်းထန်လာမည်ဟု ခန့်မှန်းရသဖြင့် ၎င်း စောင့်ဆိုင်းမှုအကူအညီသည် မျိုးစိတ်တချို့တွင် အလွန်နောက်ကျသွားနိုင်ကြောင်း ကာလီဖိုးနီးယားတက္ကသိုလ်၏ လေ့လာမှုတစ်ခုအရ သိရပါသည်။

အဆိုပါလေ့လာမှုတွင် သုတေသီများသည် ကာလီဖိုးနီးယားတက္ကသိုလ်၊ သဘာဝကြိုးဝိုင်းစနစ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော Mc Laugnlin ကြိုးဝိုင်း၌ နမူနာကွက်စ၀ခန့် ကို ၁၅ နှစ်ကြာစောင့်ကြည့်လေ့လာကြပါသည်။ ၁၅ နှစ်ကြာ ပူနွေးခြောက်သွေ့သော ဆောင်းရာသီများ ကြုံတွေ့ရသဖြင့် ကာလီဖိုးနီးယားပြည်နယ်ရှိ မြက်ခင်းပြင်တချို့သည် ဒေသမျိုးရင်းတောရိုင်းပန်းမျိုးစိတ်များဆုံးရှုံးခြင်းကို ကြုံတွေ့ခဲ့ရ ကြောင်း ယခုလေ့လာမှု၏ သုတေသီခေါင်းဆောင် Susan Harrison ကပြောကြားခဲ့ပါသည်။ ယင်းကဲ့သို့ ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးမှုများသည် အနာဂတ်တွင် ပိုမိုကြီးမားသော မျိုးသုဉ်းမှုများဖြစ်ပွားလာနိုင်ကြောင်း သတိပေးနေပါသည်။ အထူးသဖြင့် ပို၍ ခြောက်သွေ့မှုတိုးလာသော ဒေသများအတွက် သတိပေးချက်တစ်ခုဖြစ်ပါသည်။ ပူပြင်းခြောက်သွေ့ဒဏ်မခံနိုင်သည့် မျိုးစိတ်များသည် မျိုးစိတ်လျော့နည်းသွားမှုဒဏ်ကို အဆိုးဆုံးခံစား ရမည်ဖြစ်ကြောင်း သုတေသီများက အတည်ပြုထားကြပါသည်။

ကမ္ဘာလုံးဆိုင်ရာ ပူနွေးမှုလမ်းကြောင်း

ဥရောပတောင်ပိုင်းပတ်ဝန်းကျင်များကဲ့သို့ အခြားမြေထဲပင်လယ်ဒေသပတ်ဝန်းကျင်များတွင်လည်း အလားတူပူနွေးမှုလမ်းကြောင်းမျိုးတွေ့ရှိထားပြီး ၎င်းလမ်းကြောင်းအရ ကမ္ဘာပေါ်ရှိ တစ်စိတ်တစ်ဒေသ ခြောက်သွေ့သော ဒေသများတွင် ရာသီဥတုပြောင်းလဲမှု ဆိုင်ရာ အသိပညာဗဟုသုတမြင့်တင်ရန်အားပေး ထောက်ခံထားပါသည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ခန့်မှန်းချက်များအရ ကာလီဖိုးနီးယား၏ အနာဂတ်မြက်ခင်းပြင်များသည် ထုတ်လုပ်နိုင်စွမ်းလျော့ကျကာ အစွက်စားသတ္တဝါများကို ထောက်ပံ့သည့် အာဟာရနည်းလာမည်ဟု မျှော်လင့်ရပြီး ပြင်ပမျိုးစိတ်များ ဝင်ရောက်လွှမ်းမိုးခြင်းကို ပိုမိုခံစားနိုင်ရဖွယ် အခြေအနေရှိကြောင်း ယခုလေ့လာမှုက ဖော်ပြထားပါသည်။

အဆိုပါ ဆိုးကျိုးများသည် အစာကွန်ရက်မှတစ်ဆင့် အစားအစာအတွက် မြက်ခင်းပြင်များပေါ် မှီခိုနေရသည့် သတ္တဝါများဖြစ်သော အင်းဆက်များ၊ အစေ့စားသည့် ကိုက်ဖြတ်စား သတ္တဝါများ၊ ငှက်များ၊ သမင်များနှင့် ကျွဲနွားကဲ့သို့ အိမ်မွေးတိရစ္ဆာန်မျိုးစိတ်များ အပေါ် သက်ရောက်လာမည်ဟု သုတေသီတို့က မျှော်လင့်ထားကြောင်း သိရပါသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် အနာဂတ်တွင် US ရှိ အမျိုးသားဥယျာဉ်တချို့၌ သဘာဝအခြေခံခရီးသွားလုပ်ငန်းကို ထိခိုက်စေနိုင်ခြင်း

သမပိုင်းဒေသများတွင် အပူချိန်မြင့်တက်လာခြင်းနှင့်အတူ US ရှိအမျိုးသားဥယျာဉ်များ၌ ခရီးသွားဧည့်သည်ဝင်ရောက်မှုများလာနိုင်ပါသည်။ သို့သော် အပူချိန် ၈၀˚F ကျော်အထိ မြင့်တက်လာပါက ခရီးသွားလာမှုမှာ လျော့ကျလာနိုင်ကြောင်း ဇွန်လ(၁၇)ရက်နေ့ အင်တာနက် သတင်းအရ သိရှိရပါသည်။

ရာသီဥတုပြောင်းလဲမှုသည် သဘာဝနယ်မြေများအတွင်းရှိ သဘာဝနှင့်ယဉ်ကျေးမှုအရင်းအမြစ်များကို သာမက ဥယျာဉ်များ၏ ခရီးသွားလုပ်ငန်းကိုပါ ထိခိုက်စေနိုင်ပါသည်။ ရာသီဥတုပြောင်းလဲမှုနှင့် ဥယျာဉ်များသို့ လည်ပတ်မှုကြားမှ ဆက်စပ်မှုကိုဆန်းစစ်ရန်အတွက် ယခုလေ့လာမှု၌သုတေသီများသည် Guam မှစ၍ Alaska အထိ ဥယျာဉ် (၃၄၀)၏ ၁၉၇၉ခုနှစ်မှ ၂၀၁၃ခုနှစ်အထိ သမိုင်းတစ်

လျှောက် လစဉ်ပျမ်းမျှ လေအပူချိန်နှင့် ဥယျာဉ်ဝန်ဆောင်မှု ညှိသည်လည်ပတ်မှုဆိုင်ရာ အချက်အလက်များကို တွက်ချက်ခဲ့ပါသည်။ ထို့နောက် ရာသီဥတုပူနွေးမှု အနာဂတ်ဖြစ်စဉ်(၂)ခုနှင့် ညှိသည်လည်ပတ်မှု တိုးတက်မှု ဖြစ်စဉ်(၂)ခုတို့ အပေါ် အခြေခံ၍ ဖြစ်နိုင်ခြေရှိသော အနာဂတ်ဧည့်သည် ဝင်ရောက်မှု (၂၀၄၁မှ ၂၀၆၀ထိ) ကို ခန့်မှန်းခဲ့ကြပါသည်။

ဆန်းစစ်လေ့လာခဲ့သော မူလဥယျာဉ်(၃၄၀)တွင် ၈၀%ကျော်သည် ဧည့်သည်လည်ပတ်မှုနှင့် အပူချိန်တို့ကြားတွင် ခိုင်မာသောဆက်နွယ်မှုရှိကြောင်း ပြနေပါသည်။ ဧည့်သည်လည်ပတ်မှုသည် ယေဘုယျအားဖြင့် လစဉ်ပျမ်းမျှ အပူချိန်တိုးလျှင် လိုက်တိုးလေ့ရှိပါသည်။သို့သော် အပူချိန် ၇၇°F ကျော်(၂၅°C)အထက်ရောက်သွားပါက ဧည့်သည်လည်ပတ်မှု သိသာစွာကျဆင်းသွားလေ့ရှိပါသည်။ အနာဂတ်တွင် ဧည့်သည်ဝင်ရောက်မှုသည် ဥယျာဉ်တစ်ခုနှင့် တစ်ခု မတူညီနိုင်ကြောင်း၊ သို့သော် လတ္တီကျူမြင့်သော အမြင့်ပေများသောနေရာများရှိ ဥယျာဉ်များတွင် နွေဦးနှင့်ဆောင်းရာသီများ၌ ဧည့်သည် လည်ပတ်မှုတိုးလာရန် အလားအလာရှိကြောင်း ယခုလေ့လာမှုတွင် တွေ့ရှိထားပါသည်။ သမိုင်းတစ်လျှောက် အပူချိန်များ လေ့ရှိသည့် ဥယျာဉ်များ၌ အပူဆုံးလများ၌ ဧည့်သည်ဝင်ရောက်မှုလျော့သွားနိုင်ဖွယ်ရှိပြီး တစ်နှစ်ပတ်လုံးအပူချိန် အပြောင်းအလဲမများသည့် အပူပိုင်းဒေသဥယျာဉ်များတွင်မူ ဧည့်သည်ဝင်ရောက်မှုနှင့် အပူချိန်ဆက်စပ်မှုမရှိကြောင်း တွေ့ရှိခဲ့ပါသည်။ ဥယျာဉ်တချို့တွင် အလွန်ပူနွေးသောလများ၌ အနာဂတ်ဧည့်သည်လည်ပတ်မှုကို လျော့ကျစေနိုင်သော်လည်း အဆိုပါ ပြောင်းလဲမှုသည် အမျိုးသားဥယျာဉ်စနစ်တစ်ခုလုံးတွင်မူ ဧည့်သည်ဝင်ရောက်လည်ပတ်မှု၏ သေးငယ်သောအချိုးအစားတစ်ခုသာ ဖြစ်ပါသည်။ ယခုလေ့လာမှုတွင် သုတေသီများ၏ အကြံပြုချက်အရ ဥယျာဉ်များ၌ အဆိုပါပြောင်းလဲမှုများအတွက် လိုက်လျောညီထွေ မဟာဗျူဟာများ ဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်းအားဖြင့် အခွင့်အရေးများကို ကောင်းစွာအသုံးချနိုင်ရုံသာမက ဧည့်သည် လည်ပတ်မှုအပြောင်းအလဲနှင့်ဆိုင်သည့် ထိခိုက်မှုများကို အနည်းဆုံးဖြစ်အောင် လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရပါသည်။

• •

ရေချိုရေတိမ်ဒေသများတွင် မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုများကို ထိန်းချုပ်ပေးသည့်ဖြစ်စဉ်တစ်ခုကို ဖော်ထုတ်တွေ့ရှိခြင်း

ရေချိုရေတိမ်ဒေသများသည် ကမ္ဘာမြေမျက်နှာပြင်၏ သေးငယ်သောအပိုင်းတစ်ခုသာဖြစ်သော်လည်း ၎င်းတို့သည် လေထုထဲသို့ ရောက်သွားမည့် မီသိန်းဓာတ်ငွေ့များ၏ သဘာဝမူလအရင်းအမြစ်ကြီးပင်ဖြစ်ပါသည်။

Georgia တက္ကသိုလ်မှ လေ့လာမှုအသစ်တစ်ခုတွင် အဆိုပါ ရေချိုပတ်ဝန်းကျင်များမှ မီသိန်းထုတ်လွှတ်မှုကို ထိန်းချုပ်ပေးနေသည့်ဖြစ်စဉ်တစ်ခုကို မမျှော်လင့်ပဲ တွေ့ရှိခဲ့ကြကြောင်း ဇွန်လ(၃၀)ရက်နေ့ အင်တာနက်သတင်းအရ သိရပါသည်။ ၎င်းလေ့လာမှုတွင် anaerobic မီသိန်းဓာတ်တိုး နှုန်းမြင့်မားခြင်းက ရေချိုရေတိမ်ဒေသများမှ မီသိန်းဓာတ်ငွေ့များ လေထုထဲသို့ ထုတ်လွှတ်မှုကို များစွာလျှော့ချနိုင်ကြောင်း ဖော်ပြထားပါသည်။

ရေချိုရေတိမ်ဒေသများရှိ နုန်းအနည်အနှစ်များ၊ မြေဆီလွှာနှင့်သစ်ဆွေးများထဲတွင် မီသိန်းဓာတ်ငွေ့များ သိုလှောင်ထားသည့်ဖြစ်စဉ်ကို ယခင်ကမသိရှိခဲ့ကြပဲ ယခုလေ့လာမှု၌ ပထမဆုံးဖော်ပြခြင်းဖြစ်ပါသည်။ အဆိုပါ ဖြစ်စဉ်မရှိပါက ရေချိုရေတိမ်ဒေသများမှ မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှုသည် ၃၀%မှ ၅၀%အထိ ပိုများလာနိုင်ကြောင်း ယခုလေ့လာမှု၏ သုတေသီ Joye ကပြောကြားခဲ့ပါသည်။

၎င်းလေ့လာမှုမှတစ်ဆင့် ကမ္ဘာလုံးဆိုင်ရာ မီသိန်းဓာတ်ငွေ့သိုလှောင်မှုနှင့်ထုတ်လွှတ်မှုကိုပါ နားလည်လာစေနိုင်ပြီး အနာဂတ်ဖန်လုံအိမ်ဓာတ်ငွေ့ modelများ ဖွံ့ဖြိုးလာရေးအတွက်လည်း အကျိုးဆက်များ ဖြစ်ပေါ်လာစေနိုင်ပါသည်။

ယခုသုတေသနတွင် သုတေသီအဖွဲ့သည် biogeographical region (၃)ခုရှိ ရေချိုရေတိမ်ဒေသ(၃)ခုတွင်

anaerobic ဓာတ်တိုးဖြစ်စဉ်ကို စူးစမ်းလေ့လာခဲ့ကြပါသည်။ အဆိုပါရေချိုရေတိမ်ဒေသ(၃)ခုမှာFlorida Everglades ရေချိုသစ်ဆွေးမြေများ၊ Acadia အမျိုးသားဥယျာဉ်တွင်းမှ costal organic- rich ရေတိမ်ဒေသနှင့် Georgia ကမ်းရိုးတန်းရှိ ဒီရေရောက် ရေတိမ် ဒေသတို့ဖြစ်ကြပါသည်။ ၄င်းနေရာ(၃)ခုစလုံးကို ရာသီအမျိုးမျိုး၌ နမူနာကောက်လေ့လာခဲ့ကြပါသည်။

မီသိန်းဓာတ်ငွေ့၏ anaerobic ဓာတ်တိုးခြင်းသည် sulfate ဓာတ်လျှော့ခြင်းနှင့် အတိုင်းအတာတစ်ခုအထိ ဆက်စပ်မှုရှိပါသည်။ ဥပမာ- ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်းသည် sulfate ပမာဏကို တိုးလာစေပါသည်။ ၄င်း sulfate သည် anaerobic ဓာတ်တိုးနှုန်းကို မြင့်တက်စေပါသည်။ အလားတူပင် ကမ်းရိုးတန်းဒေသ ရေချိုရေတိမ်ဒေသများအတွင်းသို့ ဆားငန်ရေဝင်ရောက်သောအခါတွင် sulfate ပမာဏမြင့်တက်လာပြီး microbial မီသိန်းဖြစ်ပေါ်ခြင်း သို့မဟုတ် methanogenesis ဖြစ်စဉ်ကို နှောင့်နှေးစေပါသည်။ရေချိုရေတိမ်ဒေသများသည် ရေထုအတွက် အရေးပါသော မီသိန်းဓာတ်ငွေ့ အရင်းအမြစ်များဖြစ်သည်ဟု သိထားကြသော်လည်း ၄င်းရေတိမ်ဒေသများတွင် ပါဝင်မှုနည်းပါးသောကြောင့် မီသိန်းဓာတ်ငွေ့ anaerobic oxidation သည် ထိုဒေသများတွင် အရေးမကြီးကြောင်း ယခင်က ကောက်ချက်ချထားခဲ့ကြပါသည်။ ယခုလေ့လာမှုအသစ်အရ မီသိန်းဓာတ်ငွေ့ anaerobic ဓာတ်တိုးမှုမရှိပါက ရေချိုဒေသများသည် ယခုထက်ပိုမိုကြီးမားသော မီသိန်းပမာဏကို ထုတ်လွှတ်နေမည်ဖြစ်သည်။

ရေချိုရေတိမ်ဒေသများ၌ မီသိန်းဓာတ်ငွေ့ anaerobic oxidation ဖြစ်စဉ်သည် သိသာထူးကဲပြီး ရေငန်နုန်း အနည်အနှစ်များတွင် ဖြစ်ပေါ်နေလျှင်လည်း သိမြင်နိုင်သောအခြေအနေရှိကြောင်း သိရပါသည်။ ထူးခြားသော ဇီဝဓာတုဖြစ်စဉ်တစ်ခုရှိနေနိုင်ကြောင်းသိရသည်။အကြောင်းမှာ ရေချိုရေတိမ်ဒေသများတွင် မီသိန်းဓာတ်ငွေ့ကို ဓာတ်တိုးပေးသည့် အဏုဇီဝဖြုပ်ထုများ၏ isotopic signature သည် ရေချိုဒေသရှိ အဏုဇီဝဖြုပ်ထုများ၏ isotopic signature နှင့် ကွာခြားသောကြောင့်ဖြစ်ပါသည်။ ယင်းသို့ ကွဲပြားရခြင်းမှာ အဏုဇီဝများက ၄င်းတို့၏ ဇီဝဖြုပ်ထုထဲသို့ ကာဗွန်စုဆောင်းသည့်နည်းလမ်းသည် ထူးခြားမှုရှိနေခြင်းကြောင့်ဖြစ်နိုင်သကဲ့သို့ ရေချိုနေရင်းဒေသများတွင် အဏုဇီဝအမျိုးမျိုးက မီသိန်းဓာတ်ငွေ့ anaerobic oxidation ကို ဆောင်ရွက်နေခြင်းကြောင့်လည်း ဖြစ်နိုင်ပေသည်။

ညစ်ညမ်းမှုသည် သစ်ပင်များ ကူးစက်ရောဂါခုခံတိုက်ဖျက်ရာတွင် အကူအညီပေးနိုင်ပါသလား

မြေဆီလွှာညစ်ညမ်းမှုဒဏ်ခံနိုင်သော သစ်ပင်များသည် ဖျက်ပိုးများနှင့် ရောဂါပိုးများဒဏ်မှ မိမိကိုယ်ကို ကာကွယ်ရာတွင်လည်း ပိုမိုကောင်းမွန်ကြကြောင်း ဇွန်လ(၂၉)ရက်နေ့ အင်တာနက်သတင်းအရသိရပါသည်။

သုတေသီများသည် သစ်ပင်များရှိမှိုနှင့်ဘက်တီးရီးယားများမှ မျိုးရိုးဗီဇဆိုင်ရာ သတင်းအချက်အလက် (RNA) တည်ရှိမှုကို လေ့လာနေစဉ် two-spotted spedermite ခေါ် လူသိများသော အပင်ဖျက်ပိုးတစ်မျိုး RNA ပမာဏအများအပြားရှိနိုင်ကြောင်း အထောက်အထားကို မမျှော်လင့်ပဲတွေ့ရှိခဲ့ကြပါသည်။အမှန်တကယ်တော့ spidermtie RNA 99% သည် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိသော သစ်ပင်များတွင် ပိုမိုပေါ်များ ပါသည်။ ညစ်ညမ်းမှုဖြစ်နေသောအပင်တွင် ဓာတုညစ်ညမ်းမှုမှ ကာကွယ်ရာတွင်သုံးသည့် ကာကွယ်မှုနည်းလမ်းသည် biological invader ဒဏ်ခုခံနိုင်စွမ်းကို တိုးမြှင့်ပေးပါသည်။

သစ်ပင်များ၌ ညစ်ညမ်းမှုဒဏ်ကိုခံစားရခြင်းသည် ၄င်းတို့၏ ကာကွယ်မှုပုံစံကို ထောက်ပံ့သကဲ့သို့ဖြစ်နေပြီး spidermite ကဲ့သို့ ဖျက်ပိုးများအန္တရာယ်အား ပိုမိုကာကွယ်စေနိုင်ကြောင်းသိရပါသည်။ ယခင်က အစောပိုင်းစမ်းသပ်ချက်များကို မှန်လုံအိမ်များထဲ၌ ဆောင်ရွက်ခဲ့ကြသော်လည်း ယခု လေ့လာမှုတွင် သုတေသီများသည် အမှန်တကယ်ညစ်ညမ်းနေသောနေရာများတွင် ပေါက်ရောက်နေသည့် သစ်ပင်များ၌ စမ်းသပ်မှုများ အထပ်ထပ်ပြုလုပ်ခဲ့ကြပါသည်။

လေ့လာမှု၏ တွေ့ရှိချက်အရ သစ်ပင်များသည် arachnidများ၊ အင်းဆက်များနှင့်လည်း အလားတူ အပြန်အလှန်လုပ်ဆောင်ချက်မျိုး ရှိကြောင်း သိရပါသည်။ သစ်ပင်များနှင့်အပြန်အလှန် လုပ်ဆောင်ချက်ရှိသော သက်ရှိအရေအတွက်၊ အထူးသဖြင့် မှိုများ၏ အရေအတွက်သည် ဓာတ်ခွဲခန်းပြင်ပတွင် ရှိသော သစ်ပင်များ၏ တစ်ရှူးတစ်ခုတွင် ဓာတ်ခွဲခန်းပြင်ပတွင် ပေါက်ရောက်နေသောသစ်ပင်၏ တစ်ရှူးတစ်ခုတွင် တွေ့ရသည့်မှိုများ၏အရေအတွက်သည် အလွန်များပြီး တစ်ခါတစ်ရံတွင် ရာနှင့်ချီ၍တွေ့ရှိရကြောင်း သိရပါသည်။

မြန်မာ့သစ်လုပ်ငန်းကဏ္ဍ

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဧပြီလနှင့် မေလ ကျွန်းသစ်လုံးအတန်းအစားအလိုက် ပျမ်းမျှဈေးနှုန်းနှင့် ဝင်ငွေအခြေအနေ

(တင်ဒါ)

(အမေရိကန်ဒေါ်လာ)

စဉ်	အတန်းအစား	၂၀၁၅ ခုနှစ်၊ ဧပြီလ		၂၀၁၅ ခုနှစ်၊ မေလ		
		တန်ချိန်	ပျမ်းမျှ တစ်တန်နှုန်း	တန်ချိန်	ပျမ်းမျှ တစ်တန်နှုန်း	တိုး/လျော့မှု ရာခိုင်နှုန်း
၁	သစ်ပါးလွှာပထမတန်း (First Quality)	-	-	-	-	-
၂	သစ်ပါးလွှာဒုတိယတန်း (Second Quality)	-	-	-	-	-
၃	သစ်ပါးလွှာတတိယတန်း (Third Quality)	-	-	-	-	-
၄	သစ်ပါးလွှာစတုတ္ထတန်း (Fourth Quality)	-	-	-	-	-
၅	စက်ခွဲအတန်းအစား(၁) (Sawing Grade-1)	-	-	၂၄	၅၃၈၅	-
၆	စက်ခွဲအတန်းအစား(၂) (Sawing Grade-2)	၈	၅၀၂၂	၁၅	၄၈၈၉	(-) ၂.၆၅
၇	စက်ခွဲအတန်းအစား(၄) (Sawing Grade-4)	၂၈	၃၇၈၈	၂၈၃	၃၂၈၆	(-) ၁၃.၂၅
၈	စက်ခွဲအတန်းအစား(၅) (Sawing Grade-5)	၃၈	၂၉၀၃	၈၃	၂၇၁၃	(-) ၆.၅၄
၉	စက်ခွဲအတန်းအစား(၆) (Sawing Grade-6)	၁၅	၂၅၄၆	၇၈	၂၄၄၄	(-) ၄.၀၀
၁၀	စက်ခွဲအတန်းအစား(၇) (Sawing Grade-7)	၁၃၇	၁၅၁၁	၂၅	၁၇၅၆	(+) ၁၆.၂၀
	စုစုပေါင်း ရောင်းချတန်	၂၂၆		၅၀၀		
	စုစုပေါင်း ဝင်ငွေ (အမေရိကန်ဒေါ်လာသန်း)		၀.၅၉၉		၀.၅၇၇	

၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကျွန်းသစ်လုံးအတန်းအစားအလိုက် ပျမ်းမျှတစ်တန်ဈေးနှုန်းနှင့် ဝင်ငွေအခြေအနေ

(တင်ဒါ)

(အမေရိကန်ဒေါ်လာ)

စဉ်	အတန်းအစား	ပျမ်းမျှတစ်တန်ဈေးနှုန်း														၂၀၁၅-၂၀၁၆
		၂၀၀၁-၀၂	၂၀၀၂-၀၃	၂၀၀၃-၀၄	၂၀၀၄-၀၅	၂၀၀၅-၀၆	၂၀၀၆-၀၇	၂၀၀၇-၀၈	၂၀၀၈-၀၉	၂၀၀၉-၁၀	၂၀၁၀-၁၁	၂၀၁၁-၁၂	၂၀၁၂-၁၃	၂၀၁၃-၁၄	၂၀၁၄-၁၅	တင်ဒါ(၂)ထ ပျမ်းမျှတစ်တန်နှုန်း
၁	သစ်ပါးလွှာပထမတန်း (First Quality)					၄၇၆၃			-	-	-	-	-	-		-
၂	သစ်ပါးလွှာဒုတိယတန်း (Second Quality)			၄၆၈၁	၅၄၀၀	၄၆၅၇	၅၃၇၆	၇၂၄၃	၇၈၀၂	-	-	-	-	-		-
၃	သစ်ပါးလွှာတတိယတန်း (Third Quality)			၄၇၇၅	၄၇၇၈	၄၅၆၂	၅၀၈၉	၆၀၈၆	၆၀၄၀	-	-	၇၅၀၆	-	-		-
၄	သစ်ပါးလွှာစတုတ္ထတန်း (Fourth Quality)	၃၅၇၄	၃၈၂၈	၄၂၂၆	၄၂၄၃	၄၀၉၀	၄၃၃၃	၆၀၉၆	၄၉၂၆	၅၀၆၆	၆၂၄၄	၆၄၀၂	၆၀၃၆	-		
၅	စက်ခွဲအတန်းအစား(၁) (Sawing Grade-1)	၂၈၉၅	၃၀၇၅	၂၅၈၂	၂၅၆၆	၂၄၈၂	၃၀၄၄	၃၈၆၆	၃၆၈၆	၃၅၈၅	၄၀၆၂	၄၄၅၇	၄၃၂၈	-		၅၃၈၅
၆	စက်ခွဲအတန်းအစား(၂) (Sawing Grade-2)	၁၅၅၇	၂၃၄၃	၂၀၄၈	၂၀၀၀	၁၉၆၄	၂၄၈၉	၃၂၀၆	၂၈၇၀	၂၈၂၀	၃၃၃၇	၃၉၆၅	၃၆၉၀	၄၀၆၃	၄၀၈၉	၄၈၈၉
၇	စက်ခွဲအတန်းအစား(၄) (Sawing Grade-4)	၁၂၉၄	၁၃၈၀	၁၂၀၉	၁၃၃၅	၁၃၈၂	၁၇၀၄	၂၅၇၉	၂၆၀၀	၂၄၃၀	၂၇၇၀	၂၈၇၆	၃၀၂၄	၃၂၂၆	၃၅၆၇	၃၂၈၆
၈	စက်ခွဲအတန်းအစား(၅) (Sawing Grade-5)														၂၈၂၆	၂၇၁၃
၉	စက်ခွဲအတန်းအစား(၆) (Sawing Grade-6)														၂၅၄၆	၂၄၄၄
၁၀	စက်ခွဲအတန်းအစား(၇) (Sawing Grade-7)														၁၆၀၀	၁၇၅၆

မှတ်ချက်- ၂၀၁၅-၂၀၁၆ခုနှစ်၊ (၂၀၁၅ခု၊ မေလ)စုစုပေါင်းရောင်းချတန် - (၅၀၀ . ၈၆၂)တန်

၂၀၁၅-၂၀၁၆ခုနှစ်၊ (၂၀၁၅ခု၊ မေလ) စုစုပေါင်းဝင်ငွေ - (၁ . ၅၇၇)ကန်ဒေါ်လာသန်း

အင်းလေးကန်ဒေသအား မြန်မာနိုင်ငံ၏ ပထမဆုံးလူသားနှင့်ဇီဝအဝန်းနယ်မြေ (Man and the Biosphere Reserve) အဖြစ် UNESCO က အတည်ပြုသတ်မှတ်

(၂၇)ကြိမ်မြောက်ကုလသမဂ္ဂပညာရေး လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ (UNESCO)၏ လူသားနှင့်ဇီဝအဝန်းနယ်မြေ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကောင်စီအစည်းအဝေး (27th Session of the International Coordinating Council (ICC) of the Man and the Biosphere (MAB) Programme) ကို ၂၀၁၅ ခုနှစ်၊ ဇွန်လ (၈)ရက်နေ့မှ (၁၂)ရက်နေ့အထိ ပြင်သစ်နိုင်ငံ၊ ပါရီမြို့ယူနက်စကိုရုံးချုပ်၌ ကျင်းပခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့မှ တက်ရောက်ဆွေးနွေးခဲ့ပါသည်။

အဆိုပါ အစည်းအဝေး ဒုတိယနေ့ဖြစ်သော ၂၀၁၅ ခုနှစ်၊ ဇွန်လ(၉)ရက်နေ့တွင် မြန်မာနိုင်ငံ၏ ပထမဆုံးဇီဝအဝန်းနယ်မြေအဖြစ် ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ် အင်းလေးကန်ဒေသကို အဆိုတင်သွင်းထားရှိမှုအား ကောင်စီအဖွဲ့ဝင် (၃၄)နိုင်ငံတို့မှ တညီတညွတ်တည်း သဘောတူအတည်ပြုသတ်မှတ်ခဲ့သည်။ ယခုနှစ်တွင် UNESCO အဖွဲ့ဝင်နိုင်ငံပေါင်း(၁၉)နိုင်ငံတို့မှ နေရာဒေသ(၂၆)ခုကို ဇီဝအဝန်းနယ်မြေအဖြစ် အဆိုပြု တင်သွင်းခဲ့ကြပြီး အစည်းအဝေး၌ စုစုပေါင်းနယ်မြေ(၂၀)ခုကိုသာ အတည်ပြုသတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ်အထိ ကမ္ဘာတစ်ဝှမ်း၌ လူသားနှင့် ဇီဝအဝန်းနယ်မြေပေါင်း (၆၃၁)ခုရှိခဲ့ရာ ယခုဆိုလျှင် (၆၅၁)ခုထိ တိုးမြှင့်သတ်မှတ်နိုင်ခဲ့ပြီဖြစ်သည်။

စာမျက်နှာ- ၁၄ သို့ ➤